

www.burmeseclassic.com
BURMESE CLASSIC .com
အသင်
ည၏ရစ်ပတ်နှောင်ဖွဲ့တတ်သော
L လင်
www.burmeseclassic.com

www.burmeseclassic.com


# အသင်

ညဈ၏ ရစ်ပတ်နှောင်ဖွဲ့တတ်သော

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၁၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၁)စေတနာ Offset

အမှတ်(၃၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

ညဈ၏ ရစ်ပတ်နှောင်ဖွဲ့တတ်သော အသင် ရန်ကုန်၊

[illegible] ၂၀၁၂

[illegible]

၁။ ညဈ၏ ရစ်ပတ်နှောင်ဖွဲ့တတ်သော


www.burmeseclassic.com

www.burmeseclassic.com

# အသင်


ညာ၏
ရစ်ပတ်နှောင်ဖွဲ့တတ်သော

စိစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## အပိုင်း(၁)

အမုန်းမီးပွားတစ်စ,
လွင့်ခဲ့ကျတဲ့အခါ
လောင်စာတွေ သိုမှီထားတဲ့
နှလုံးသားနှစ်ခုလည်း
တမျိုးမျိုး တချိန်ချိန်နဲ့
လောင်ကျွမ်းတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ၁

ကျောင်းဆင်းချိန်မှ မိုးက တဖွဲဖွဲနှင့် ရွာချလာသည်။ ဆောင်းညသည် ကျောပိုးအိတ်ထဲမှ မိုးကာအင်္ကျီကို အဆင်သင့် ထုတ်ထားလိုက်သည်။ ကျောင်းပေါက်ဝအထိ အိမ်ကကား လာကြိုမည်ဖြစ်၍ မသကာ မိုးကာဝတ်ရလည်း ခဏပေါ့။



ဆောင်းညသည် မိုးကာအင်္ကျီကို ဝတ်လိုက်ရင်း တရွေ့ရွေ့နှင့် ကျောင်းဂိတ်တံခါးဆီ လျှောက်လှမ်းသွားသည်။ ကျောင်ဂိတ်တံခါးအပြင်ရောက်တော့ အိမ်ကကားမရောက်သေး၊ မိုးက အတန်ငယ် စဲစပြုလာပါသည်။ သို့သော် ဆောင်းညကတော့ မိုးကာကို ဝတ်ထားဆဲ။ သူက မိုးနည်းနည်းမှမိလို့မရ၊ မိုးမိတာနှင့် ဖျားတတ်သည်။ အနည်းဆုံးတော့ နှာစေး၊ ချောင်းဆိုးဖြစ်စမြဲ။

"မိုး ... ဟိုမှာ ဆောင်းည"

သူမလက်ကို အသာတို့ပြီးပြလိုက်တဲ့ သူငယ်ချင်း မြတ်နိုးရဲ့စကားကြောင့် ကျောင်းအပြင်ဘက် တစ်နေရာမှာ တစ်ယောက်တည်း မိုးကာအင်္ကျီတကားကားနဲ့ မတ်တတ်ရပ်နေသော ဆောင်းညကို တွေ့လိုက်တာမို့ မိုးသဒ္ဒါ နှုတ်ခမ်းအသာတွန့်ပြီး ပြုံးလိုက်သည်။

ဆောင်းညဆိုတာ ကျောင်းရဲ့စံပြကျောင်းသားတစ်ယောက်ပေါ့။ အပြောအဆို အနေအထိုင်ကအစ စည်းစနစ်ကျပြီး အေးဆေးတည်ငြိမ်လွန်းသည်။ စာတော်တာတော့ ပြောမနေပါနှင့် အတန်းတိုင်း ပထမနေရာမှ မဆင်းပါ။ မိန်းကလေးတိုင်း စိတ်ကူးယဉ်ချင်စရာ ဆွဲဆောင်မှုလည်း အပြည့်ရှိသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးဖြစ်ပြီးတော့ နလိုက်တာလည်း လွန်ပါရော၊ မိုးတစ်စက် နှစ်စက်ကျတာတောင် မခံနိုင်တာ အံ့ဩစရာပဲ"

သူ့ဘေးနားမှကပ်ပြီး ပြောသွားသော အသံကြောင့် ဆောင်းည လှည့်ကြည့်မိသည်။ ထီးမပါဘဲ ဆံပင်ဖားလျားချထားသော ကောင်မလေးတစ်ယောက်၏ နောက်ကျောကိုသာ တွေ့လိုက်ရသည်။ ကျောင်းမှာ ဘယ်သူ့ကိုမှ ဆံပင်ဖားလျားချခွင့်မပေးပါ။ ဒီကောင်မလေး အပြင်ရောက်မှ ခေါင်းစည်းထားတာကို ဖြုတ်ထားပုံပေါ်သည်။ မိုးက တစ်စက် နှစ်စက်မကပါ ဖွဲဖွဲလေးရွာနေသည် ပဲ။

ဆောင်းည သူမဆီမှအကြည့်ကိုလွှဲဖယ်ကာ အိမ်ကကားအလာကို စောင့်မျှော်နေမိသည်။ ခပ်ဝေးဝေးက ကားတစ်စီးလာနေတာကို တွေ့ရသည်။ အဖြူရောင် wagon ကားလေးကို တွေ့တော့ သူ ပျော်သွားသည်။

"ဆောရီးပဲ ဆောင်း၊ မာမီ နောက်ကျသွားတယ်"

မာမီက ကားတံခါးဖွင့်ပေးလိုက်ရင်း ကရုဏာအပြုံးလေးနှင့်ဆိုသည်။

"စောင့်နေတာ သိပ်မကြာသေးပါဘူး မာမီ"



ဝ

စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ

# အသင်

မိုးပြောတဲ့ နှင်းဆီပုံပြင်



www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ စင်တင်ကလောင်သစ်
စာရေးဆရာမ
အသင်
ကောင်းကင်ဘုံ သို့ တမ်းချင်းတစ်ပုဒ်






ဆောင်းညက မာမီဖွင့်ပေးသော ကားတံခါးမှကားထဲ ဝင်ထိုင်လိုက်သည်။

"မိုးမိသွားသေးလား ဆောင်း"

မိုးကာအင်္ကျီကိုချွတ်လို့ သူ ခေါင်းခါပြလိုက်သည်။

"အရုပ်လေး ပြန်လာတော့မယ်တဲ့ ဆောင်း၊ ဟိုမှာနေရတာ အဆင်မပြေဘူးတဲ့"

မာမီ့စကားကြောင့် သူ ထ,ခုန်မတတ် ဝမ်းသာသွားသည်။

"တကယ်ပြောတာလား မာမီ၊ သူ ဟိုတစ်ခါ ဖုန်းဆက်တုန်းကတော့ အဆင်မပြေဘူးပဲ ပြောတယ်၊ ပြန်လာတော့မယ်လို့ မပြောပါဘူး"

"သူ့အဖေ မာမီ့ကို ဖုန်းလှမ်းဆက်ပြီး ပြောတာလေ၊ သူလည်း ဟိုမှာအလုပ်လုပ်ရတာ စိတ်မဖြောင့်ဘူး ဖြစ်နေတယ်တဲ့၊ မသိမ့်အမျိုးတွေဘက်လည်း အရုပ်လေးကို မထားချင်ဘူးတဲ့၊ သူ့အမျိုးတွေ ကျပြန်တော့လည်း အားလုံး နယ်မှာချည်းပဲဆိုတော့ နောက်ဆုံး မာမီတို့ကို အကူအညီတောင်းရတော့တာပေါ့၊ ဟိုဘော်ဒါမှာသွင်းထားတဲ့ ပိုက်ဆံတော့ အဆုံးပေါ့ ဆောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ သားတို့အိမ်မှာပဲ နေရမှာပေါ့နော် မာမီ"

"ဟုတ်တာပေါ့ သား၊ သူ့အဖေပြန်လာဖို့က သုံးနှစ်လောက် ကြာဦးမှာလေ၊ အရုပ်လေး သနားပါတယ်"

သူ မေမေ့စကားကို အပြည့်အဝ ထောက်ခံသည်။ ဦးဦးဝေနှင့် ဒယ်ဒီက အချစ်ဆုံးသူငယ်ချင်းများ ဖြစ်ကြပြီး တစ်ယောက်အိမ်တစ်ယောက် အဝင်အထွက်ရှိကြတာမို့ အရုပ်လေးနှင့် သူ ငယ်ငယ်လေးတည်းက ရင်းနှီးကြသည်။

သူ့အဖေနှင့်အမေ ကွဲတော့ အရုပ်လေးက ရှစ်တန်းရောက်နေပြီ။ ဦးဦးဝေလည်း အလုပ်တစ်ဖက်၊ သမီးတစ်ဖက်နှင့် ကသီလင်တနိုင်ရှာပါသည်။

အန်တီသိမ့်က အရုပ်လေးကို တောင်းသော်လည်း ဦးဦးဝေက လုံးဝမထည့်ခဲ့။

ဒီလိုနှင့် အရုပ်လေးအတွက် သူတို့အိမ်သည် စားအိမ်သောက်အိမ် ဖြစ်လာခဲ့သည်။ ဦးဦးဝေ နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ စီစဉ်ထားတာ အရုပ်လေး ဆယ်တန်းနှစ်မှာ အကောင်အထည်ပေါ်ခဲ့ပြီး အရုပ်လေးကို ပြင်ဦးလွင်တွင် camp သွင်းထားခဲ့ဖို့ ဆုံးဖြတ်ခဲ့သည်လေ။





အရုပ်လေး၏ နာမည်အရင်းမှာ မေသဲအိမ် ဖြစ်သည်။ မျက်လုံးဝိုင်းဝိုင်း မျက်တောင်ကော့ကော့၊ နှာတံချွန်ချွန်လေးနှင့် ချစ်စရာနှုတ်ခမ်းပိုင်ရှင် မေသဲအိမ်သည် အရုပ်မလေးနှင့်တူသောကြောင့် အားလုံးက သူမကို "အရုပ်လေး"ဟု ချစ်စနိုးနှင့် ခေါ်ကြပါသည်။

"ကျောင်းကရော မရမ်းကုန်းကျောင်းမှာပဲ ပြန်ထားမှာလား မာမီ"

"ဟင့်အင်း … သားတို့ကျောင်းမှာပဲ ပြောင်းထားတော့မယ်။ ဟိုပို့ ဒီပို့နဲ့ အလုပ်ရှုပ်မှာပေါ့၊ ဆောင်းနဲ့အတူတူဆို စိတ်လည်းချရတယ်လေ"

ဆောင်းညသည် ဝမ်းသာအားရ ပြုံးလိုက်သည်။ အရုပ်လေးကို သူချစ်သည်။ ညီမလေးတစ်ယောက်လိုရော သူငယ်ချင်းတစ်ယောက်လိုပါ သူ ချစ်သည်။ အရုပ်လေး သူတို့ကျောင်းကို ပြောင်းလာလျှင် နာမည်ကြီးစာရင်းဝင်မှာ သေချာပါသည်။ အရုပ်လေးက သိပ်လှတယ် မဟုတ်လား။

○❤○



www.burmeseclassic.com

www.burmeseclassic.com



E ခန်းက မိုးသဒ္ဒါ ဆိုသည်မှာ နာမည်ကြီးတစ်ယောက်ဖြစ်သည်။ စာတော်လို့လားဆိုတော့ မဟုတ်ပါ။ အရမ်းကာရော ချောမောလှပနေတာလားဆိုလည်း မဟုတ်ပြန်ပါ။ သူမသည် ကဗျာတွေ၊ စာတွေ အရေးကောင်းသောကြောင့် ထင်ပေါ်ကျော်ကြားနေခြင်းဖြစ်သည်။

ကျောင်းက ကောင်မလေးတွေကို ရည်းစားစာပေးသော စာသားများသည် မိုးသဒ္ဒါဆီမှ ရလာသော စာသားများနှင့် လွတ်ကင်းသည်ဟူ၍ မရှိပါလေ။





လမ်းလျှောက်လျှင် ခပ်မတ်မတ်လျှောက်တတ်ပြီး ကျောလယ်အထိ ဆံပင်ရှည်ရှည်နက်နက်စင်းစင်းလေးတွေနှင့် သွယ်လျပိန်ပါးကာ တောက်ပသော မျက်ဝန်းပိုင်ရှင် မိုးသဒ္ဒါသည် သာမန်မိန်းကလေးတွေကြားထဲ တမူထူးခြားတာတော့ အမှန်ပင်။ ယောကျ်ားလေးတွေကို ရက်စွဲ့ကြောက်ရှိန်ခြင်း ကင်းမဲ့စွာပြောဆိုဆက်ဆံတတ်ပြီး သူမကို မရိုးမသားစိတ်ထားသော ကောင်လေးများကိုလည်း လှပစွာ ရှောင်တိမ်းတတ်ပြီး ပညာပေးဖို့လည်း ဝန်မလေးတတ်သူဖြစ်သည်။

"မိုး ... ကျောင်းပြောင်းတွေထားတဲ့ I ခန်းထဲကို 'မေသဲအိမ်' ဆိုတဲ့ ကောင်မလေးတစ်ယောက် ပြောင်းလာတယ်၊ အရမ်းလှတာပဲ၊ ဘာမှမပြင်မဆင်ထားဘဲ လှနေတာ၊ နင်တော့ သူ့အတွက် ရည်းစားစာရေးပေးဖို့ အဆင်သင့်ပြင်ထားပေတော့"

"ငါမြင်ဖူးပါတယ်၊ တော်တော်လေးကို လှတာပါ၊ မနေ့က တောင် ဖော်လင်းနဲ့ နိုင်သူက ငါ့ကို အကူအညီလာတောင်းသေးတယ်"

"ထုံးစံအတိုင်း ကတိတောင်းပြီး ရေးပေးလိုက်ရောသား"



www.burmeseclassic.com

www.burmeseclassic.com



"ချင့်ချိန်နေတာဟာ၊ ဘယ်လိုပဲ ကတိတောင်းတောင်း ငါ့ အကူအညီနဲ့ မကင်းဘူးဆိုတာ အားလုံးသိကြတာပဲ၊ မိန်းကလေးတော်တော်များများလည်း ငါ့ကို မျက်မုန်းကျိုးလှပြီ"

"ဘာဆိုင်လဲဟာ သူတို့ကြိုက်မှ ဖြစ်တာပဲဟာ၊ နင်က နင့်ရဲ့အရေးအသားကို တိုးတက်အောင် လေ့ကျင့်တယ်လို့ သဘောထားတယ်၊ ဘာရယ်ညာရယ် စိတ်ထဲမှာမရှိတာ ငါသိပါတယ်"

"နင်သိတာက အရေးမကြီးဘူး၊ တခြားသူတွေကတော့ အဲဒီလို ထင်ကြတာ မဟုတ်ဘူးလေ"

"ငါ ပြောရဦးမယ်၊ အဲဒီတစ်ယောက်က ဆောင်းညနဲ့ပတ်သက်နေတယ်၊ ဆောင်းညနဲ့အတူ ကျောင်းလာတယ်၊ ကျောင်းပြန်တယ်"

"ဟုတ်တယ်"

မိုးသဒ္ဒါသည် အံ့အားသင့်ဟန်ဖြင့် မြတ်နိုးကိုမေးလိုက်သည်။ သူတို့ မောင်နှမတော့ မဖြစ်နိုင်ပါ။ တူမှမတူကြပဲ။ ပြီးတော့ တကယ့်မောင်နှမသာဆို အတန်းချင်းတူပါ့မလား။





ဘာလို့ ကျောင်းစ,တက်ကတည်းက အတူမတက်ကြတာလည်း မိုးသဒ္ဒါ စဉ်းစားခန်း ဝင်နေပါသည်။

"ယူပါ မေသဲအိမ်"

"မယူပါဘူးလို့ ဘယ်နှခါပြောရမလဲ၊ နင် တရားလွန်လာပြီနော်၊ ငါ ဆရာမနဲ့ တိုင်ပြောလိုက်မယ်"

ဆောင်းညသည် I ခန်းအပြင်ဘက်မှ လှမ်းကြည့်လိုက်စဉ်တွင် မေသဲအိမ်နှင့် ကောင်လေးတစ်ယောက် စကားပြောနေသည်ကိုတွေ့တော့ မျက်မှောင်ကြုတ်လိုက်မိသည်။ ဟိုကောင်ရဲ့ လက်ထဲမှာ စာအိတ်ပန်းရောင်လေးတစ်ခုကို မြင်ငနေရသည်။ အရုပ်ကလေးက ခေါင်းတခါခါ၊ လည်တခါခါနှင့် ငြင်းဆန်နေသည်။ ဟိုကောင်က အလျှော့မပေးဘဲ ဇွတ်အတင်းပေးနေတာမို့ ဒေါသစိတ်တွေ ကြွတက်လာပြီး အခန်းထဲသို့ သူ ဝင်လာခဲ့သည်။

"အရုပ်လေး ဘာဖြစ်နေတာလဲ"

"ဆောင်း ... သူ ငါ့ကို အတင်းပေးစားတယ်၊ မယူဘူးလို့ ပြောလို့လည်း မရဘူး"

"သူ မယူဘူးလို့ပြောတာ မင်း ကြားတယ်နော်၊ မင်းစာ မင်း ပြန်ယူသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ၊ မင်းအမိန့်ကိုနာခံဖို့ ဒီကိုလာခဲ့တာမဟုတ်ဘူး၊ မေသဲအိမ် ... ဒီစာလေးကို ဖတ်ပေးရင်ပဲ ကျေနပ်ပါပြီ"

နိုင်သူသည် ပြောပြီးသည်နှင့် စာအိတ်ကို မေသဲအိမ်ရှေ့က စားပွဲခုံပေါ်တင်ထားပြီး ထွက်သွားတော့ ဆောင်းညက စာအိတ်ကို ဒေါသတကြီးယူလိုက်ပြီး ဖြဲပစ်မယ်တကဲကဲ လုပ်နေ၍ မေသဲအိမ်က လှမ်း၍တားလိုက်သည်။

"မဖြဲနဲ့ ဆောင်း၊ ဒီစာကို အတန်းပိုင်ဆရာမကိုပြပြီး တိုင်ရမယ်။ ဒါမှ နောက် ဘယ်သူမှ ငါ့ကို အနှောင့်အယှက် မပေးမှာ"

"ဟင့်အင်း အရှပ်လေး၊ အလုပ်ရှုပ်မခံနဲ့"

ဆောင်းညက စာကိုဖြဲမည် ထပ်လုပ်နေသဖြင့် မေသဲအိမ်က ဆောင်းညလက်ထဲမှစာကို ဖျတ်ခနဲ ဆွဲလုလိုက်လေသည်။

"ခဲတစ်လုံးနဲ့ စာနှစ်ကြောင်းကို အမိအရပစ်ရမယ် ဆောင်း၊ ဒီစာရဲ့နောက်ကွယ်မှာ အဓိကတရားခံတစ်ယောက်ရှိတယ်၊ မိန်းကလေးဖြစ်ပြီးတော့ ယောက်ျားလေးတွေကို အားပေးအားမြှောက် လုပ်နေတာတွေ နားထဲမှာ မဆံ့အောင်ကြား





ရတယ်။ အဲဒီမိန်းမကိုလည်း နောင်ကြဉ်သွားအောင် လုပ်ရမယ်"

ဆောင်းညတော့ အရှပ်လေးပြောတာတွေ တစ်လုံးမှ နားမလည်ပါ။ မေသဲအိမ်သည် စာအိတ်ထဲမှ စာရွက်ကိုထုတ်ပြီး ဖတ်လိုက်သည်။ ပြီးတော့ မျက်နှာကိုအသာမဲ့ကာ ဆောင်းညကို ကမ်းပေးလိုက်သည်။ မုန့်စားဆင်းချိန်မို့ အခန်းထဲတွင် လူသိပ်မရှိပါ။ မေသဲအိမ်သည် သူမ၏သူငယ်ချင်းသစ်များ သတင်းပေးသော မိုးသဒ္ဒါဆိုသော မိန်းမတစ်ယောက်အကြောင်း တွေးနေမိသည်။ သူမက ဘယ်လိုမိန်းမမျိုးပါလဲ။

မေသဲအိမ်သို့ နှလုံးသွေးနဲ့ရေးတဲ့ ချစ်ကဗျာ ...

"သိမ်မွေ့နုဝင်း
ရွှေအဆင်းနှင့်
တင့်တယ်လင်းပ
မေ့အလှကို
တွေ့ရခဏ
ချိန်သာမယမှာ
ရင်ထဲထိရှ



www.burmeseclassic.com

www.burmeseclassic.com



မေ့မရဘူး

ည,ညဆိုရင်

လွမ်းမောချင်၍

အိပ်စက်မပျော်

တမ်းတမိုသည်

သခင်ကြည့်လှည့်

ရင်ထဲအချစ်တွေ

မြင်စေ့ချင်သည်။

နိုင်သူ"

ဆောင်းညသည် ပါးစပ်မှ ဖွင့်မပြောသော်လည်း ကဗျာလေးက ပကတိရိုးသားစွာ ဖွင့်ဟထားသော ချစ်ကဗျာလေး ဖြစ်နေတာကို တွေ့ရသဖြင့် ဒေါသအနည်းငယ် ပြေလျော့သွားပါသည်။

"အဲဒီကဗျာ ဘယ်သူရေးတယ်လို့ ဆောင်းထင်လဲ"

"နိုင်သူလို့တော့ ရေးထားတာပဲ"

"မဟုတ်ဘူး၊ ရေးတဲ့သူက မိုးသဒ္ဒါတဲ့၊ သတင်းပေးတဲ့သူက အတိအကျ ပေးပြီးသား"





ထိုအချိန်တွင် မုန့်စားကျောင်းပြန်တက်သည့် ဘဲလ်သံ မြည်လာတာမို့ ဆောင်းည အရုပ်လေး အခန်းက ပြန်ထွက်လာခဲ့သည်။ မိုးသဒ္ဒါ ဆိုတာ သူတို့ကျောင်းရဲ့ဂုဏ်ထူးဆောင် တစ်ယောက်ပင်။

သူမရေးတဲ့ ကဗျာလေးက ချစ်စရာကောင်းသည် ဟုတော့ သူ ခံစားမိသည်။

အရုပ်လေးက အဲဒီစာကို ဆရာမကိုသွားတိုင်ဖို့ အစီအစဉ်ရှိသည်။ ဒါက သူမကိုယ်ပိုင်လွတ်လပ်ခွင့်မို့လို့ သူ ဝင်မပါချင်ပါ။ သို့သော် ကဗျာလေးတွေ ဖန်တီးသော မိုးသဒ္ဒါကိုတော့ စိတ်မညစ်စေချင်ပါ။

"မိုးသဒ္ဒါနဲ့ နိုင်သူ၊ ဆရာမနောက် ခဏလိုက်ခဲ့"

အတန်းပိုင်ဆရာမက သူမအချိန်ပြီးတာနဲ့ လှမ်းပြောလိုက်တာမို့ မိုးသဒ္ဒါသည် နိုင်သူ့ကို ဒေါသဖြင့် လှမ်းကြည့်လိုက်သည်။ သေချာပါသည်။ ဒါ မေသဲအိမ်ကိုပေးသည့် ရည်းစားစာကြောင့်ဆိုတာ။ နိုင်သူက သူမအကြည့်ကို ပေါက်သည်ထင့် ခေါင်းခါပြသည်။ သူ ပြောချင်တာက သူ ဒီကိစ္စ ဘယ်သူ့ကိုမှ မပြောပါဘူးဆိုသည့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါသည် သက်ပြင်းသဲ့သဲ့ချကာ အတန်းပိုင်ဆရာမနောက် ထ,လိုက်သွားသည်။ သူမနောက်မှာတော့ နိုင်သူ။ ဆရာမ၏ခြေလှမ်းတွေက ဆရာမကြီးရုံးခန်းဆီသို့ ဦးတည်နေသည်။ ရုံးခန်းထဲရောက်တော့ မေသဲအိမ်ကို နှစ်ယောက်သားတွေ့လိုက်ရသည်။

"မိုးသဒ္ဒါ ... ဒီစာကိုရေးတယ်ဆိုတာ ဟုတ်သလား"

ကျောင်းအုပ်ဆရာမကြီးက သူမရှေ့တွင်ထိုင်နေသော ကျောင်းသူနှစ်ယောက်နှင့် ကျောင်းသားတစ်ယောက်တို့ကို တစ်ချက်စေ့ဝဲကြည့်ပြီး မိုးသဒ္ဒါကို မေးလိုက်သည်။

"ကျွန်တော် ရေးတာပါ ဆရာမကြီး"

နိုင်သူက ကပျာကယာ ဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ် ဆရာမကြီး၊ ကျွန်မ ရေးတာပါ"

မိုးသဒ္ဒါသည် မထူးတော့ပြီမို့ သက်ပြင်းချကာ ဝန်ခံလိုက်သည်။

"ဘာဖြစ်လို့ ရေးပေးတာလဲ မိုးသဒ္ဒါ၊ ဒီကိစ္စတွေ ငါကြားနေရတာများပြီ၊ မသိချင်ယောင် ဆောင်ထားတာလည်း အကြိမ်ကြိမ်ရှိနေပြီ၊ မင်းက ကျောင်းမှာ နှစ်စဉ်စာစီစာကုံး

ပြိုင်ပွဲတိုင်း ဆုရထားတဲ့ ကျောင်းရဲ့ဂုဏ်ထူးဆောင်ဖြစ်နေပြီး ဒီလိုကိစ္စတွေ လုပ်တယ်ဆိုတာ ကိုယ့်နာမည် ကိုယ်ဖျက်နေတာနဲ့ တူမနေဘူးလား"

မိုးသဒ္ဒါ ခေါင်းငုံ့ထားလိုက်သည်။ သူမမှာ ချေပစရာစကား မရှိပါ။ အရေးအသား တိုးတက်အောင်လို့ ဆင်ခြေပေးလျှင် ပိုဆိုးသွားနိုင်သည်။

"ငါ နောက်ထပ် ဒီလို တိုင်သံတောသံတွေ ထပ်မကြားချင်တော့ဘူး မိုးသဒ္ဒါ၊ ဒီနှစ် ဆယ်တန်း အရေးကြီးတယ်။ မြန်မာစာတစ်ခုတည်း တော်နေလို့မရဘူး၊ အားလုံးဘာသာစုံတော်နေရမယ်၊ စာထဲကိုပဲ အာရုံစိုက်ကြားလား၊ ပြီးတော့ မောင်နိုင်သူ ... ဒီကိစ္စကို ခေါင်းထဲက ခဏလောက်ဖယ်ထား၊ ဒါမှ မင်း တိုးတက်မှာ"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

နိုင်သူနှင့် မိုးသဒ္ဒါ ဆရာမကြီး ဆုံးမစကားကို နာခံရိုကျိုးစွာ ပြောလိုက်ကြသည်။ မေသဲအိမ် မျက်နှာကတော့ ပြုံးပန်းတွေ ဝေနေသည်။ ကျောင်းက နာမည်ကြီး မိုးသဒ္ဒါဆိုသည့် မိန်းမကို ရုံးခန်းထဲရောက်အောင် တိုင်နိုင်ခဲ့လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါသည် ဘာစကားတစ်ခွန်းမှ ဝင်မပြောဘဲ သူ့မ အဆူခံရသည်ကို အရသာခံပြီး တစိမ့်စိမ့်ကြည့်နေသော မေသဲအိမ်ကို အလွန်တူးတူးခါးခါးကို မုန်းမိပါသည်။ အမှန်မှာဆို ဒီကိစ္စဟာ ဘယ်လောက်မှ ကြီးကျယ်သည့်ကိစ္စ မဟုတ်သဖြင့် အတန်းပိုင်ဆရာမလောက်နှင့်သာ ပြီးရမည့်ကိစ္စ ဖြစ်သော်လည်း ဒီရုံးခန်းထဲရောက်အောင် သူ ဘယ်လိုများတိုင်လိုက်သည်မသိသဖြင့် ဒေါပွနေပါသည်။

"မိုးသဒ္ဒါက သတ္တိကောင်းသားပဲ၊ မရေးပါဘူးလို့ ငြင်းလို့ရနေတဲ့ဟာကို"

ရုံးခန်းမှ အပြန်လမ်းတွင် မေသဲအိမ်က သူ့မနောက်မှ လျှောက်လာရင်းက ပြောသဖြင့် မိုးသဒ္ဒါ သူ့ဘက်သို့လှည့်လိုက်ကာ ...

"ငါ့မျက်နှာကို နင် သေချာကြည့်စမ်း၊ သတ္တိကြောင်တဲ့ရုပ်များ ထွက်နေလို့လား၊ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပြဿနာမတက်,တက်အောင် လုပ်တတ်တဲ့ ရုပ်မျိုးနဲ့တူနေလို့လား"

"နင် ဘာစကားပြောတာလဲ မိုးသဒ္ဒါ၊ နင် ငါ့ကိုစောင်းပြောတာလား"





"ဟင့်အင်း ... နင့်ရှေ့မှာ ငါတည့်တည့်ရပ်ပြီး နင့်ကိုတည့်တည့်ပြောတာလေ၊ အဲဒီကဗျာ နင့်ကို ဘယ်လောက်တောင် ထိခိုက်သွားလို့ ရုံးခန်းထဲအထိ တက်တိုင်ရတာလဲ"

"ဒါ ငါ့ရဲ့အခွင့်အရေးပဲလေ မိုးသဒ္ဒါ၊ နင်သာ မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးတွေကို ကူညီအားပေးနေတာ၊ နင့်ကို အမြင်ကတ်လို့၊ နင့်လုပ်ရပ်ကို ကြည့်မရလို့ ရုံးခန်းထဲအထိ တက်တိုင်တယ်ဟာ၊ ဘာဖြစ်လဲ"

ရုပ်လေးနှင့်မလိုက်အောင် စွာတေးလန်နေသော မေသဲအိမ်ကို မိုးသဒ္ဒါ စိတ်ရှိလက်ရှိ ပါးဆွဲရိုက်ပစ်လိုက်ချင်ပါသည်။ သို့သော် ပြဿနာဖြစ်လျှင် သူ့မအမှားဟု လက်ညှိုးထိုးကြမည်မှာ မလွဲသဖြင့် မိုးသဒ္ဒါသည် သူ့မစိတ်ကို မနည်းချိုးနှိမ်လိုက်ပါသည်။

နိုင်သူက ရှေ့မှာရောက်နေသဖြင့် မိုးသဒ္ဒါကို ရပ်စောင့်နေသည်။ မိုးသဒ္ဒါနှင့် မေသဲအိမ်တို့ စကားများနေကြသည်ကိုလည်း လှမ်းတွေ့နေရသည်။ ဘာပဲဖြစ်ဖြစ် သူ မိုးသဒ္ဒါကို အားနာနေရသလို မေသဲအိမ်လို နူးညံ့သိမ်မွေ့လှပသော မိန်းကလေးရဲ့ အဆိပ်ပြင်းမှုကိုလည်း လက်တွေ့သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာက ကိုယ့်ပြဿနာ ကိုယ်ရှင်းကြသည်က များသည်။ ရည်းစားစာပေးလျှင် ကြိုက်ရင်ယူသည်။ လှောင်ချင်၍လည်းယူသည်။ ပြန်ကြိုက်ချင်မှ ပြန်ကြိုက်မည်။ မကြိုက်ရင်လည်း ဆွဲဖြဲပစ်တတ်သည်။ ဘယ်သူမှ တခုတ်တရနှင့် တိုင်တယ် တောတယ်မရှိသလောက်ပင်။ သို့သော် မိုးသဒ္ဒါကို ကြည့်မရကြသည့် မိန်းကလေးများတော့ ကျောင်းတွင် ရှိနေကြသည်။ ထိပ်ဆုံးမှလူသည် မေသဲအိမ်ပင် ဖြစ်မည်ထင်သည်။

○❤○



စိစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ စင်တင်ကလောင်သစ်

စာရေးဆရာမ

# အသင်

ပန်းနုရောင် သင်္ကေတလေးရဲ့ အနားသတ်မှာ



ထုတ်ဝေသည်

www.burmeseclassic.com

www.burmeseclassic.com






၂

ကျောင်းဆင်းပြီဆို ဆောင်းညက အပေါ်ထပ်မှဆင်း၍ အရုပ်လေးရှိရာ (I)ခန်းသို့သွားကာ အရုပ်လေးကိုဝင်ခေါ်ပြီး ပြန်နေကျဖြစ်သည်။ ဒီနေ့လည်း ထုံးစံအတိုင်း သူ အပေါ်ထပ်က ဆင်းလာခဲ့သည်။ မနေ့ကတည်းက လူက သိပ်နေမကောင်းချင်သဖြင့် ဂျာကင်အင်္ကျီတစ်ထည်ကို ဝတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာသော ကောင်မလေးနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုနှစ်ယောက်ထဲမှ ကောင်မလေးတစ်ယောက်၏ အကြည့်က စူးရဲလွန်းပြီး သူမ မျက်ဝန်းထဲတွင် သူ့ကို မုန်းတီးရိပ်တွေ ထင်နေတာကြောင့် သူ အံ့ဩသွားသည်။

သူမကို သူ မြင်ဖူးသလိုလို ခံစားမိသည်။

"ဆရာဝန်ဖြစ်မှပဲ ရတော့မယ်၊ သူ့ကိုယ်သူ ဆေးပြန်ကုလို့ ရအောင်ပေါ့၊ ကြည့်ရတာ ချူချာမယ့်ပုံပဲ"

သူ အဲဒီကောင်မလေးနှစ်ယောက်ကို ကျော်သွားတော့ ကောင်မလေးတစ်ယောက်ရဲ့အသံက လွင့်ပျံ့လာသည်။ ဒီအသံကို သူ ရုတ်တရက် မှတ်မိလိုက်သည်။ ဒါဟိုတစ်ခါ သူ ကျောင်းရှေ့မှာ ကားစောင့်နေတုန်း သူ့ကိုစောင်းပြောသွားတဲ့ အသံပဲ။ သူမပြောသည့် စကားထဲတွင် သူ့နာမည်မပါတာကြောင့် သူ့ကို ပြောမှန်း သိသိနှင့် အခံရခက်လို့နေပါသည်။ သူမနှင့်သူ ဘာရန်ငြိုးမှ ရှိမည်မထင်ပါ။

"ဆောင်း ... မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်နေတာလဲ"





"ငါမပြောဘူးလို့ နေမလို့ပဲ အရုပ်လေး၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ထူးဆန်းနေတယ်၊ ကောင်မလေးတစ်ယောက်က ငါ့ကိုတွေ့တိုင်း မကြားတကြား ပြောပြောသွားတယ်၊ နာမည်တပ်ပြောတာ မဟုတ်တော့ ပြန်ပြောဖို့ကလည်း အခက်ပဲ"

"နင့်ကို စိတ်ဝင်စားလို့ ဖြစ်မှာပေါ့ ဆောင်းရဲ့၊ နင်က ချောတာကိုး"

"မဟုတ်ဘူး၊ သူ ငါ့ကိုကြည့်တဲ့အကြည့်ကိုက မုန်းနေတဲ့ပုံမျိုးဟ"

"ထားလိုက်ပါဟာ၊ ဒါနဲ့ နင် ပြက္ခဒိန်ဝယ်တယ် မဟုတ်လား"

"အေး ... ဝယ်တယ်လေ၊ နင်ရော"

"ငါလည်း ဝယ်တယ်"

အရုပ်လေးက သူမလက်ထဲမှ ပြက္ခဒိန်လိပ်ကို ထောင်ပြလိုက်ကာ ...

"ဒီထဲမှာ နင့်ပုံပါလို့လေ"

ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း ငါမျက်နှာ မြင်နေရတာပဲကို အရုပ်လေးက လည်း"

သူ အရုပ်လေး ခေါင်းလေးကို ချစ်စနိုးဖြင့် ပုတ်ကာ ပြောလိုက်သည်။ အရုပ်လေး အိမ်ကိုရောက်လာတော့မှ သူ့ဘဝက ပြည့်စုံလာသည်ဟုထင်သည်။ မမက မနှစ်က အိမ်ထောင်ကျသွား ပြီး အိမ်ခွဲနေကြတာမို့ အခု သူက အိမ်မှာတစ်ယောက်တည်း ငေါင်စင်းစင်းလေး ကျန်ခဲ့သည် မဟုတ်လား။

အိမ်ရောက်တော့ ပြက္ခဒိန်ကို သူ့စာကြည့်ခန်းမှာ ချိတ်ထားလိုက်သည်။ ကျောင်းပြက္ခဒိန်ထဲတွင် 1 to 10 ရသော ကျောင်းသားများပုံ ဖော်ပြထားတာမို့ ကျောင်းကထုတ်သည့်ပြက္ခဒိန် တိုင်းတွင် သူက အမြဲပါဝင်သည်လေ။ ပြက္ခဒိန်စာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှန်လှောကြည့်နေတုန်း ကောင်မလေးတစ် ယောက်၏ပုံဆီသို့ အကြည့်အရောက်တွင် လှန်နေသော သူ့လက် တို့ ရပ်တန့်သွားသည်။

"မမိုးသဒ္ဒါ၊ စာစီစာကုံးမြို့နယ်အဆင့်(ပထမဆု)"

ဆိုသော စာတန်းလေးအပေါ်ဘက်တွင် မရယ်မပြုံး တည်တည်တင်းတင်း မျက်နှာလေးနှင့် ကောင်မလေးသည် သူ့





ကို မထိတထိ ပြောပြောသွားသော ကောင်မလေး ဖြစ်နေသည် လေ။ ကျောင်းရဲ့နှစ်စဉ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတိုင်း သူမနှင့် ဆုံဖြစ်ကြပေမင့် အမှတ်မထားမိဘဲ အမှုမဲ့ အမှတ်မဲ့သာ နေမိပါသည်။ ဒါကြောင့် သူမကို မြင်ဖူးသလိုလိုရှိသည်ဟု သူ ထင်တော့ထင်သား။

သူနှင့် မိုးသဒ္ဒါ ဘယ်တုန်းကမှ ရန်ငြိုးမရှိပါ။ သူမ ဘာကြောင့်များ သူ့ကို မျက်မုန်းကျိုးနေတာလဲ သူ မစဉ်းစားတတ် အောင် ဖြစ်နေပါသည်။

"လာ … ဆောင်း၊ နင်မလာရင် ငါလာခေါ်တော့မလို့"

ထမင်းစားခန်းထဲ သူဝင်လာတော့ အရုပ်လေးက ဆီးကြိုပြောလိုက်သည်။ အိမ်မှာက ဒယ်ဒီ့ညီမဝမ်းကွဲ ကြီးကြီးမူ နှင့် အိမ်ဖော်နှစ်ယောက်သာရှိသည်။ မာမီနှင့် ဒယ်ဒီတို့က အခု အချိန်လောက်ဆို သူတို့ကားမောင်းသင်တန်းမှာ အလုပ်ရှုပ်နေ လောက်ပြီ။

"ဆောင်း မမကြီးဆီက စာနက ဖုန်းလာတယ်၊ ဒီနေ့ သင်္ချာဆရာ နှစ်နာရီလာမယ်တဲ့၊ ထမင်းစားသောက်ပြီး တာနဲ့ လုပ်စရာရှိတာတွေ လုပ်ထားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမူ အပြောကို သူ ခေါင်းညိတ်ပြလိုက်သည်။ သူနှင့် အရုပ်လေး ထမင်းကို ခပ်သုတ်သုတ်စားနေကြသည်။

"ငါ သိသွားပြီ အရုပ်လေး၊ သူက မိုးသဒ္ဒါပဲ"

"ဟင် ... ဘာလဲ ... ဘယ်သူလဲ၊ ဆောင်းကလည်း အရင်း မရှိအဖျားမရှိနဲ့"

"ငါ့ကို မထိတထိပြောပြောသွားတဲ့ ကောင်မလေးက မိုးသဒ္ဒါပဲ"

"ဟင် ... သူက ဆောင်းကိုပြောတာ ... ဟုတ်လား၊ မမှတ်သေးဘူးနဲ့တူတယ်"

"ဘာကိုလဲ အရုပ်လေး"

"ဘာမှမဟုတ်ဘူး၊ မြန်မြန်စား၊ ငါတို့ သင်္ချာအိမ်စာတွေ မလုပ်ရသေးဘူး မဟုတ်လား"

အရုပ်လေးစကားကို သူ ဘဝင်မကျသော်လည်း သူမက မဖြေချင်တာမို့ သူ အလိုက်သိစွာ နှုတ်ဆိတ်နေလိုက်သည်။

○ ❤ ○





"မိုး ... ဟိုရှေ့မှာ နှင့်အချစ်တော်ကြီး နှစ်ယောက် မုန့်ဈေးတန်းက ပြန်လာတာထင်တယ်။ သူတို့ကိုယ်သူတို့ တက္ကသိုလ်တက်နေကြတယ်များ မှတ်နေသလား မသိဘူး"

မြတ်နိုး စကားကြောင့် မိုးသဒ္ဒါ ထိုနှစ်ယောက်ကို စူးစူးငေးငေး ကြည့်လိုက်သည်။ လိုက်ဖက်တာတော့ တော်တော်ကို လိုက်ဖက်ပါသည်။

"ရှေ့မှာ မိုးသဒ္ဒါ ဆောင်း၊ ဒီတစ်ခါ သူဘာပြောမလဲ နားထောင်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေးနေပါ အရုပ်လေးရာ"

သူက အရုပ်လေးကို ခပ်တိုးတိုး ပြောလိုက်သည်။ အရုပ်လေးက နည်းနည်းတော့ ဆိုးသည်။ စွာလည်းစွာသည်။ နောက်ယောက်ျားယူသွားသော သူမအမေ လာတွေ့တော့လည်း လက်မခံ။ ဖုန်းပြောလျှင်လည်း ဖုန်းချပစ်သည်။ ပထွေးဆိုသော သူ၏ဖုန်းနံပါတ်ကို ဘယ်လိုရလာသည်မသိ။ ဖုန်းနဲ့လှမ်းပြီး ပက်ပက်စက်စက်ကို ပြောပစ်တာမို့ သူမအမေနှင့် ပထွေးက သူမကို ဝေးဝေးက ရှောင်ကြပါသည်။ သူကတော့ အရုပ်လေး စိတ်ဒဏ်ရာကို နားလည်ထားသူမို့ အရုပ်လေးကို အပြစ်မမြင်ရက်ပါ။

"တစ်ယောက်နဲ့တစ်ယောက် ခိုင်ခိုင်မြဲမြဲ လက်တွဲဖို့ဆိုရင် အရင်ဆုံး မာနကြီးတာတွေ၊ ဘဝင်မြင့်တာတွေ၊ စိတ်မှုပ်စိတ်ယုတ်ရှိတာတွေကို ခဝါချထားရမယ်ဟ၊ မချခဲ့ဘူးဆိုရင်တော့ အချိန်တန်ရင်တော့ ကွဲရမှာပဲ"

မိုးသဒ္ဒါသည် ဘေးနားမှ သူငယ်ချင်းမြတ်နိုးကို ပြောသလိုလိုနှင့် သူတို့နှစ်ယောက် သူမတို့ဘေးနားမှ ဖြတ်သွားချိန်တွင် လေသံကိုမြှင့်၍ ပြောလိုက်လေသည်။ မေသဲအိမ်က





စိတ်ပုပ်သည်။ ဆောင်းညက ဘဝင်မြင့်ပြီး မာနကြီးသည်။ သူမက ဒါကိုရည်ရွယ်ခြင်းဖြစ်သည်။

ရုတ်တရက် မေသဲအိမ်က သူမရှေ့ ရောက်လာတာမို့ မိုးသဒ္ဒါ အနည်းငယ် လန့်သွားသော်လည်း မျက်နှာထားကို တင်းနိုင်သမျှ တင်းထားလိုက်သည်။

"နင် ဘယ်သူ့ကိုပြောတာလဲ၊ ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

"ဘာလာကြောင်တာလဲ၊ ငါ့သူငယ်ချင်းနဲ့ငါ စကားပြောတာလေ၊ နင်က ဘာကိုနာနေတာလဲ၊ ငါက မေသဲအိမ်က စိတ်ပုပ်စိတ်ယုတ်ရှိပြီး ဆောင်းညက ဘဝင်မြင့်ပြီး မာနကြီးလို့ သူတို့နှစ်ယောက် အချိန်တန်ရင် ကွဲကြမယ်လို့ ပြောလို့လား"

"ပါးစပ်ပိတ်ထားစမ်း မိုးသဒ္ဒါ၊ နင် ဘာလို့ လူတွေကို ဘလိုင်းကြီး လိုက်တိုက်ခိုက်နေတာလဲ"

"အရုပ်လေး တော်တော့၊ လူတွေကြည့်နေကြတယ်"

ဆောင်းညသည် အရုပ်လေးကို ဘေးမှဝင်ဟန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း တော်တော့ မိုးသဒ္ဒါ၊ လူတစ်ယောက်ကို စောင်းပြောတယ်ဆိုတာ သတ္တိကြောင်တဲ့လူတွေရဲ့ အပြုအမူ မျိုးကွ၊ အောက်တန်းလည်းကျတယ်၊ မင်းကို ငါသတိထား မိတာကြာပြီ၊ မင်းကို ငါ ရှင်းရှင်းပဲမေးမယ်၊ မင်း ငါ့ကို ဘာမကျေနပ်တာလဲ ပြော"

မိုးသဒ္ဒါသည် သူ့စကားကြောင့် ဆွံ့အသွားလေသည်။ သူပြောတာတွေအားလုံးက အမှန်တွေပဲမို့ ဘာမှပြောစရာ မရှိပါ။ သို့သော် မိုးသဒ္ဒါသည်လည်း ခေသူမဟုတ်ပါ။ မေသဲအိမ်ကို အလဲထိုး၍ ဆောင်းညကို အတွေးတစ်ခုရစေမည့် စကားကို စဉ်းစားပြီး တစ်လုံးချင်း ပြောလိုက်သည်။

"ငါ နင့်ကို စိတ်ဝင်စားလို့ပဲ ဆောင်းည၊ မေသဲအိမ်နဲ့ အတူရှိနေတာ ငါ မနာလိုလို့ပဲ"

မိုးသဒ္ဒါသည် ခပ်တည်တည်ပြောပြီး လှည့်ထွက်ခဲ့သည်။ သူမပါးစပ်မှ ဒီစကားတွေထွက်ကျသွားလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးမထင်ထားပါ။ မြတ်နိုးက သူမနောက်မှ အပြေးလိုက်လာပြီး ...

"မိုး ... နင် ဘာတွေလျှောက်ပြောတာလဲ၊ နင်မရှက်ဘူးလား"





ဟု တတွတ်တွတ် ပြောလာသည်။

မိုးသဒ္ဒါ ဘာဖြေရှင်းချက်မှ မထုတ်ပါ။ သူမ စကားကြောင့် မေသဲအိမ် ဒေါသထွက်သွားမည်ဖြစ်သလို ဆောင်းည ရဲ့ဂရုပြုမှုနှင့် ဆောင်းညအတွေးထဲသို့လည်း သူမဝင်ရောက်နိုင်မည် ဖြစ်သည်။ အနည်းဆုံးတော့ ဆောင်းညနှင့် မေသဲအိမ်တို့ စကား ဝိုင်းထဲတွင် သူမအကြောင်းက ပါနေမည်သာ။

"ကြည့်စမ်း ... ဆောင်း၊ ပြောသွားတာ ကြားလား၊ အရှက်ကိုမရှိဘူး"

"တော်တော့ အရုပ်လေး၊ အဆောင်ပြန်တော့၊ တော်ကြာ တစ်ယောက်ယောက်ချွန်လို့ ဆရာမတွေ စစ်လားဆေးလား လုပ်နေဦးမယ်"

ဆောင်းညသည် အရုပ်လေးကို ချော့မော့ပြီး အပေါ် ထပ်သို့ ပြန်တက်လာခဲ့သည်။

အတွေးထဲတွင် သဒ္ဒါရှိနေသည်။ သူမပြောသွားသည့် စကားက အမှန်တရားလား သူ စဉ်းစားနေသည်။ စိတ်ဝင်စား နေသည့် လူတစ်ယောက်ကို ကြည့်သည့်အကြည့်သည် ဘာကြောင့် ရန်လိုမှုတွေ ပါဝင်နေပြီး မုန်းတီးရိပ်တွေ ရှိနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ မိုးသဒ္ဒါကို နားမလည်ပါ။ စဥ်းစားလေ ခေါင်းရှုပ်လာလေ ဖြစ်တော့တာမို့ သူမအကြောင်း ခေါင်းထဲကထုတ်ပစ်ဖို့ ကြိုးစားလိုက်သည်။ မုန့်ဈေးတန်းထဲက ပြဿနာသည် မကြာမီအချိန်အတောအတွင်းမှာပဲ တစ်ကျောင်းလုံး တစ်ယောက်စကား တစ်ယောက်နားနှင့် ပျံ့နှံ့သွားမည်ဆိုတာ သူ အတပ်သိနေသည်။

○❤○





၃

မိုးသဒ္ဒါသည် သူမ၏ကျောပိုးအိတ်ကို စာကြည့်စားပွဲပေါ်တင်လိုက်သည်။ မိုးရေအနည်းငယ် စွန်းထင်းနေသောအင်္ကျီနှင့် လုံချည်ကိုလဲကာ ရေချိုးခန်းထဲက ရေဇလုံထဲသို့ သွားထည့်လိုက်သည်။

"မိုး ... ဒါ ငါလျှော်ပေးရမှာပေါ့လေ၊ အေးလေ ... နင်က ဆယ်တန်းရောက်နေတာဆိုတော့ အခွင့်ထူးခံဖြစ်နေတာနဲ့တော့ လုပ်ထားဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မမပိုးက ရေချိုးရန် ရေချိုးခန်းအလာတွင် ရေစလား ထဲသို့ ထည့်ထားသော သူမအင်္ကျီကို တွေ့တာမို့ ခပ်ရွဲ့ရွဲ့လေး ပြောလိုက်သည်။

မမပိုးက ဒုတိယနှစ်နည်းပညာတက္ကသိုလ်ကျောင်းသူ တစ်ယောက်ဖြစ်ပြီး ကျောင်းပိတ်ထားတာမို့ အခုအချိန်မှာ နား နေရသည်။ ညီအစ်မနှစ်ယောက်တည်း ရှိတာမို့ တခြားညီအစ်မ တွေနှင့် မတူဘဲ ညီမဖြစ်သူကို အလိုလိုက်ကာ ညှာတာသူဖြစ် သည်။

ဖေဖေရှိတုန်းကတော့ မေမေက ဗိုလ်ချုပ်ဈေးထဲတွင် အပ်ချုပ်ဆိုင်နှင့် ဖက်ရှင်ဆိုင်ကို တွဲဖွင့်ထားပေမင့် ဖေဖေနောက် အိမ်ထောင်ပြုတော့ တရားဝင်ကွဲကြကွာကြပြီး ဆိုင်ကိုပြန်အပ် လိုက်ကာ သူမတို့အိမ်အောက်ထပ်မှာပင် မိန်းမဝတ်အော်ဒါများကို လက်ခံကာ အထည်ချုပ်အသေးစားလေး လုပ်ကိုင်နေပါသည်။ ပိုးနဲ့သာသည် ညီမလေး မိုးသဒ္ဒါကို ဖေဖေမရှိတော့သည့်နောက် ပိုင်း ပို၍ဂရုစိုက်ပါသည်။ ညီမလေးက ဖေဖေ့ကို အရမ်းချစ်တာ မို့ ဖေဖေ အိမ်ကအပြီးအပိုင် ထွက်သွားတော့ သုံးလေးရက်လောက် လွမ်းဖျားလွမ်းနာကျခဲ့သည်မဟုတ်လား။





မာနကြီးပြီး ခက်ထန်သော မေမေ့ရှေ့တွင် သူမတို့ နှစ်ယောက် ဖေဖေ့အကြောင်းကို မပြောမိဖို့ ကြိုးစားနေခဲ့ရင်းနှင့် ပင် ကျင့်သားရသွားပြီဖြစ်သည်။ သို့သော် မိုးကတော့ အခုအချိန် ထိ သူမရင်တွင်း ဖေဖေ့ကို လွမ်းဆွတ်မှုများကို သူမဒိုင်ယာရီလေး ထဲတွင် ပီပြင်အောင် သရုပ်ဖော်နေဆဲ။

မိုးရေးခဲ့သည့် ကဗျာလေးတစ်ပုဒ်ကို သူမရင်ထဲတွင် မှတ်မှတ်ထင်ထင် ရှိနေခဲ့ပါသည်။

- မာနချင်းပြိုင်လို့
  စစ်ထိုးကြတဲ့ပွဲမှာ
  ဒဏ်ရာအနာတရဖြစ်ခဲ့ရသူတွေက
  ကျွန်မတို့ပါ။
- အပြင်းထန်ဆုံးစကားလုံးတွေနဲ့
  တစ်ယောက်နဲ့တစ်ယောက်
  ပစ်ခတ်ပေါက်ကြပေမယ့်
  တကယ် ရင်ထဲထိခဲ့ရတာလည်း
  ကျွန်မတို့ပါပဲ။
- သုံးနဲ့လေးလို
  ကျောခိုင်းသွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ငယ်နဲ့
မျက်ရည်ကမ္ဘာမှာ
မျောခဲ့ရသူတွေကလည်း
ကျွန်မတို့ပဲလေ။

မေမေနဲ့ ဖေဖေရယ်
အစကတည်းက မချစ်ခဲ့ကြရင်
အသိုက်အမြုံလေးတစ်ခု
မဖန်တီးကြပါနဲ့လား
အခုတော့ ...
နာကျင်ကွဲအက်တဲ့ နှလုံးသားတွေနဲ့
ကျွန်မတို့ ယိုင်လဲခဲ့ပါပြီ။

"မိုးရေ ... ထမင်းမြန်မြန်စားတော့၊ မေမေ သမီးတို့ကျူရှင်သွားဖို့ တက္ကစီမှာထားတယ်"

အောက်ထပ်မှ မေမေ့အသံကြောင့် မိုးသဒ္ဒါသည် သူမအခန်းထဲမှ ထွက်လာသည်။ အရင်တုန်းကတော့ ကျောင်းကိုရော ကျူရှင်ကိုပါ ဖေဖေကိုယ်တိုင်ဖြစ်ဖြစ်၊ ဖေဖေ့ဒရိုင်ဘာဖြစ်ဖြစ် လိုက်ပို့ပေးနေကျပေါ့။ မာနကြီးသော မေမေက ဖေဖေဝယ်ထားတဲ့ပစ္စည်း၊ ဖေဖေ့ပိုင်ဆိုင်မှု ဘာတစ်ခုမှ ယူမထားခဲ့ပါ။




စီစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ စင်တင်ကလောင်သစ်
စာရေးဆရာမ
အသင်
ပိုင်ချိုချိုလေးဟာစီရွက်

www.burmeseclassic.com

www.burmeseclassic.com






မိုးသဒ္ဒါသည် ရုတ်တရက် ဖေဖေ့ကို သတိရသွားတာမို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆုံးမလိုက်သည်။ ကိုယ့်သွေးသားရင်းသမီးနှစ်ယောက်နှင့် သူစိမ်းမိန်းမတစ်ယောက်ကို လဲရသည့်သတ္တိရှိသည့် ဖခင်တစ်ယောက်ပဲ။ ကိုယ်ကဘယ်လောက်ပဲ လွမ်းဆွတ်သတိရရ သူကတော့ ဟိုမိန်းမနဲ့ ပျော်နေမှာပဲ။

မေမေက သူမတို့နှစ်ယောက်ကို ရာဇသံပေးပြီးသား။ ဖေဖေနဲ့အဆက်အသွယ်လုပ်ရင်၊ ဖေဖေ့ဆီက အကူအညီအထောက်အပံ့ယူလျှင် အိမ်ပေါ်မှ နှင်ချမည်တဲ့။ ဘယ်လိုပဲဖြစ်ဖြစ် သူမတို့မိထွေးနဲ့တော့ မနေနိုင်ပါ။ အထီးကျန်သော မေမေ့ရင်ခွင်ထဲတွင်ပင် ထာဝရနေသွားကြမည်ဖြစ်သည်။

မိုးသဒ္ဒါသည် အိမ်ပေါ်ထပ်မှ တနိုင်းဒိုင်းပြေးဆင်းလာပြီး နောက်ဖေးမီးဖိုခန်းတွင်ရှိသော ထမင်းစားပွဲခုံလေးပေါ်တွင် မေမေ အဆင်သင့်ချပေးထားသော ထမင်းနှင့်ဟင်းကို ခပ်မြန်မြန်လေး စားလိုက်သည်။

အိမ်ရှေ့ခန်းမှ စက်ချုပ်နေသော မိန်းမများ၏စကားပြောသံနှင့် ရယ်သံအချို့ကို ကြားနေရသည်။ မေမေက ဟိုးအရင်ကတည်းက ဒီလိုလုပ်ငန်းမျိုးကို လုပ်ကိုင်ခဲ့သည်မို့ အစစအရာရာ စီမံအုပ်ချုပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လက်ရာနှင့်ဒီဇိုင်းက လှပပြီးအရောင်းသွက်သည်မို့ မေမေ့အတွက် အော်ဒါထည်များ ပြတ်သည်ဟူ၍ မရှိခဲ့ပါ။ ထို့ကြောင့် မေမေလည်း ပင်ပန်းလှပါသည်။

"မိုး မပြီးသေးဘူးလား၊ ရှေ့မှာတက္ကစီရောက်နေပြီ"

"ဟုတ် မေမေ၊ ပြီးပါပြီ"

မိုးသဒ္ဒါသည် ထမင်းစားတာကို လက်စသတ်လိုက်ပြီး အိမ်ပေါ်ထပ်သို့ စာအုပ်တွေသွားထည့်ရန် ပြန်ပြေးတက်သွားသည်။ ဒေါ်သဥ္ဇာသည် ပြေးတက်သွားသော သမီးမိုးကိုကြည့်ကာ သက်ပြင်းချလိုက်သည်။ သမီးမိုးကို သူ့အဖေထွက်သွားပြီးကတည်းက ပိုးရော သူမပါ ဂရုစိုက်ပါသည်။ သမီးမိုးက အဖေသမားမဟုတ်လား။ ဗိုလ်ချုပ်ဈေးကဆိုင်ခန်းကို ပြန်အပ်လိုက်တာ သမီးတို့ကြောင့်လည်း ပါပါသည်။ သမီးတို့နားတွင် သူမရှိနေချင်သည်။ သမီးတို့မှာ လိုအပ်သောကွက်လပ်လေးကို ဖြည့်ပေးဖို့ပေါ့။ အခုတော့ အိုးမကွာ အိမ်မကွာနှင့် သမီးတို့ကိုလည်းအနီးကပ် စောင့်ရှောက်နိုင်၊ စီးပွားရေးလေးလည်း လုပ်နိုင်နှင့် ဟန်ကျလှပါသည်။ အခုလည်း သမီးမိုးကို သူမ ကျူရှင်လိုက်ပို့ပေးရဦးမည်။





"ပိုးရေ ... အပေါ်မှာ သမီးကိစ္စတွေပြီးရင် အောက်ထပ်ခဏလာနေလိုက်ဦး"

ဒေါ်သဥ္ဇာသည် သမီးကြီးကို လှမ်းအော်လိုက်ရင်း သမီးငယ်ကို လက်ဆွဲ၍ ပိုက်ဆံအိတ်ချိုင်းကြားညှပ်ကာ တက္ကစီရှိရာသို့ အပြေးသွားနေ၏။

○ ❤ ○

www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါရဲ့ဝတ္ထုပါသည် ဆိုကတည်းက သူမ အမြင်ကတ်၍ မဝယ်ခဲ့ပါ။

"အဲဒီဝတ္ထုက တော်တော်ကောင်းတယ်၊ ဒီမိန်းမ တော်တော်ကို ပေါ်ပြူလာဖြစ်နေတာ၊ လူတိုင်းက သနားကြတယ်။ အဲဒီဝတ္ထုက သူ့ဘဝရဲ့အဖြစ်မှန်ကို ရေးထားတာတဲ့"

မေသဲအိမ် မျက်နှာမဲ့လိုက်သည်။ ဒီလောက် မာရေကျောရေရှိသော မိန်းမတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ သနားလို့ရမည်မထင်ပါ။

"ဖတ်ကြည့်လိုက်ပါ မေသဲအိမ်၊ သူ့ရဲ့အရေးအသားက တော်တော်ကောင်းတာကိုတော့ နင် လက်ခံသွားလိမ့်မယ်"

မေသဲအိမ်သည် မဂ္ဂဇင်းကိုဆွဲယူပြီး မိုးသဒ္ဒါရေးထားသည့်ဝတ္ထုကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်မည်ဟု သဘောပိုက်ကာ ထိုဝတ္ထုကို စတင်ဖတ်လိုက်ပါသည်။

ဝတ္ထု၏အကြောင်းအရာမှာ သိမ့်ဆိုသော ကလေးတစ်ယောက်ရှိသည့် အမျိုးသမီးသည် သမီးနှစ်ယောက်ရှိသော သူ၏ရည်းစားဟောင်းနှင့် အဆက်အသွယ် ပြန်လုပ်သဖြင့် အဖေကို သက်လွတ်ဆုံးရှုံးလိုက်ရသည့်အတွက် ခံစားရသည့်ဝေဒနာတွေကို





၄

"မေသဲအိမ် ... နင့်အချစ်တော်ကြီးရေးတဲ့ ဝတ္ထုဖတ်ပြီးပြီလား"

ကျောင်းကထုတ်သည့် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို သူငယ်ချင်းသွယ်သွယ်က လှမ်းပေးရင်း ပြောလိုက်တာမို့ မေသဲအိမ် ခေါင်းခါပြလိုက်သည်။ ကျောင်းကထုတ်သည့် မဂ္ဂဇင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားရင်း သူ့အဖေဂုဏ်ယူရသည့် သမီးတစ်ယောက်ဖြစ်အောင် ကြိုးစားနေသည့် သမီးတစ်ယောက်၏ ရင်တွင်းခံစားချက်ကို ရေးဖွဲ့ထားတာဖြစ်သည်။

မေသဲအိမ်သည် သူမ၏ဘဝနှင့် တူညီနေသောအဖြစ်ကြောင့် အံ့သြသွားရသည်။ သူမအမေကလည်း သမီးနှစ်ယောက်ရှိသော သူမ၏ရည်းစားဟောင်းဖြင့် နောက်အိမ်ထောင်ထူသွားတာဖြစ်သည်။ ပြီးတော့ သူမ၏အမေနာမည်က သိမ့်သိမ့်ခင်၊ မိုးသဒ္ဒါရေးထားသည့် သူ့အဖေကို သူတို့ဘဝထဲက ဆွဲထုတ်သွားတဲ့မိန်းမက "သိမ့်"တဲ့။

ဒါဆို သူမက ဦးထွန်းဆွေ၏သမီးပေါ့။

မေသဲအိမ်သည် အံ့လေးတင်းတင်းကြိတ်မိသည်။ သူ့အဖေကလည်း သူမကို မိတက္ကဲဖတက္ကဲဖြစ်အောင် လုပ်ခဲ့တာပဲလေ။ တိုက်ဆိုင်တာတော့ လုံးဝမဟုတ်ပါ။ မိုးသဒ္ဒါသည် ဦးထွန်းဆွေ၏သမီး ဖြစ်ကိုဖြစ်ရမည်။

ဒါကြောင့်ထင်သည်။ သူမသည် မိုးသဒ္ဒါဆိုသော မိန်းမအကြောင်း ကြားကြားချင်းပင် အမြင်ကတ်မိသည်။ သူမရုပ်ကို စတွေ့တွေ့ချင်းပင် ကြည့်မရဖြစ်မိသည်။ အခုတော့ သူမ





နှင့် မိုးသဒ္ဒါသည် ရန်သူလုံးလုံး ဖြစ်သည်ဆိုသည်ကို ခိုင်မာစွာသိရှိလိုက်ပါသည်။

"ဘယ်လိုနေလဲ၊ ကောင်းတယ် မဟုတ်လား"

သွယ်သွယ့်အမေးကို သူမ ပြန်မဖြေပါ။ သူများအမေကို မှိုချိုးမျှစ်ချိုး မိန်းမရိုင်းပုံစံမျိုးနဲ့ ရေးထားတာ ဘယ်လိုလုပ်ကောင်းမှာလဲ။ တကယ်ဆို ဒီလိုကိစ္စမျိုးဆိုတာ ယောကျ်ားလေးဘက်က တာဝန်အရှိဆုံးပဲ မဟုတ်လား။

သူ့အဖေသာ အေးအေးဆေးဆေး တည်တည်ကြည်ကြည်နေခဲ့ရင် ဒါမျိုးဖြစ်စရာလား။

မေသဲအိမ်သည် တနုံ့နုံ့ ခံစားနေရသည်။ တစ်ဖက်သတ်ရေးသည့် သူမ၏ခံစားချက်ကို လူတွေက စုတ်တသတ်သတ်နှင့် သနားနေကြတာကိုလည်း နားကြားပြင်းကတ်မိသည်။ မေသဲအိမ်သည် မိုးသဒ္ဒါကို ရန်တွေ့ချင်စိတ်တွေ တဖွားဖွားဖြစ်နေမိသည်။

မေသဲအိမ်သည် စာတစ်ကြောင်း ကောက်ရေးလိုက်တာ သူငယ်ချင်းသွယ်သွယ်ကို အကူအညီတောင်း၍ မိုးသဒ္ဒါကို သွားပေးစေခဲ့သည်။

www.burmeseclassic.com



မိုးသဒ္ဒါသည် မေသဲအိမ် ရေးလိုက်သောစာကြောင့် စဉ်းစားသွားသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချကာ ဆရာမကို ခွင့်ပန်၍ ကျောင်းအိမ်သာရှိရာသို့ အပြေးလေး သွားမိသည်။ ကျောင်းအိမ်သာရှေ့တွင် မေသဲအိမ် စောင့်နေတာကို တွေ့လိုက်ရသည်။ မေသဲအိမ်မျက်ဝန်းထဲတွင် သူမကိုမုန်းတီးခါးသက်သော အရိပ်တွေက အပြည့်အလျှံပင်။

"ငါနဲ့တွေ့ချင်တယ်၊ စကားပြောချင်တယ်ဆိုတာ ဘာအတွက်လဲ"

ကျောင်းအိမ်သာမှာ လူမရှိပါ။ သူမနှင့် မေသဲအိမ် နှစ်ယောက်သာရှိသည်။ မုန့်စားကျောင်းဆင်း ပြန်တက်တဲ့အချိန် ကြောင့်လည်း ဖြစ်မည်ထင်သည်။

"နင်ရေးထားတဲ့ဝတ္ထုကို ငါ ဖတ်ပြီးပြီ မိုးသဒ္ဒါ"

"ဘာလဲ ... နင် ငါ့ကို ချီးကျူးမလို့လား"

"ဝေးသေးတယ်၊ ငါသာ စာကောင်းကောင်းရေးတတ်ရင် နင့်ဝတ္ထုထက်သာတဲ့ ဝတ္ထုမျိုး ရေးနိုင်မှာ၊ နင်ရေးထားတာက တစ်ဖက်သတ်ပဲ၊ သိမ့်ဆိုတဲ့မိန်းမရဲ့သမီးလေးရဲ့ ခံစားချက်ကို နင် ထည့်မတွက်ဘူး၊ နင်က လိုရာဆွဲတွေးပြီးရေးတယ်"





မိုးသဒ္ဒါသည် ခံစားချက်အပြည့်နှင့် ပြောနေသော မေသဲအိမ်ကို နားမလည်စွာ ကြည့်လိုက်သည်။ သိမ့်ဆိုသောအမျိုး သမီးမှာ ကလေးတစ်ယောက်ရှိသည် ဆိုတာတော့သိသည်။ သို့သော် ယောကျ်ားလေးလား မိန်းကလေးလား သူမလည်း မသိပါ။ သို့သော် မေသဲအိမ်က သမီးလေးဟု ဘာကြောင့်ပြောရသနည်း။

"နင်တို့မှာက အတူနေပြီး နွေးထွေးမှုပေးတဲ့ အမေဆိုတာ ရှိသေးတယ်။ အဲဒီကောင်မလေးမှာတော့ မိတက္ကဲဖတက္ကဲနဲ့ သူစိမ်းအလယ်မှာ မျက်နှာငယ်ငယ်နဲ့ နေနေရတယ်၊ ပြေးကြည့်လို့မှ အဖေလည်းမတွေ့ရ အမေလည်းမတွေ့ ရတဲ့ သူ့ဘဝ၊ သူ့ခံစားချက်ဟာ နင့်ထက် အဆပေါင်းများစွာ ပိုနက်နဲ ကြေကွဲရတယ်"

"ဩော် ... နင်က ငါ့ဝတ္ထုအပေါ် တော်တော်စိတ်နစ်သွားတာကိုး၊ ငါက ငါ့ဝတ္ထုကို အဲဒီလောက် အသက်ဝင်မယ်လို့တောင် မထင်မိဘူး"

"တော်စမ်း၊ နင် ပါးစပ်ပိတ်ထားလိုက် မိုးသဒ္ဒါ၊ နင့်ကိုယ်နင် သိပ်ပြီးအထင်ကြီးမနေပါနဲ့၊ သိမ့်ဆိုတဲ့မိန်းမဟာ သူများအိမ်ထောင်ကို ဖျက်ဆီးတဲ့မိန်းမ မဟုတ်ဘူး။ နင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေ ဦးထွန်းရွှေသွာ သူများအိမ်ထောင်ကို ဖရိုဖရဲဖြစ်အောင်လုပ်တဲ့ တရားခံအစစ်”

“ဘာ”

မိုးသဒ္ဒါသည် မျက်ရည်ကြည်ရစ်သိုင်းပြီး သူမကို လက်ညှိုးတထိုးထိုးနှင့် ပြောလိုက်သော မေသဲအိမ်၏စကားကြောင့် ကြက်သေ,သေသွားသည်။

“နင် သိပ်အံ့သြသွားလား မိုးသဒ္ဒါ၊ နင်မသိရင် ငါပြောပြလိုက်မယ်၊ ငါက သိမ့်သိမ့်ခင်ရဲ့သမီး မေသဲအိမ်၊ နင့်အဖေလုပ်လို့ အဖေရော၊ အမေရောနဲ့ ကွဲနေတဲ့ မိန်းကလေးက ငါပဲ”

“ဟင်”

မိုးသဒ္ဒါသည် တောင့်တောင့်လေး ရပ်နေမိပါသည်။ အံ့သြလွန်း၍ စကားပင် မဆိုနိုင်ပါ။

“နင် နောက်ထပ် ငါ့အမေကို လူတွေကြားထဲမှာ အပုပ်ချပြီး နင့်ကိုယ်နင် ဂုဏ်မဖော်ပါနဲ့၊ ဒါ နင့်ကို ငါသတိပေးတာပဲ၊ ပြီးတော့ ထပ်သတိပေးလိုက်ဦးမယ်၊ ဆောင်းညကို နင် စိတ်ကူးတောင်မယဉ်ပါနဲ့၊ ဆောင်းညက ငါ့ဘဝပဲ”





“ဟုတ်လား ... ကျေးဇူးတင်ပါတယ်၊ နင့်ဘဝ၊ နင့်အားနည်းချက်က ဘာမှန်းမသိလို့ ငါ စိတ်ညစ်နေတာ၊ အခုလို သိလိုက်ရတာ ကံကောင်းတာပဲ၊ နင့်ရဲ့ဆောင်းညကို ငါ ရှုံးအောင်လုပ်ပြမယ်”

“ဘာ ... မိုးသဒ္ဒါ၊ နင် ... ကဲ ဒီလောက်ဖြစ်လှတာ”

မေသဲအိမ်သည် မထီတထီ မျက်နှာပေးနှင့် ပြောလိုက်သော မိုးသဒ္ဒါ၏ကျစ်ဆံမြီးနှစ်ဖက်ကို ဆွဲဆောင့်ပစ်လိုက်လေသည်၊ အမှတ်တမဲ့မို့ မိုးသဒ္ဒါက အငိုက်မိသွားသော်လည်း သူမဆံပင်ကို ဆွဲထားသော မေသဲအိမ်လက်ကို အားနဲ့ဆွဲဖယ်ကာ တွန်းထုတ်ပစ်လိုက်သဖြင့် မေသဲအိမ်သည် ခင်းထားသော သမံတလင်းပေါ်သို့ ဖင်ထိုင်ရက် လဲကျသွားလေသည်။

“နင့်ကို ငါ သိပ်မုန်းတယ် မိုးသဒ္ဒါ၊ သိပ်မုန်းတယ်၊ နင့်လက်ထဲကို ဘယ်တော့မှ ဆောင်းကိုမထည့်ဘူး၊ နင့်အဖေက ငါ့အမေကို ငါ့ဘဝထဲက ဆွဲထုတ်သွားပေမယ့် နင်က ငါ့ရဲ့ဆောင်းကို ဆွဲထုတ်လို့မရဘူး၊ ငါ အသက်ရှင်လျက်ရှိနေသရွေ့ နင် ဆောင်းကို မရစေရဘူး”



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်သံသဲ့သဲ့နှင့် ပြောနေသော မေသဲအိမ်အသံကို သူမနောက်မှ အဆက်မပြတ် ကြားနေရသည်။ မိုးသဒ္ဒါသည် မေ့ထားခဲ့ဖူးသော အတိတ်က ဖြစ်ရပ်များကို တရေးရေးမြင်ယောင်ကာ အံတင်းတင်းကြိတ်မိသည်။

"မသွားပါနဲ့ ဖေဖေရယ်၊ မသွားပါနဲ့"

မိုးသဒ္ဒါသည် ခရီးဆောင်အိတ် တစ်လုံးပြီးတစ်လုံး ဖေဖေ့ကားနောက်ထဲ ဒရိုင်ဘာက သွားထည့်နေတာကိုကြည့်ရင်း သူမနှင့် မမပိုးကို ဖက်ထားသော ဖေဖေ့ကို ငိုကာယိုကာ ပြောလိုက်သည်။

"သမီးလေး မိုး၊ ဖေဖေ ခွဲသွားချင်လို့ မဟုတ်ပါဘူး သမီးရယ်၊ အခြေအနေအရ မတတ်သာလို့ သမီးတို့ကို ဖေဖေ ထားခဲ့ရတာပါ သမီးတို့ရယ်"

ဖေဖေ့မျက်ဝန်းတွေမှာ မျက်ရည်စတွေရှိသည်။

မိုးသဒ္ဒါသည် ဖေဖေ့အင်္ကျီကို တင်းတင်းကျပ်ကျပ် ဆွဲထားသည်။

"မိုးသဒ္ဒါနဲ့ ပိုးနံ့သာ ... ဒီကိုလာခဲ့ကြစမ်း၊ ငါ့ရှေ့မှာ ရုပ်ရှင်လာရိုက်ပြမနေနဲ့ ထွန်းဆွေ၊ နင် သွားလို့ရပြီ၊ ကြိုပြီး မှာထားလိုက်ဦးမယ်၊ ငါ့သမီးတွေနဲ့ နင် အဆက်





အသွယ် မလုပ်ပါနဲ့၊ ကျည်ီထောက်ပံ့တာတွေ ဘာညာ ငါ အလိုမရှိဘူးနော်"

ဒေါ်သဥ္ဇာသည် အိမ်ပေါ်ထပ်မှ တစ်လှမ်းချင်းဆင်းလာပြီး သူမရှေ့မှ သားအဖသုံးယောက် မျက်ရည်လည်ရွဲနှင့် အလွမ်းသယ်နေကြသည်ကို ကြည့်မရဟန်ဖြင့် ပြောလိုက်သည်။

"နင် တကယ်အတ္တကြီးလွန်းတယ် သဥ္ဇာ၊ သိမ့်နဲ့ငါ ဘာမှမဟုတ်ပါဘူးလို့ ငါဘယ်လိုပြောပြော နင် လက်မခံခဲ့ဘူး၊ နင့်ဆန္ဒအရ ကွာရှင်းစာချုပ်မှာ ငါ လက်မှတ်ထိုးခဲ့ပေမယ့် ငါနဲ့သိမ့်က တကယ်ရိုးရိုးသားသားပါ"

"နင့်ပါးစပ် ပိတ်ထားလိုက်တော့ ထွန်းဆွေ၊ နင့်အသံ ငါ လုံးဝမကြားနိုင်ဘူး၊ ငါ့ဘဝမှာရော၊ ငါ့သမီးတွေဘဝမှာပါ လူမှုရေးဖောက်ပြန်တဲ့ နင့်လိုလူမျိုး လုံးဝမရှိစေရဘူး။ နင် သွားတော့"

ဦးထွန်းဆွေသည် ဒေါ်သဥ္ဇာကို နာကြည်းသောမျက်လုံးတို့ဖြင့် ခပ်ကြာကြာ စိုက်ကြည့်လိုက်ပြီး သူ့အင်္ကျီရင်ဘတ်ကို ဆွဲထားသော သမီးလေးမိုး၏လက်များကို ဖြေလျှော့ချကာ သမီးနှစ်ယောက်ကို ခပ်တွေတွေ စိုက်ကြည့်ရင်း ချာခနဲနေအောင် လှည့်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... ဖေဖေ ... သမီးကို မထားခဲ့ပါနဲ့၊ သမီးကို ချန်မထားခဲ့ပါနဲ့ ဖေဖေ"

မိုးသဒ္ဒါသည် ဖခင်ဖြစ်သူ၏နောက်သို့ ပြေးလိုက်သွားလေသည်။ ဒေါ်သဇ္ဈာသည် လှေကားပေါ်က ပြေးဆင်းလာကာ မိုးသဒ္ဒါကို ဖမ်းချုပ်ထားလိုက်သည်။ ပိုးနံ့သာကတော့ မျက်နှာကိုလက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ကြုံကြုံပါအောင် ငိုချလိုက်သည်။

ဦးထွန်းဆွေ၏နှလုံးသားသည် တဆတ်ဆတ်နာကျင်နေသည်။ အဖေ့သဖြင့် သမီးလေးမိုးရဲ့ သူ့ကိုတမ်းတမ်းတတ အော်ခေါ်သံ၊ သူ ဆက်ကြားနိုင်စွမ်း မရှိတော့ပါ။

"မောင်းတော့ ထိန်လင်း"

သူက သူ့ဒရိုင်ဘာကို အသံအက်အက်နှင့် ပြောလိုက်သည်။ အရိပ်အမြိုလေးတစ်ခု အရုပ်ဆိုး အကျည်းတန်စွာ ပျက်စီးသွားရရှာသည်။ ဦးထွန်းဆွေ ယောက်ျားတန်မဲ့နှင့် မျက်ရည်တွေတွေကျနေမိသည်။

○❤○





အပိုင်း(၂)

ပြိုင်ဘက်ကို အလဲထိုးနိုင်မယ့်
အစွမ်းထက်တဲ့လက်နက်ကို
အပိုင်လုရင်းနဲ့
တစ်ယောက်က ...
အချစ်ရှာမှာမှောက်လျက်လဲခဲ့သလို
တစ်ယောက်က ...
ကြွေကျဲမှုကို ခလုတ်တိုက်ခဲ့တယ် ...။

www.burmeseclassic.com

www.burmeseclassic.com



## ၅

ဒီနေ့ ကျောင်းတက်ရက် နောက်ဆုံးနေ့ဖြစ်ပြီး ကျောင်းတစ်လပိတ်ကာ စာမေးပွဲဖြေမှ ပြန်ဆုံကြမှာဖြစ်သဖြင့် အခန်းတိုင်းလိုလိုမှာ ကျောင်းသားကျောင်းသူအချင်းချင်း အော်တိုရေး၊ လက်မှတ်ထိုး၊ ရေးပေးပါ စာအုပ်တွေနှင့် အလုပ်တွေရှုပ်နေကြပါသည်။





မိုးသဒ္ဒါသည်လည်း သူမကို ရေးခိုင်းသောစာအုပ်မှန်သမျှနှင့်ကို တစ်ယောက်နှင့်တစ်ယောက် တစ်မျိုးနှင့်တစ်မျိုး မထပ်အောင် စာသားလှလှတွေကို ရေးပေးကာ အလုပ်ရှုပ်နေသည်။

"မိုး ... နင် ဆောင်းညအတွက် အထူးအစီအစဉ် မရှိဘူးလား"

မြတ်နိုးအမေးကို မိုးသဒ္ဒါ မဖြေဘဲ မပွင့်တပွင့်ပြုံးနေလိုက်သည်။ မေသဲအိမ်၏ဘဝဟုဆိုသော ဆောင်းညကို ဘောင်ကျဉ်းကျဉ်း ပတ်ဝန်းကျင်မှာ အချိန်တိုတိုအတွင်း ဘယ်လိုလုပ်ရှုံးအောင်လုပ်နိုင်မှာလဲ၊ သို့သော် မိုးသဒ္ဒါသည် ထိုကိစ္စကို လုံးဝလက်လျှော့မည် မဟုတ်ပါ။

"နင် ဆောင်းညကို တကယ်စိတ်ဝင်စားဗျာလား၊ မေသဲအိမ်ကို စိတ်အနှောင့်အယှက်ပေးချင်လို့လား"

"နှစ်ခုစလုံးပဲ မြတ်နိုး၊ ပထမတော့ မိန်းကလေးတွေကို မျက်လုံးချင်းတောင်မဆိုင်ဘဲ စာပဲတကုပ်ကုပ် ကြိုးစားနေတဲ့ သူ့ကို ဘဝင်မြင့်တယ် မာနကြီးတယ်လို့ သတ်မှတ်ပြီး ငါ ကြည့်မရခဲ့ဘူး၊ မေသဲအိမ်နဲ့ ပတ်သက်ပြီးတော့ သူ့ကို ငါ စိတ်ဝင်စားလာခဲ့တယ်၊ ငါ တကယ်ကို သူနဲ့ မေသဲအိမ် အတူရှိနေတာ မနာလိုခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ငါပြောရင် နင် စိတ်မဆိုးနဲ့နော် မိုး၊ ဆောင်းညက မေသဲအိမ်ကို တော်တော်ဂရုစိုက်ပြီး အလို လိုက်တာဟာ အရုပ်လေး ... အရုပ်လေးနဲ့ ဖြစ်နေတာ၊ ကြည့်ရတာ သူတို့နှစ်ယောက် အိမ်နီးနားချင်းလား မသိဘူး"

"ဟင့်အင်း ... အဲဒီထက် ပိုနီးတယ်၊ သူတို့နှစ်ယောက်က တစ်အိမ်ထဲ အတူနေကြတာလေ"

"ဟယ် ... ဟုတ်လား၊ နင် ဘယ်လိုသိလဲ"

"ဒီလိုပဲ သိတာပေါ့ဟာ၊ မိဘချင်း အရမ်းရင်းနှီးကြတာတဲ့"

"ဒါဆိုရင် နင် ပိုဝေးသွားပြီ မိုး၊ မေသဲအိမ်ကို လုံးဝလိုက် မမီတော့ဘူး၊ နင် စဉ်းစားကြည့်စမ်း၊ မေသဲအိမ်ကို မိန်းမ ချင်းတောင် ပြန်ငေးရတာ၊ ဆောင်းညက ဘာသားနဲ့ထု ထားတာမို့လို့လဲ"

မိုးသဒ္ဒါ သက်ပြင်းသဲ့သဲ့ချမိသည်။ မေသဲအိမ်ကို ဆောင်းည အောက်ထပ်မှာ လာဆင်းခေါ်တိုင်း သူမနှင့် အမြဲဆုံ တတ်ပြီး သူ့မျက်ဝန်းတွေထဲကို သူမ စိုက်ကြည့်တတ်ပါသည်။

တည်ငြိမ်တဲ့ ရိုးသားတဲ့ သူ့အကြည့်နဲ့ အပြုံးကို လက်ခံမိတိုင်း မေသဲအိမ်ကို ခေါ်သွားအောင် ပြောခဲ့သော





သူမစကားတို့ကို ပြန်ရုပ်သိမ်းချင်စိတ် တဖွားဖွား ပေါ်လာပါသည်။ ဘာအမှတ်မှမထား၊ ရင်ထဲကလာသည့် ဖော်ရွေနှစ်လိုသော သူ့ အပြုံးတွေက စိတ်သဘောထားပြည့်ဝသူတစ်ယောက်ဟု ဖော်ပြ နေသလိုပင်။

သို့သော်လည်း မေသဲအိမ်ကိုမုန်းသော စိတ်တို့က ဆောင်းညရင်ထဲသို့ သူမထိုးဖောက်နိုင်အောင် ကြိုးစားဖို့ နှိုးဆွ နေကြသည်။ သူ့အကြည့်၊ သူ့အပြုံးတွေကို အိပ်မက်,မက်မိသည် တလည်း တစ်ကြိမ်မကတော့။

မိုးသဒ္ဒါသည် သူမကျောပိုးအိတ်ထဲမှ တစ်စုံတစ်ခု ကို စမ်းကြည့်မိသည်။ သူမစိတ်ထဲတွင်လည်း လွန်ဆွဲပွဲကျင်းပ နေသည်။ မိုးသဒ္ဒါသည် စိတ်ကိုဒုန်းဒုန်းချလိုက်သည်။ ဒီနေ့ ဒီဝတ္ထုည်းကို ဆောင်းညကို ရအောင်ပေးမည်။

မိုးသဒ္ဒါသည် ကျောင်းဆင်းဘဲလ်တီးပြီးသည်နှင့် တစ်ပြိုင်နက်တည်း မြတ်နိုးကိုပင် စောင့်မနေတော့ဘဲ ကျောပိုး အိတ်ကို ကောက်လွယ်ပြီး အခန်းအပြင်သို့ ဒရောသောပါး ထွက်လာခဲ့သည်။ ဆောင်းည မကြာမီအချိန်အတွင်း အပေါ်ထပ် က ဆင်းလာတော့မည်လေ။

www.burmeseclassic.com



မိုးသဒ္ဒါသည် ကျောပိုးအိတ်ထဲမှ အနီရောင်အသည်းပုံလေးတွေပါသော ဖန်ဘူးကို ထုတ်ထားလိုက်သည်။ ဆောင်းညကိုတွေ့တော့ လက်ဖျားခြေဖျားတွေ အေးစက်ကာ ရင်တဒိတ်ဒိတ် ခုန်လာသည်။

ဘဝမှာ တစ်ခါဖူးမှ မလုပ်ဖူးသော အလုပ်တစ်ခုကို လုပ်ရမည်မို့ ရှက်စိတ်ဝင်မိသော်လည်း ဓမ္မသဲအိမ်ကို အလဲထိုးချင်သော စိတ်တို့ရဲ့စေခိုင်းမှုကြောင့် အားတင်းပြီး ဆောင်းညရှေ့မှာ ပိတ်ရပ်လိုက်သည်။

"ဆောင်းည ... ဒီဖန်ဘူးလေးကို လက်ခံပေးပါ"

ဆောင်းညသည် သူ့ရှေ့မှာ ပိတ်ရပ်ပြီး အနီရောင်အသည်းပုံလေးတွေပါသော ဖန်ဘူးလေးကိုပေးကာ ပြောလိုက်သော မိုးသဒ္ဒါကို အံ့သြစိတ်နှင့် ကြည့်နေမိသည်။ နီမြန်းနေသော သူမမျက်နှာလေး။ တဆတ်ဆတ် တုန်နေသော သူမနှုတ်ခမ်းလေးနှင့် သူမလက်ကလေးတွေက သူမ ရှက်ရွံ့နေမှန်း သိသာစေသည်။ ဖန်ဘူးထဲတွင် စာခေါက်လေးတစ်ခု ရှိနေလေသည်။

အောက်ထပ်ကော်ရစ်ဒါမှာ သူတို့နှစ်ယောက်ပဲရှိတာ မဟုတ်ဘဲ ကျောင်းဆင်းချိန်မို့ ကျောင်းသားကျောင်းသူ တော်





တော်များများ ရှိကြတာမို့ သူတို့နှစ်ယောက်ကို အကဲခတ်ဟန် မျက်ဝန်းများ၊ သိလိုစိတ်နှင့် စူးစမ်းမျက်ဝန်းများ၊ မိုးသဒ္ဒါကို အထင်သေးဟန် မျက်ဝန်းများစွာကို မြင်လိုက်ရတာမို့ ဆောင်းညသည် မိုးသဒ္ဒါရဲ့ဖန်ဘူးလေးကို လှမ်းယူလိုက်သည်။

"ကျေးဇူးပဲ ဆောင်းည"

မိုးသဒ္ဒါသည် ခပ်တိုးတိုးလေးပြောရင်း မပြေးရုံတမည် ဆောင်းညအားမှ ထွက်သွားပါသည်။ မိုးသဒ္ဒါသည် ရှက်လွန်း၍ လူကမှုရှိန်းရှိန်းနှင့် မျက်နှာကို ဘယ်နားထားရမှန်း တောင်မသိ ဖြစ်မိသည်။

ဆောင်းညသည် ဖန်ဘူးလေးကို သူ့ကျောပိုးအိတ်ထဲ အသာထည့်လိုက်သည်။ ဒီပစ္စည်းကို အရုပ်လေးတွေ့လို့ မဖြစ်၊ တွေ့ရင် လွှတ်ပစ်မည်မှာ သေချာသည်။ ဘာကြောင့် အရုပ်လေးနှင့် မိုးသဒ္ဒါ တစ်ယောက်နှင့်တစ်ယောက် တူးတူးခါးခါး မုန်းကြတာလဲဆိုတာ သူ မသိပါ။

သူတို့သုံးယောက်သား မုန့်ဈေးတန်းမှာ စကားများကြပြီးနောက်ပိုင်း မိုးသဒ္ဒါနှင့် သူတွေ့သည့်အခါတိုင်း ဖျတ်ခနဲ မြို့ပြပြီး သူ့မျက်ဝန်းတွေထဲကို စိုက်ကြည့်တတ်သော မိုးသဒ္ဒါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နက်ဝန်းတို့ကို သူ နားမလည်နိုင်အောင် ဖြစ်ရသည်။ သူမ ပြောသွားတဲ့ သူ့ကို စိတ်ဝင်စားနေတယ်ဆိုသော စကားက တကယ်အတည်လိုလို၊ ပြုံးလိုက်ရင် ပေါ်သွားသည့် သူမရဲ့ဘယ်ဘက်ပါးမှ ပါးချိုင့်လေးကိုလည်း သူ မှတ်မှတ်ထင်ထင်ရှိခဲ့ပါသည်။

အရုပ်လေးကို ပြန်ပြောပြတော့ ဒေါ်သူပုန်ထကာ သုံးလေးရက်လောက် သူ့ကို စကားမပြောဘဲနေတာမို့ နောက်ပိုင်း မိုးသဒ္ဒါအကြောင်းနှင့် ပတ်သက်ပြီး အရုပ်လေးကို ဘာတစ်ခုမှ မပြောပြခဲ့ပါ။

"ဆောင်း ... နင့်ကို အော်တိုတွေလာမရေးခိုင်းဘူးလား"

"ဟင် ... အင်း ရေးခိုင်းပါတယ်"

မေသဲအိမ်သည် လူနှင့်စိတ်နှင့် မကပ်သလို ဖြစ်နေသော ဆောင်းညကို သံသယအကြည့်နှင့် ကြည့်လိုက်သည်။ ခါတိုင်း ကျောင်းအပြန်ကားပေါ်မှာ သူတို့နှစ်ယောက် စကားတွေဖောင်ဖွဲ့လာကြတာ အိမ်ကိုဘယ်လိုရောက်လို့ရောက်မှန်းတောင် မသိဘဲ အချိန်ကုန်သွားသည်လေ။

"နင် ဘာဖြစ်နေတာလဲ ဆောင်း၊ ကျောင်းမှာ တစ်ခုခု ဖြစ်ခဲ့လား"





"မဖြစ်ပါဘူး၊ ငါ နေသိပ်မကောင်းချင်လို့ပါ"

"နင်က စာတွေတအားကြိုးစားတာကိုး၊ မနေ့ညက နင်တစ်နာရီအထိ စာကြည့်တယ် မဟုတ်လား။ ငါထင်တော့ထင်သားပဲ၊ နင့်အခန်းထဲမှာ စာကြည့်နေတာ ငါသိနေတယ်"

အရုပ်လေးက သူ့စကားကို လက်ခံသွားသည်မို့ သူ ရင်အေးသွားသည်။ သူ အရုပ်လေး စိတ်ဆိုးတာ စိတ်ကောက်တာကို လုံးဝမခံနိုင်၊ အရုပ်လေး စကားမပြောတုန်းကလည်း တော်တော်ကို နေရခက်ပါသည်။ ဒါဆို မိုးသဒ္ဒါကိုရော၊ အရုပ်လေးမုန်းသည့် မိုးသဒ္ဒါကိုလည်း သူ ဥပေက္ခာမပြုနိုင်ပါ။ သူမ ပြုံးပြလျှင် သူက ချက်ချင်းပြန် ပြုံးပြတတ်ပြီး၊ သူမပေးတဲ့ ဖန်ဘူးလေးကိုလည်း "မယူဘူး" လို့ ပြောမထွက်ခဲ့ပါ။ လူတွေကြားထဲတွင် သူမကို အရှက်မကွဲစေချင်တာလည်းပါသည်။

ဆောင်းညသည် သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်ရသည်။ အိတ်ထဲမှ ဖန်ဘူးလေးကို လက်ကအသာအယာ စမ်းနေမိသည်။ အဲဒီတည်းက စာခေါက်ထဲမှာ သူမ ဘာတွေများ ရေးထားမလဲ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းညသည် သူ့အခန်းတံခါးကို ပိတ်လိုက်ပြီး ပြီးချင်းမှာပဲ ကျောပိုးအိတ်ထဲက ဖန်ဘူးလေးထုတ်၊ အဖုံးဖွင့်လိုက်ကာ အထဲမှစာခေါက်လေးကို ဖြန့်ဖတ်လိုက်သည်။

"ည ...
အနီရောင်ပန်းသီးထဲမှာ
အာဒမ်နဲ့ ဧဝရဲ့အချစ်တွေက
အငွေ့အသက်အဖြစ် ကိန်းနေကြတယ် ...





ငါ့ရဲ့ပတ္တမြားရောင်
နီစွေးစွေး နှလုံးသားထဲမှာလည်း
နင့်ပေါ်မှာ ရူးသွပ်မှုတွေ
ပျော်ဝင်နေကြတယ် ...
အာဒမ်နဲ့ဧဝတို့ရဲ့ ချစ်ခြင်းတွေ
ဖုံးလွှမ်းခဲ့ဖူးတဲ့
ပန်းသီးချိုချိုကို
လူတွေက မက်မောစွာ စားသုံးကြသလို
နင်အသိအမှတ်ပြုလိုက်ရင်
အားလုံး ပြည့်စုံသွားမယ့်
ငါ့နှလုံးသားကိုလည်း
တစ်နေ့မှာ လူတွေက
ပြတိုက်ထဲက အခမ်းနားဆုံးနေရာမှာထားပြီး
မြတ်မြတ်နိုးနိုး လေးလေးစားစားနဲ့
လာဦးညွှတ်ကြလိမ့်မယ် ...

သဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းညသည် မိုးသဒ္ဒါ၏ တဗျာလိုလို စာလိုလို ဘာလိုလို ညာလိုလို စာလေးကိုဖတ်ကာ ပြုံးလိုက်သည်။ ဘာလေး မှန်းလဲမသိ၊ ဘယ်လိုလေး ရေးထားမှန်းလဲမသို။ ဖတ်လို့ကောင်း တာတော့ အမှန်ပင်။ ပြုံးလိုက်ရင် ချစ်စရာကောင်းသော သူမ မျက်နှာလေးကို မြင်ယောင်မိသည်။

ဆောင်းညသည် ဖန်ဘူးလေးထဲသို့ စာလေးခေါက် ပြီး ပြန်ထည့်ကာ သူ့အဝတ်ဗီရိုအောက်ဆုံးထပ်တွင် ထည့်ထား ပြီး သော့ခတ်လိုက်သည်။ သူ "အချစ်" ဆိုသောအရာကို နားမလည် ပါ။ ရေရေရာရာလည်း မသိပါ။ သေချာတာတော့ အရုပ်လေးနှင့် မိုးသဒ္ဒါသည် သူ့စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသော ထူးခြားသည့် မိန်းကလေးနှစ်ယောက်ပင်ဖြစ်သည်။

○❤○





## ၆

ဒီနေ့စာမေးပွဲနောက်ဆုံးနေ့၊ မိုးသဒ္ဒါစိတ်ထဲတွင် မေသဲအိမ်နှင့် ဆောင်းညကို ကလိချင်သည့်ဆန္ဒတွေ တဖွားဖွား ပေါ်နေသည်။ မေသဲအိမ်နှင့် ရန်မဖြစ်ရတာလည်း ကြာပြီမဟုတ် လား။ ပြီးတော့ ဖန်ဘူးလေး၏ အကျိုးရလဒ်ကိုလည်း သိချင်မိ သည်။ သူ မေသဲအိမ်ကို အဲဒီကိစ္စ ပြောပြလိုက်လား၊ မေသဲအိမ် ဘယ်လိုနေလဲ မိုးသဒ္ဒါ သိချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်အို နောက်ဆုံးအပုဒ်ရှည်တစ်ပုဒ်ကို ဘယ်လောက်စဉ်းစား စဉ်းစား အစရှာလို့မတော့တာနှင့် မိုးသဒ္ဒါသည် စိတ်လျှော့လိုက်ကာ ဖြေပြီးသမျှတို့ကို ပြန်စစ်ပြီး အခန်းစောင့်ဆရာမကို စာရွက်အပ်ကာ ထွက်လာခဲ့သည်။ အချိန်က (၁၁)နာရီ မိနစ်လေးဆယ်။ ဆောင်းညတို့ မေသဲအိမ်တို့တော့ အချိန်ပြည့်မှ ထွက်လာမည်ဖြစ်သည်။ မိုးသဒ္ဒါသည် ကျောင်းဂိတ်အပြင်တွင် အကြော်အစည်များစွာဖြင့် ထိုနှစ်ယောက်ကို စောင့်စားနေမိသည်။

ဟော ... သူတို့ထွက်လာကြပါပြီ။ မေသဲအိမ်မျက်နှာ ပြုံးရွှင်နေပြီး ဘာကိုသဘောကျသွားသည်မသိ။ ဆောင်းညကို ရယ်မောကာ လက်ထဲမှ မေးခွန်းစာရွက်လိပ်နှင့် တဖျပ်ဖျပ်ရိုက်နေသည်။ ဆောင်းည မျက်နှာကလည်းပြုံးလို့။

"ဆောင်းည"

မိုးသဒ္ဒါသည် ဆောင်းညရှေ့သို့ သွားရပ်ကာ ခေါ်လိုက်သည်။

"ဟင်"

ဆောင်းညသည် သူ့ရှေ့လာရပ်သော မိုးသဒ္ဒါကို တွေ့တော့ ရုတ်တရက်မို့ လန့်သွားသည်။





"နင် ငါပေးထားတဲ့စာ ဖတ်ပြီးသွားပြီလား"

မိုးသဒ္ဒါက ခပ်တည်တည်နှင့် ပြောလိုက်သည်။ မေသဲအိမ်ရှေ့မှာ ရှက်ပြနေဖို့မလို။

ဆောင်းည မျက်နှာပျက်သွားသည်။ မိုးသဒ္ဒါ ဒီလောက်ရဲတင်းလိမ့်မည်ဟု သူ မထင်ထားပါ။ မေသဲအိမ်ကတော့ သံသယမျက်လုံးများဖြင့် ဆောင်းညနှင့် မိုးသဒ္ဒါကို ကြည့်နေပါသည်။ ဆောင်းည သူ့ကိုမပြောဘဲ ဘာတွေလုပ်နေလဲ။ ပြီးတော့ မိုသဒ္ဒါရော ဘာတွေကြံစည်နေလဲ။

"ဆောရီးပဲ မိုးသဒ္ဒါ၊ အဲဒီနေ့က မင်း လူကြားထဲမှာ အရှက်ကွဲမှာစိုးလို့ ငါ ယူလိုက်တာ၊ မဖတ်ဖြစ်လိုက်ဘူး။ ပြီးတော့ မိန်းကလေးနဲ့ မအပ်စပ်တဲ့ ရဲတင်းလွန်းတဲ့အပြုအမူမျိုးတွေ မင်း နောက်ထပ်မလုပ်ပါနဲ့၊ ငါ မုန်းတယ်၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေပါ"

"ဘာ"

မိုးသဒ္ဒါသည် မမျှော်လင့်သောစကားများ ဆောင်းညဆီက ကြားလိုက်ရသဖြင့် ဒေါသစိတ်တွေရော ရှက်စိတ်တွေပါ ငယ်ထိပ်သို့ တက်လာသလို ခံစားလိုက်ရသည်။ ပြီးတော့ မေသဲအိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ သူ ဒီလိုစကားမျိုး ပြောထွက်သည်။ မေသဲအိမ်ရဲ့သရော်တော်တော်အပြုံးနှင့် အကြည့်က စကားတစ်ခွန်းမှမပါဘဲ လူကို အခံရခက်စေသည်။

"နင်. စိတ်လျှော့လိုက်တော့ မိုးသဒ္ဒါ"

ဆောင်းည ထွက်သွားပြီးနောက်မှ မေသဲအိမ်က သူမနားကပ်ပြီး ခပ်တိုးတိုးလေး ပြောသွားသည်။ မိုးသဒ္ဒါ အံတင်းတင်းကြိတ်ထားမိသည်။

သူတို့ကို လာကြိုသော အဖြူရောင် wagon ကားလေးပေါ် သူတို့နှစ်ယောက် တက်သွားသည်အထိ သူမနေရာမှ မရွေ့မိသေးချေ။

နင် သိပ်ရက်စက်တယ် ဆောင်းည၊ နင့်ကို ငါမုန်းတယ်။ နင့်ကို စိတ်သဘောထား ပြည့်ဝတယ်လို့ ထင်ခဲ့မိတာ မှားတာပဲ။ မေသဲအိမ်ကို မခံချင်အောင် လုပ်တယ်ဆိုပေမယ့် နင့်အပေါ်မှာ ငါ့ခံစားချက်တွေ တကယ်ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ နင့်ရင်ထဲမှာရော၊ နင့်စိတ်ထဲမှာပါ ငါရှိမနေခဲ့ဘူးဆိုတာ ဒီနေ့ ငါ သိလိုက်ပြီ။ မေသဲအိမ်ကို မုန်းတီးမှုတွေနဲ့ နင့်ကိုနာကြည်းမှုတွေနဲ့အတူ ငါ ဆက်လက်ရှင်သန်နေဦးမှာပါ။





မိုးသဒ္ဒါသည် တလိမ့်လိမ့် ကျဆင်းလာသော မျက်ရည်တို့ကို သုတ်ဖို့မစဉ်းစားမိပါ။ တက္ကစီတစ်စီးကို လှမ်းတားလိုက်ပြီး အိမ်ပြန်ခဲ့သည်။ ငိုထားသော မျက်နှာအတွက်တော့ ပူစရာမလို။ စာမေးပွဲမဖြေနိုင်၍ဟု အကြောင်းပြ၍ ရသည်ပဲ။

"ဆောင်း ... မိုးသဒ္ဒါ ဘယ်တုန်းက စာပေးတာလဲ၊ နင် ဘာလို့ ငါ့ကို မပြောပြတာလဲ"

"နင်က မိုးသဒ္ဒါရဲ့နာမည်တောင် ကြားချင်တာမှ မဟုတ်တာ"

"ဆောင်း ... နင် စကားမလွှဲပစ်နဲ့၊ သူပေးတဲ့စာကို နင် တကယ်မဖတ်ဘူးလား၊ ဘာလုပ်ပစ်လိုက်လဲ"

"အဲဒါ ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပဲ အရုပ်လေး၊ ငါမပြောချင်တဲ့ ကိစ္စတစ်ခုကို ငါမပြောဘဲ နေလို့ရတယ်၊ ဒါ ငါ့အခွင့်အရေးပဲ အရုပ်လေး"

မျက်နှာထားတည်တည်နဲ့ ဆောင်းညက ပြောလိုက်တာမို့ မေသဲအိမ် ပါးစပ်ပိတ်သွားသည်။ သို့သော် နည်းနည်းမှ ကျေနပ်ပါ။ ဆောင်း ... မိုးသဒ္ဒါရဲ့စာကို ဖတ်ကိုဖတ်မည်ဆိုတာ သူမ သိနေသည်။ မိုးသဒ္ဒါရဲ့ခြေလှမ်းတွေက တော်တော်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မေသဲအိမ် ရင်ထိတ်မိသည်။ သို့သော် ဆောင်းက စိတ်ဝင်စားဟန်မပြတာမို့ ရင်အေးသွားရသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ မိုးသဒ္ဒါ သူမရှေ့တွင် တော်တော်ကို အထိနာသွားပါသည်။ မေသဲအိမ်သည် သူမဘေးနားတွင် ငြိမ်သက်စွာထိုင်နေသော ဆောင်းညကို သံသယအကြည့်နှင့် တစ်ချက်ကြည့်လိုက်မိသည်။

ဆောင်းည သက်ပြင်းချလိုက်သည်။ ပျက်ယွင်းနေသော ဒေါ်ရောင်ထ,နေသော မိုးသဒ္ဒါ၏ မျက်နှာကို ပြန်မြင်ယောင်မိသည်။ တစ်ခါတလေတော့လည်း အခြေအနေအရ အမှန်အတိုင်းပြောဖို့မဖြစ်နိုင်ခဲ့တာ သဘာဝတစ်ခုပဲ မိုးသဒ္ဒါ။ ပြီးတော့ မင်းမိန်းကလေးတစ်ယောက် ဖြစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားစေပြီး ထိန်းသိမ်းစေချင်တယ် မိုးသဒ္ဒါ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတာ ငါသဘောကျပေမယ့် မင်း ရဲတင်းလွန်းတာတော့ ငါသဘောမတွေ့ဘူး။

မိုးသဒ္ဒါအတွက်တော့ နွေရက်များသည် ရှည်လျားလွန်းလှသည်။ အိမ်မှုကိစ္စတွေ ဝိုင်းကူရင်း ကဗျာတွေ စာတွေ ရေးရင်းနှင့်ပင် သူမ၏အချိန်တွေ ကုန်ဆုံးစေခဲ့သည်။ ဘာသင်





တန်းမှ မတက်ဖြစ်သလို နွေနေပူပူကိုကြောက်သော သူမ အပြင်လည်းမထွက်ဖြစ်ပါ။ အတွေးထဲတွင် ဆောင်းညနှင့် မေသဲအိမ် ရှိနေသည်။

အခုလောက်ဆို သူတို့ ဘာတွေလုပ်နေကြမလဲ။

မတွေ့ရပါဘူးဆိုမှ ဆောင်းညကို သတိရမိသည်။ သိမ်မွေ့နူးညံ့ကြင်နာဟန်ရှိသော သူ့မျက်ဝန်းတွေ၊ နှစ်လိုဖွယ်ကောင်းသော သူ့အပြုံးတွေနှင့် ဖန်ဘူးလေးကို လှမ်းယူလိုက်သော သူ့လက်ချောင်း ဖြူဖြူသွယ်သွယ် ရှည်ရှည်လေးတွေ။ သွားစမ်းပါ ... သူက သူမစာကို မဖတ်ဖြစ်ဘူး။ သူမလုပ်ရပ်ကို မုန်း၍ တန်ဖိုးရှိအောင်နေဟု မေသဲအိမ်ရှေ့မှာ မညှာမတာ ပြောသွားခဲ့တာပဲ။

အနှစ်နှစ်အလလ ထိန်းထားတဲ့ မာနတွေ၊ သိက္ခာတွေလည်း ကုန်းကောက်စရာမရှိလောက်အောင် ဖြစ်ခဲ့ရပြီပဲ။ မိုးသဒ္ဒါသည် ရေးထားသော ကဗျာလေးတစ်ပုဒ်ကို ဆွဲဆုတ်ကာ လွှင့်ပစ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... အငယ်မ၊ နင် စက္ကူတွေကို ဟိုပစ်ဒီပစ် မလုပ်နဲ့လေ၊ အမှိုက်ခြင်းရှိနေတာပဲ၊ သပ်သပ်ရပ်ရပ်နေစမ်းပါ၊ ဒါကိုရော ဘာလို့လွှတ်ပစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးနှံ့သာသည် မိုးသဒ္ဒါကို လှမ်းပစ်လိုက်သော စက္ကူစကို ကောက်ပြီးဖြန့်ဖတ်လိုက်သည်။

ခြောက်သွေ့နွမ်းလျ
နွေကာလမှာ
ကြင်သူမရှိ
ရင်မှာထိလို့
တိတ်တိတ်လေးလွမ်း
ကျိတ်ကျိတ်လေးနမ်းမိပါတဲ့
ခရေပွင့်လေးတွေက
တိုးတိုးလေး ပြောနေကြတယ်
နွေကိုရောက်ရင်
မိုးနဲ့ဆောင်းဝေးသွားတာ
ခမ္မတာပဲတဲ့ ...

"ဒီကဗျာလေး ကောင်းသားပဲ မိုးရဲ့၊ ဘာကြောင့် လုံးခြေပစ်တာလဲ"

"မကောင်းလို့ပေါ့ မမပိုးရဲ့"





"နင့်ကို ငါ အကြံတစ်ခုပေးမယ် မိုး၊ နင် စာရေးဆရာမ လုပ်ပါလား၊ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်တာ အကောင်းဆုံးပဲ၊ ဒါပေမဲ့ မေမေက ကြိုက်ပါ့မလား မသိဘူး"

"မိုးလည်း စိတ်ကူးထားတာပဲ မမပိုး၊ အခုအချိန်မှာ ကိုယ့်စိတ်ထဲပေါ်လာတာတွေ ချရေးပစ်ချင်တယ်၊ အငြိုးတကြီးနဲ့ ကလဲစားချေချင်တဲ့၊ ရက်ရက်စက်စက် လက်တုံ့ပြန်တဲ့၊ ပြိုင်ဘက်ကို လုံးဝမထ,နိုင်အောင် အလဲထိုးပစ်နိုင်တဲ့ ဓာတ်လမ်းမျိုးတွေ ရေးချင်တယ်"

"ဟင် ... နင်ဟာကလည်း ကြောက်စရာ လန့်စရာတောင်ကောင်းနေပြီ၊ ညနေကျရင် ငါ့သူငယ်ချင်းတွေနဲ့ YKKO မှာ ကြေးအိုးသွားစားကြမလို့ လိုက်ခဲ့ပါလား။ စာမေးပွဲပြီးတည်းက နင် အပြင်မထွက်တာ တော်တော်ကြာနေပြီပဲ"

"စဉ်းစားဦးမယ် မမပိုး"

"စျေးကိုင်ပြန်ပြီ"

မိုးနှံ့သာသည် ညီမဖြစ်သူကို မျက်စောင်းရွယ်ကာ ပြောလိုက်ရင်း အခန်းထဲမှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ... မိုး၊ အောက်မှာ သမီးသူငယ်ချင်း မြတ်နိုး ရောက်နေတယ်"

လှေကားထိပ်မှ မေမေ့လှမ်းပြောသံကြောင့် မိုးသဒ္ဒါ ဝမ်းသာအားရနှင့် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

"မြတ်နိုး ... နင် လာလည်တာပေါ့"

"အေးပေါ့၊ မနေနိုင်တဲ့လူက လာတွေ့ရတာပေါ့"

"လာ မြတ်နိုး၊ အပေါ်ထပ်ကိုလာခဲ့"

"သမီး အပေါ်ထပ်တက်သွား၊ အပေါ်ထပ်မှာ သမီးသူငယ်ချင်းနဲ့ အေးအေးဆေးဆေး စကားသွားပြော၊ အန်တီ တော်ကြာနေ စားစရာ သောက်စရာတွေ လာပို့ပေးမယ်၊ အောက်ထပ်က သမီးခြင်တဲ့အတိုင်းပဲ အလုပ်ရှုပ်နေလို့"

"ဟုတ်ကဲ့ အန်တီ"

မြတ်နိုးသည် မိုးသဒ္ဒါ ဆွဲခေါ်ရာ ပါသွားရင်းက ပြောလိုက်သည်။

"နင်လာတာ ငါ အရမ်းဝမ်းသာတာပဲ မြတ်နိုး"

"တော်ပါဟာ၊ ငါ့ကို အဆက်အသွယ်မလုပ်ဘဲနေပြီးတော့ များ"





"ငါ နင့်ကို သတင်းတစ်ခုလာပေးတာ မိုး၊ ငါ သွယ်သွယ်နဲ့ ဆုံဖြစ်ကြတယ်၊ သွယ်သွယ်ဆိုတာ မေသဲအိမ်ရဲ့သူငယ်ချင်း အသားညိုညို၊ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးလေ"

"အေးပါ ... ငါသိပါတယ်၊ ပြောမှာသာ ပြောစမ်းပါ"

"လာမယ့် ကြာသပတေးနေ့က မေသဲအိမ် မွေးနေ့တဲ့၊ မွေးရက်နဲ့ မွေးနေ့ ကိုက်တယ်လို့ ပြောတာပဲ၊ အဲဒါ သူငယ်ချင်းတွေစုပြီး ဘုရားသွားကြ၊ ရုပ်ရှင်ကြည့်ကြ၊ လျှောက်လည်ကြမယ်တဲ့၊ ငါနဲ့ သွယ်သွယ်က MCC မှာ ကွန်ပျူတာ အတူတူ တက်နေတာ"

"နင် အဲဒီနေ့ အားလား မြတ်နိုး"

"ဘာလုပ်ဦးမလို့လဲ မိုး"

"သူတို့ကို မတွေ့ရတာကြာလို့ တွေ့ချင်လို့ပါ"

"မကောင်းဘူးထင်တယ်နော် မိုး၊ သူများမွေးနေ့မှာ ရန်သွားဖြစ်မလို့လား"

"ရန်ဖြစ်ရအောင် ငါတို့က ကလေးတွေမို့လို့လား မြတ်နိုးရဲ့။ ငါလည်း စာမေးပွဲဖြေပြီးကတည်းက အိမ်မှာပဲနေရတာ ဆိုတော့ ပျင်းတယ်ဟာ၊ အဲဒီနေ့ ငါတို့လည်း သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါလိုက်လို့ ဘယ်ဖြစ်မလဲ မိုးရဲ့၊ တော်ကြာ သွယ်သွယ်က ငါ့ကိုစိတ်ဆိုးနေဦးမယ်၊ နောက်ဆို သူ့ဆီက ဘာသတင်းမှ ရတော့မှာ မဟုတ်ဘူး"

မြတ်နိုး စိတ်ရှုပ်ဟန်ဖြင့် မိုးကိုကြည့်လိုက်သည်။ ငယ်ငယ်ကတည်းက ပေါင်းလာသူမို့ မိုးသဒ္ဒါစိတ်ကို သူမအသိဆုံး၊ ဒီသတင်းပေးရင် ဒီစကားပြောမည်ဆိုတာလည်း ကြိုသိနေသည်။ သွယ်သွယ်နဲ့ မျက်နှာပျက်စရာလည်း မဖြစ်ချင်ပါ။

"မိုး ... ငါ တကယ် အဲဒီနေ့မအားတာပါ။ သူတို့ ရွှေတိဂုံဘုရားကို အရင်ဆုံးသွားကြမယ်တဲ့၊ သွယ်သွယ့်ကို မနက် ရှစ်နာရီလောက် လာခေါ်ကြမယ် ပြောတယ်"

မိုးသဒ္ဒါသည် မြတ်နိုးကို မကြည်ကြည့်ဖြင့် ကြည့်လိုက်သည်။ ဒီမိန်းမ ပြဿနာတက်မှာ ကြောက်နေသည်။ ထားတော့ ... ဒီလိုတိကျတဲ့ သတင်းရတာက သူမအတွက်တော့ အမြတ်ပင်။

"အေးပါ ... နင် မလိုက်ချင်လည်းနေလေ၊ ဒီသတင်းလာပေးတဲ့အတွက် နင့်ကို အများကြီး ကျေးဇူးတင်တယ်၊ ဒါနဲ့ အခုတော့ နင် အားတယ်မဟုတ်လား"





"အေး ... ဘာလုပ်မလို့လဲ"

"ငါတို့ ဈေးဒင်သွားမေးကြရအောင်

မြတ်နိုးက အဆက်အစပ်မရှိသော မိုးသဒ္ဒါစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားသည်။

www.burmeseclassic.com



## ၈

မနက်ဖြန် အရုပ်လေးမွေးနေ့မို့ သူငယ်ချင်းတွေစုပြီး ဘုရားသွား လျှောက်လည်ကြဖို့ စီစဉ်ထားသည်။ အခန်းထဲမှ သူနှင့်အရင်းနှီးဆုံး ယောကျ်ားလေးသူငယ်ချင်းနှစ်ယောက်နှင့် အရုပ်လေးသူငယ်ချင်းနှစ်ယောက် ပါမည်ဖြစ်သည်။

စာမေးပွဲပြီးတော့ သူနှင့် အရုပ်လေး ကားမောင်းသင်ကြသည်။ ကွန်ပျူတာ၊ အင်္ဂလိပ်၊ တရုတ်ဘာသာရပ်များကို





လည်း မာမီက အိမ်မှာဆရာခေါ်ပြီး သင်ပေးသည်။ အရုပ်လေးနှင့် သူက တကယ့် သူငယ်ချင်းမောင်နှမပင်။ ခြံထဲက ဒန်းပြာပြာလေးပေါ်မှာ သူနှင့်အရုပ်လေး ထိုင်နေကြသည်။ ညက လသာနေပြီး ကောင်းကင်မှာ ကြယ်စုံနေ၏။

"ဆောင်း ... ငါ့ကိုမွေးနေ့လက်ဆောင် ဘာပေးမှာလဲ"

"နင်လိုချင်တာပေးမယ်လေ အရုပ်လေး၊ မွေးနေ့ရှင်လိုချင်တာပေးတာ အကောင်းဆုံးပဲ မဟုတ်လား"

"တကယ်လို့ ငါလိုချင်တာက နင်မတတ်နိုင်တဲ့ အရာမျိုးဆိုရင်ရော"

"နင်က ဘာလိုချင်တာလဲ အရုပ်လေး၊ တိုက်ကြီးလား၊ ကားကြီးလား၊ ငါတတ်နိုင်တဲ့ အတိုင်းအတာမျိုးပဲ တောင်းပေါ့ဟာ"

ရယ်ဟဟနဲ့ပြောလိုက်တဲ့ ဆောင်းကို မေသဲအိမ်ငေးခနဲကြည့်မိသည်။ နင်မသိတာလား၊ မသိချင်ယောင်ဆောင်တာလား ဆောင်းရယ်၊ ငါ့အကြည့် အပြုအမူတွေကို နင် အရွယ်ရောက်နေတဲ့ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ခံစားမိမှာပါ။

"အရုပ်လေး ... နင် ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ဆက်မပြောဘဲ အကြာကြီးတိတ်နေသော အရုပ်လေးကို သူ ငုံ့ကြည့်ကာ မေးလိုက်သည်။ သူ့ကိုမော့ကြည့်လာတဲ့ အရုပ်လေး မျက်ဝန်းလေးတွေက ကြယ်လေးတွေလို တဖျပ်ဖျပ်လက်နေသည်။ အနီရောင်နှုတ်ခမ်းလှလှလေးက တစ်ခုခုကို ပြောတော့မယောင်ယောင်နှင့် ဖြူနုသော သူမပါးပြင်က လ, အရိပ်မှာ သိပ်လှနေပါသည်။ သို့သော် သူ့နှလုံးသားတို့က ပကတိတည်ငြိမ်နေဆဲ။

"လူတစ်ယောက်နဲ့တစ်ယောက် ဘယ်လိုအကြောင်းမျိုးကြောင့် ချစ်နိုင်ကြမလဲ ဆောင်း"

"ငါ ဘယ်သိမလဲ အရုပ်လေး၊ ငါမှမချစ်ဘူးပဲ၊ ငါချစ်တတ်လာတဲ့ တစ်နေ့မှာ နင်မေးတဲ့မေးခွန်းကို ဖြေနိုင်မှာပါ"

မေသဲအိမ် မျက်နှာမဲ့လိုက်သည်။ နင် ဘယ်လိုလူလဲ ဆောင်း။ အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ပွန်းတတီးနေတာတောင် နင့်စိတ်တွေ မယိုင်လဲခဲ့တာ အံ့သြစရာပဲ။ နင့်ရှေ့ရောက်တိုင်း ငါ့အလှဟာ ဘာမှသုံးစားမရသလို စွမ်းအားတွေပျောက်ဆုံးသွားတယ်။ ငါ ဘယ်အထိ နင့်ကို စောင့်မျှော်နေရမှာလဲ။

○❤○





ချွေတိဂုံဘုရားကို မနက်(၉)နာရီတွင် မိုးသဒ္ဒါရောက်ခဲ့ပါသည်။ တစ်ယောက်တည်းတော့ မဟုတ်ပါ။ မမပိုး၏ချစ်သူကိုကြီးကြည်သော်ဦးနှင့်ဖြစ်သည်။ ကိုကြီးကြည်သော်ဦးက သူမကို ညီမလေးတစ်ယောက်လို ချစ်ပါသည်။ တစ်ရပ်ကွက်တည်းနေကြသူတွေဖြစ်ပြီး နှစ်အိမ်တစ်အိမ် ရင်းနှီးကြသူတွေလည်းဖြစ်သည်။ မမပိုး ပြန်ကြိုက်လာအောင် ဒိုင်ခံစာရေးပေးသူက သူမကိုယ်တိုင်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကြည်သော်ဦးက စာတစ်စောင် ရေးပေးတိုင်း မှန့်ဝယ်ကျွေးနေကြ။ မမပိုးက မသိသေးတုန်းကတော့ ရင်ခုန်နေသည်။ ဒီစာတွေ ကိုကြီးရေးသည်ထင်ပြီးတော့ပေါ့။ နောက်မှ ညီမလက်စွမ်းမှန်းသိကာ ဒေါသူပုန်ထ,တော့သည်။ ကြည့်လိုက်ရင် အေးပုံရပြီး စိတ်ကောက်တတ်သော မမပိုးကို ကိုကြီးကြည်သော်ဦးက နားလည်၍ အပြစ်မမြင်ပေ။

"မိုး ... ကိုးနာရီထိုးနေပြီနော်။ ယတြာက(၉)နာရီ လုပ်ရမှာဆို နင်တို့မိန်းကလေးတွေကလေ တော်တော်အစွဲအလမ်းကြီးကြတယ်။ စာမေးပွဲကဖြေပြီးလို့ စစ်တောင်စစ်နေပြီဟာကို အစကတည်းက စာကြိုးစားပါလား"

မိုးသဒ္ဒါသည် ကိုကြီးစကားကို ရယ်ချင်နေမိသည်။ ဒီနေ့ မေသဲအိမ်တို့ ကြာသပတေးထောင့်ကို လာမှာသေချာလို့ စာမေးပွဲအောင်စာရင်းအတွက် ရွှေတိဂုံဘုရားရဲ့ ကြာသပတေးထောင့်မှာ တနလ်ာသားနဲ့ ကြာပန်းကပ်ရမယ်လို့ မြတ်နိုးနဲ့ဗေဒင်သွားမေးပြီး ပြန်အလာတွင် မေမေနှင့် မမပိုးကို လိမ့်လိုက်ပြီး မမပိုး ခွင့်ပြုချက်နှင့် ကိုကြီးကြည်သော်ဦးကို ရအောင်ခေါ်လာခြင်းဖြစ်သည်။





အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ အစဥ်အမြဲပြုံးနေသော ကိုကြီးကြည်သော်ဦးသည် ကြည့်လိုက်သည်နှင့် အဆင့်အတန်းရှိကာ ခင်မင်ရင်းနှီးနှစ်လိုဖွယ်ကောင်းသူမှန်း သိသာစေပါသည်။

"ကိုကြီးကလေ စကားကိုများတယ်၊ ပေး ... ပေး ကြာပန်းပေးတော့"

မိုးသဒ္ဒါသည် ဆောင်းညတို့လူအုပ်ကို လှမ်းတွေ့လိုက်တာကြောင့် ကျေနပ်သွားပြီး ကိုကြီးကြည်သော်ဦး လက်ထဲမှာကိုင်ထားသော ကြာပန်းတို့ကို လှမ်းယူလိုက်သည်။

"ဟင်"

ဆောင်းညသည် ကြာသပတေးထောင့်သို့ သူငယ်ချင်းများနှင့်အတူ လျှောက်လာရာက ခပ်လှမ်းလှမ်းမှ ကောင်မလေးတစ်ယောက်နှင့် လူရွယ်တစ်ယောက်ကို တွေ့ရပြီး အမှတ်တမဲ့နေနေရာမှ အနားရောက်တော့မှ မိုးသဒ္ဒါ ဖြစ်နေတာကြောင့် တစ်မျိုးလေး ခံစားသွားရသည်။

သွယ်သွယ်ကတော့ တိုက်ဆိုင်မှုဟု မယူဆပါပေ။ မေသဲအိမ်နှင့် မိုးသဒ္ဒါ၏ ကျောင်းတော်ကရန်စကို သိထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာ လာတွေ့ရတာ မြတ်နိုး သတင်းပေးလို့ဆိုတာ ချက်ချင်း သဘောပေါက်မိသည်။ မိုးသဒ္ဒါသည် ဘုရားအိုးထဲ ကြာပန်းတွေ ထည့်ပြီး ရေသပ္ပာယ်နေသည်။

သူတို့ကိုတွေ့တော့လည်း အံ့ဩဟန်မပြပါ။ သူမ ကြိုသိနေတယ်ဆိုတာ သေချာလှသည်။ ချောမော၍ သဘောထား ပြည့်ပုံရသော အစ်ကိုကြီးတစ်ယောက်ကို [illegible]။ မေသဲအိမ် သိရင် သူမကိုအပြစ်ပြောမည်မို့ သွယ်သွယ်သည် မကျေနပ်သော်လည်း ပါးစပ်ပိတ်နေမိသည်။

"ကိုကြီးလည်း မိုးအတွက် ရေသပ္ပာယ်ပေးလေ"

"အေး ... အေး"

ကိုကြီးကြည်နုသော်ဦးက ဘာမှမသိရှာ၊ [illegible] သူမနဲ့အတူရေသပ္ပာယ်ပေးနေသည်။ ဆောင်းည ဒီမြင်ကွင်းကို လုံးဝမကြည့်လိုပါ။ မတွေ့ရတဲ့ နှစ်လအတွင်းမှာ မင်းက ယောက်ျား တစ်ယောက်ကို ပြုစားနိုင်ခဲ့တာပဲ။

"အရှပ်လေး ... သွားလေ၊ ဒီဘက်မှာ အဆင်မပြေလည်း ဟိုဘက်မှာ သွားရေသပ္ပာယ်၊ ငါတို့တန်ဆောင်းထဲမှာ စောင့်နေမယ်"





ဆောင်းည အရှပ်လေးကို တီးတိုးပြောလိုက်သည်။ သူက တန်ဆောင်းဘက်သို့ ခြေဦးလှည့်လိုက်တာမို့ သူငယ်ချင်း သုံးယောက်တို့ပါ သူ့နောက် လိုက်လာကြသည်။

"မိုးသဒ္ဒါက ဘယ်ဆိုးလို့လဲဟ၊ သူ့ဘဲက တော်တော်ချော သားပဲ"

အရှပ်လေး သူငယ်ချင်းနှစ်ယောက် ဖြစ်သော သွယ်သွယ်နှင့် ယင်းမာစကားကြောင့် သူ့ရင်ထဲသို့ ဖော်မပြတတ်သော ခံစားမှုတစ်ခု ဝင်ရောက်လာသည်။ အခံရခက်သည်။ နာကျင်စူးရှသည်။ ငါ ဘာဖြစ်နေတာလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်တဲ့အချိန်မှာ မင်းကို သာမန်မဟုတ်တဲ့ စိတ်ဝင်စားမှု တွေနဲ့ ငါ စိတ်ဝင်စားနေမိပြီဆိုတာ သိလိုက်ရတယ် မိုးသဒ္ဒါ။ ဒါပေမဲ့ နှမြောစရာက ပြောင်းလဲတတ်တဲ့ မိန်းမမျိုးကိုမှ ငါစိတ် ဝင်စားနေလို့ပဲ။

ရယ်စရာပဲ မိုးသဒ္ဒါ၊ ပြတိုက်ထဲက အခမ်းနားဆုံး နေရာမှာ မင်းနှလုံးသားကိုထားပြီး လူတွေက လေးလေးစားစား ဦးညွှတ်ကြမယ်တဲ့လား။ ဟုတ်မှာပါ ... အချိန်တိုလေးအတွင်း အပြောင်းအလဲ မြန်လွန်းတဲ့အတွက်ကြောင့်ပဲ ဖြစ်မှာပါ။ မင်းရေး ထားတဲ့စာလေးကို ငါ ညတိုင်းဖတ်မိတယ် မိုးသဒ္ဒါ။ ဒါတွေကို



www.burmeseclassic.com

www.burmeseclassic.com



မင်းသိအောင် တစ်နေ့ကျရင် ငါပြောမယ် စိတ်ကူးထားပေမယ့် အဲဒီတစ်နေ့ဆိုတာ ငါတို့အတွက် မရှိနိုင်တော့ဘူးပဲ။

မိုးသဒ္ဒါသည် ဘုရားရှိခိုးပြီး ကိုကြီးကြည်သော်ဦးနဲ့အတူ ထွက်လာခဲ့သည်။ ဟိုတစ်ဖက် ရေသပ္ပာယ်သည့်နေရာမှာ မေသဲအိမ် ရေသပ္ပာယ်နေတာ တွေ့လိုက်ရသည်။ တန်ဆောင်းထဲက မျက်ဝန်းတစ်စုံကိုပါ လှမ်းတွေ့လိုက်သည်။

ဆောင်းမျက်ဝန်းတွေထဲမှာ အရိပ်များစွာရှိသည်။ မိုးသဒ္ဒါ ကျေကျေနပ်နပ် ပြုံးမိသည်။ နင် မုန်းတဲ့၊ တန်ဖိုးမထားတဲ့ မိန်းကလေးတစ်ယောက်ကို တခြားယောက်ျားတစ်ယောက်နဲ့တွဲမြင်တာ နင် မျက်နှာပျက်စရာလား ဆောင်းည။

နင်သိထားဖို့က မိုးသဒ္ဒါ ဆိုတဲ့ မိန်းကလေးဟာ ယောက်ျားတစ်ယောက်ကို အောက်ကျနောက်ကျခံပြီး ချစ်ခွင့်တောင်းတတ်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး။ မေသဲအိမ်နဲ့ပတ်သက်ပြီး နင့်ကိုချဉ်းကပ်ခဲ့ပေမယ့် နင့်ရဲ့ပြင်းထန်တဲ့စကားတွေက ငါ့မာနတွေကို ရိုက်ချိုးခဲ့တာမို့ ငါ လက်တုံ့ပြန်ခဲ့တာပဲ။ နင့်စိတ်ထဲက "ငါက နင့်ကို အသေအလဲ ငြိတွယ်နေတယ်"ဆိုတဲ့ အစွဲအလမ်းကို ဖျောက်ပစ်လိုက်ချင်တာ။

"ခဏလောက် မိုးသဒ္ဒါ"



နောက်နားဆီမှ ထွက်ပေါ်လာသော အသံကြောင့် ကိုကြီးရော မိုးသဒ္ဒါပါ လှည့်ကြည့်လိုက်သည်။

"ကိုကြီး ခဏနော်၊ သူငယ်ချင်းနဲ့ စကားပြောချင်လို့"

"အေး ... အေး၊ ကိုကြီး အရှေ့ဘက်မုခ်မှာ စောင့်နေမယ်"

"ဟုတ်ကဲ့"

ကိုကြီး ထွက်သွားတော့ သူမ ဆောင်းညကို မော့ကြည့်မိသည်။

"ဘာကိစ္စလဲ ဆောင်းည"

"နင်ပေးထားတဲ့ ဖန်ဘူးကို ပြန်ပေးချင်တယ်၊ မှသားတွေ ရေးထားတဲ့စာကို မီးရှို့ပစ်ဖို့အတွက် မီးကို အားနာတယ်၊ ရေနဲ့ဖျက်ပစ်ဖို့လည်းမတန်ဘူး။ တွေ့ကရာနေရာကို လွှင့်ပစ်ဖို့ကျပြန်တော့လည်း မြေကြီးက အလိုမရှိမှာစိုးတယ်"

"ဟင်"

မိုးသဒ္ဒါသည် သူမကိုမကြည့်ဘဲ ပြောနေသော ဆောင်းည စကားတွေကြောင့် အံ့ဩတုန်လှုပ်သွားသည်။ ဒါဆို သူ သူမရေးထားတဲ့စာကိုဖတ်ပြီး သူမပေးခဲ့တဲ့ ဖန်ဘူးလေးကို သိမ်းထားခဲ့တာပေါ့။ ဒါဆို သူ ဘာလို့ မေသဲအိမ်ရှေ့မှာ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကို ညာပြောခဲ့တာလဲ။ မိုးသဒ္ဒါသည် ဆောင်းည မျက်နှာကိုမော့ကြည့်နေမိသည်။

"ငါ ပြန်မယူနိုင်ဘူး ဆောင်းည။ ပေးပြီးသားပစ္စည်းတစ်ခုကို ငါ ပြန်မယူတတ်ဘူး"

မိုးသဒ္ဒါစကားကြောင့် ဆောင်းည ဆတ်ခနဲဖြစ်သွားကာ သူမကို ငုံ့ကြည့်လိုက်သည်။

"မယူလို့မရဘူး မိုးသဒ္ဒါ၊ ငါ့အတိတ်မှာ မိန်းမတစ်ယောက်ရဲ့လှပစွာ လှည့်စားခဲ့တဲ့ အဖြစ်အပျက်ကို သက်သေနဲ့တကွ ရှိမနေစေချင်ဘူး"

ဆောင်းည မျက်ဝန်းတွေက နာကြည်းမှုနှင့် ပြည့်နက်နေသည်။

"ရင်ထဲကတကယ့်ခံစားချက် အစစ်အမှန်ကို ဖုံးထားတတ်တဲ့သူရဲ့ရင်ထဲ ဝင်မကြည့်နိုင်ခဲ့တာ ငါ့အမှားလား ဆောင်းည၊ နင်ထင်သလို ကိုကြီးနဲ့ငါ ဘာမှမဟုတ်ခဲ့ဘူး။ သူက ငါ့အစ်မပိုးရဲ့ ချစ်သူပဲ။ ငါတို့ စာမေးပွဲအောင်ဖို့အတွက် ယတြာလာလုပ်ကြတာ၊ ဒါကြောင့် ငါ ဖန်ဘူးကို ပြန်မယူနိုင်ဘူး"





မိုးသဒ္ဒါသည် ရှည်လျားစွာပြောပြီး ပြေးထွက်သွားပါသည်။ ဆောင်းညက နေရာတွင်ရပ်ကာ ကျန်ခဲ့သည်။ ရင်ထဲက နာကြည်းမှု၊ အခံရခက်မှု၊ ပူလောင်မှုတွေ ရုတ်ခြည်းငြိမ်းကျသွားသည်။ နင်ပြောသွားတာ တွေက တကယ်လား မိုးသဒ္ဒါ။ အခုငါသိသွားပြီ၊ အချစ်ဆိုတာ လူတစ်ယောက်ကို ပျော်ရွှင်အောင်ရော၊ နာကျင်အောင်ပါ ပြုစားနိုင်စွမ်းရှိတယ်၊ နင်က ငါ့ကို နှစ်မျိုးစလုံးခံစားစေတယ်။ နင်ဟာ ငါ့ရဲ့အချစ်နတ်သမီးပဲ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



၉

မေသဲအိမ် အိပ်ရာထက်မှာ လူးလူးလှိမ့်လှိမ့်နှင့်အိပ်၍မပျော်နိုင်ပါ။ နာကျင်လွန်းသောရင်သည် ပေါက်ကွဲမတတ် ပြင်းထန်လာခဲ့သည်။ အရှုံးကို သက်သေပြနေသော မျက်ရည်စက်များသည် ခေါင်းအုံးထက်မှာ ကြွေလွင့်လို့နေသည်။ နှလုံးသားတစ်ခုကို ဆွဲအလှခံလိုက်ရသလို ခံစားနေရသည်။





ပျော်စရာကောင်းမည်ဟု ထင်ထားသော သူမ၏မွေးနေ့လေးသည် အရုပ်ဆိုး အထီးကျန်ဆန်ခဲ့သည်။ ဆောင်းည၏ မိုးသဒ္ဒါပေါ်ထားသော သဘောထားအမှန်ကို သူမ မျက်စိနှင့်တပ်အပ် မြင်လိုက်ရသည်။ သူမ ဘေးနားမှာ အမြဲရှိနေလျက်နှင့် မိုးသဒ္ဒါ၏လွှမ်းမိုးမှုကို သူ ခံရတာ သူမ ညံ့ဖျင်းလို့ပဲ ဖြစ်မှာပါ။

"အရုပ်လေး ... ဒီနေ့ ငါနဲ့ မိုးသဒ္ဒါ ဘာတွေပြောလဲ နင် မသိချင်ဘူးလား"

အိမ်အပြန်လမ်းမှာ သူ့စကားထဲတွင် ကျေနပ်ပျော်ရွှင်မှုတွေ ပျော်ဝင်နေသလိုပင်။

"အဲဒီတစ်ယောက်က သူ့အစ်မဘဲတဲ့ဟာ၊ ငါ ပထမ သူ့ဘဲထင်လို့ ပူထူသွားတာပဲ"

အချိုမြိန်ဆုံးအပြုံးတွေနဲ့ သူ ပြောတော့ သူမအသည်းနာမိသည်။

"အချစ်ဆိုတာ နာကျင်မှုရော ပျော်ရွှင်မှုပါ ပေးစွမ်းနိုင်တယ်၊ မိုးသဒ္ဒါကြောင့် ငါ ရင်ခုန်လှုပ်ရှားပျော်ရွှင်ရသလို နာကျင်ကြေကွဲမှုတွေလည်း ခံစားခဲ့ရတယ်။ ဒီနေ့မှာ သူ့ကို အဲဒီလူနဲ့ မတွေ့ခဲ့ဘူးဆို ငါကိုယ်ငါ ဘာဖြစ်နေလဲဆိုတာ သိမှာတောင် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ... နင် တော်ဖို့ကောင်းနေပြီ၊ ငါ ဆက်နားမ ထောင်နိုင်တော့ဘူး"

မေသဲအိမ်သည် နားနှစ်ဖက်ကို လက်နဲ့ပိတ်ပြီး အော်ဟစ်လိုက်သည်။ ဆောင်းညက သူမရဲ့ပေါက်ကွဲမှုကို အံ့ဩစွာ ငေးစိုက်ကြည့်နေသည်။

အိမ်ရှေ့မှာ ကားရပ်ရပ်ချင်း ကားတံခါးဆွဲဖွင့်ပြီး အိမ်ထဲပြေးဝင်လာခဲ့သည်။ ပြီးတော့ သူမအခန်းလေးထဲ ပြေးဝင်ကာ လော့ခ်ချလိုက်သည်။

ဟန်မဆောင်နိုင်ဘူး ဆောင်းည၊ ဘုရားက ပြန်လာပြီးကတည်းက ငါ ဘယ်မှဆက်မသွားချင်တော့တာ၊ ပါလာတဲ့ သူငယ်ချင်းတွေကို အားနာပြီး တအားရုပ်ပျက်သွားမှာစိုးလို့ နင် ငါ့ကိုပေးတဲ့ မွေးနေ့လက်ဆောင်က ရက်စက်လွန်းပါတယ် ဆောင်းည။

ဒီနေ့ ညစာလည်း ထွက်မစားမိပါ။ ဒီနေ့ ငါ့အားရအောင် ငိုပါရစေ ဆောင်းည။ မိန်းကလေးကျောင်းအိမ်သာမှ မိုးသဒ္ဒါနှင့် သူမ၏ရန်ပွဲကို ပြန်မြင်ယောင် ကြားယောင်မိသည်။ နင့်ကို ငါ သိပ်မုန်းတယ် မိုးသဒ္ဒါ။ ငါ အခုထပ်လောင်းပြီးပြော





လိုက်မယ်၊ နင် ဆောင်းညကို မရစေရဘူး။ မေသဲအိမ် မျက်ရည်ထပ်မကျဖို့ ကြိုးစားနေသည်။ စဉ်းစားစမ်း မေသဲအိမ်၊ ငိုတယ်ဆိုတာ အရှုံးပေး ပျော့ညံ့ရာရောက်တယ်။

ရန်သူအားရအောင်မလုပ်နဲ့ မေသဲအိမ်။ စိတ်အေးလက်အေးနဲ့ မိုးသဒ္ဒါကို ချောက်ချနိုင်မယ့်နည်းလမ်းကို စဉ်းစားပါ။ ဘယ်တော့မှ အလျှော့မပေးလိုက်ပါနဲ့။ မေသဲအိမ်သည် ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်ပါသည်။

အခန်းတံခါးခေါက်သံကို ကြားလိုက်ရသည်။ မေသဲအိမ် ခေါင်းထောင်သွားသည်။ ည(၁၁)နာရီဝင် ရှိနေပြီ။

"အရုပ်လေး ... အရုပ်လေး ... တစ်ခုခု ထွက်စားလိုက်ပါ အရုပ်လေးရာ၊ နင် မအိပ်သေးဘူးဆိုတာ ငါသိတယ်"

မေသဲအိမ် နာကျင်စွာ ပြုံးလိုက်သည်။ နင် ငါ့ကို ဂရုစိုက် အလိုလိုက်တာတွေဟာ သနားလို့ဆိုတာ ငါ အခုသိသွားပြီ ဆောင်းည။ မေသဲအိမ် ခေါင်းရင်းကမီးကို ဖွင့်လိုက်သည်။ နီရဲမို့အစ်နေသော မျက်နှာကို မှန်ရှေ့တွင်ရပ်ကာ ကြည့်လိုက်သည်။

မေသဲအိမ် အခန်းတံခါး လာဖွင့်တာမို့ ဆောင်းည ဝမ်းသာသွားသည်။ နီရဲမို့အစ်နေသော သူမမျက်နှာကို အတွေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် သူ သူမကို အရမ်းသနားသွားသည်။ သူ့အပေါ် တိမ်းညွတ်နေသော အရုပ်လေးစိတ်ကို သူ မသိတာမဟုတ် ကောင်းကောင်းသိပါသည်။ သို့သော် အရုပ်လေးကို ညီမလေးတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လိုသာ သူ သဘောထားနိုင်ခဲ့သည်။

"နင် ငိုထားတာလား အရုပ်လေး၊ ဆောရီးပဲ ငါတောင်းပန်ပါတယ်"

"မလိုပါဘူး ဆောင်း၊ ငါငိုတာ နင် ငါ့ကို အရင်ကလို ဂရုမစိုက်တော့မှာစိုးလို့ ဝမ်းနည်းလို့ ငိုမိတာပါ"

အရုပ်လေး အပြောကိုကြားတော့ သူ အရုပ်လေးကို အသနားပိုမိပြန်သည်။

"ဘာဆိုင်လို့လဲ အရုပ်လေးရာ၊ ငါ နင့်ကို အမြဲဂရုစိုက်ပြီး အလိုလိုက်နေမှာပါ"

"မိုးသဒ္ဒါက လက်ခံပါ့မလား ဆောင်းည၊ ကိုယ့်ချစ်သူနဲ့ သူစိမ်းမိန်းကလေးကို ဘယ်သူက ချစ်သူထက် သူစိမ်းမိန်းကလေးကို ပိုဂရုစိုက်မှာတဲ့လဲ"

"အဲဒီကိစ္စတွေ နောက်မှပြော အရုပ်လေး၊ နင် ဗိုက်ဆာနေမှာ ငါသိတယ်၊ လာ ... လာ"





ဆောင်းညသည် အရုပ်လေးကို ထမင်းစားခန်းထဲသို့ ဆွဲခေါ်လာခဲ့သည်။ အရုပ်လေးကို ထမင်းစားပွဲမှာ ထိုင်ခိုင်းကာ အရုပ်လေးအတွက် ကော်ဖီတစ်ခွက် သူဖျော်ပေးကာ ရေခဲသေတ္တာထဲမှ sandwich နှစ်ခုကိုထုတ်ပြီး အရုပ်လေးရှေ့ချပေးလိုက်သည်။

"ထမင်းတော့ မစားနဲ့တော့ ရင်ပြည့်ပြီး အစာမချက်ဘဲနေလိမ့်မယ်၊ ဒါလေးတော့ စားလိုက်"

မေသဲအိမ် ဆောင်းည ပြုမူလှုပ်ရှားမှုတွေကို အစ, အဆုံး လိုက်ကြည့်နေမိသည်။ နင် ငါ့ကို ဝေဒနာတွေပိုတိုးအောင် လုပ်နေတာလား ဆောင်း၊ ငါ နင့်ကို ဘယ်လိုလုပ် စွန့်လွှတ်နိုင်မှာလဲ ဆောင်း။ နင့်အနားမှာ ထာဝရနေခွင့်ရအောင် ငါကြိုးစားမယ် ဆောင်း။ တစ်ခါတလေမှာ နင် ခံစားသွားရရင်လည်း ခံစားသွားရမယ်၊ ဒါပေမဲ့ ဒါတွေအားလုံးက နင့်ကို ငါ သိပ်ချစ်လို့ဆိုတာ နင် နားလည်ပေးပါ ဆောင်း။

ဒီနေ့ ဆယ်တန်းအောင်စာရင်းထွက်သည်။ မိုးသဒ္ဒါကတော့ အိပ်ကောင်းဆဲ။ ရင်ခုန်လှုပ်ရှားစရာမှ မကောင်းဘဲ။ မနက်မိုးမလင်းခင်ကတည်းက မေမေနဲ့ မမပိုး အောင်စာရင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့ သူမကို နှိုးသော်လည်း သူမ မထခဲ့ပါ။ နောက်ဆုံးစိတ်မရှည်တော့သည်နှင့် သူတို့နှစ်ယောက် အောင်စာရင်းသွားကြည့်ကြသည်။ ပြန်လာရင် နားပူအောင် အဆူခံရမှာကိုလည်း သူမကြိုသိနေသည်။

"မိုး ... မိုး ... ဟဲ့ ထ,လေ၊ နင် ဘယ်လိုမိန်းမမျိုးလဲ၊ သွေးအေးလိုက်တာလည်း လွန်ပါရော"

ခြင်ထောင်ကို ဆွဲဖွင့်ပြီး သူမပခုံးကို လှုပ်ကာနှိုးလိုက်သော အသံကြောင့် မျက်စိကို အားယူကာ ဖွင့်ကြည့်လိုက်သည်။ မြတ်နိုးကိုတွေ့တော့ သူမ အံ့ဩသွားသည်။

"ဟင်အင် ... မြတ်နိုး၊ နင် ဘယ်လိုရောက်လာတာလဲ"

"တွေ့လား မေးပုံကိုက ... ထ ... ထ"

မိုးသဒ္ဒါသည် မြတ်နိုးကို အားနာတာနှင့် မထချင်ထချင် ထလိုက်သည်။

"နင် မြန်မာစာဂုဏ်ထူးပါတယ်၊ ငါက physics ၊ ဆောင်းညက အောဒီ၊ မေသဲအိမ်က သရီးဒီ၊ chemistry ရယ်၊ physics ရယ်၊ သင်္ချာရယ်"

"ဒါဆို ငါ အညံ့ဆုံးပေါ့"





မိုးသဒ္ဒါက ရယ်ဟာဟာနှင့် ပြောလိုက်သည်။

"မိန်းမ ... မြန်မြန်လုပ်၊ အောက်မှာ သူငယ်ချင်းတွေ ရောက်နေတယ်၊ တစ်နေရာရာ လျှောက်လည်ကြမလို့"

"ဘယ်က သူငယ်ချင်းတွေလဲ"

မိုးသဒ္ဒါက အံ့ဩဟန်ဖြင့် မေးလိုက်သည်။ သူမက ကျောင်းမှာ အပေါင်းအသင်း သိပ်မရှိပါ။ မြတ်နိုးက သူမကို အဖြေမပေးဘဲ ပြုံးတုံ့တုံ့ လုပ်နေသည်။

မိုးသဒ္ဒါသည် အိမ်ပေါ်ထပ်မှ သိလိုစိတ်နှင့် အောက်ထပ်ကို ဆင်းလာခဲ့သည်။ မမျှော်လင့်ဘဲ ဆောင်းညနှင့် သူ့သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရတာမို့ အံ့ဩလွန်း၍ အိပ်မက်လို့တောင် ထင်မိသည်။

အိမ်နေရင်းဝတ်သည့် ချည်သားအင်္ကျီနှင့် ဘောင်းဘီအပွကြီးဝတ်ထားကာ မျက်နှာမသစ်ရသေးသော သူမ ပုံစံကို ဆောင်းညရှေ့တွင် ရှက်ရွံ့မိသည်။

"ကြည့်စမ်း မိုး၊ ဒီကလေးက အောဒီထွက်တယ်တဲ့၊ တော်လိုက်တာ တကယ်ပဲ၊ မြန်မာစာဂုဏ်ထူးတစ်ခုတည်းပါတာ ဘာသွားသုံးစားလို့ ရမှာလဲ၊ ကြည့်စမ်း ... ဒီလိုကလေး



www.burmeseclassic.com

www.burmeseclassic.com



မျိုးမွေးထားတဲ့ အမေကတော့ တော်တော်ကိုကံကောင်းတာပဲ”

မိုးသဒ္ဒါသည် ဆောင်းညကို မျက်စောင်းထိုး မျက်နှာမဲ့ပြလိုက်ရင်း နောက်ဖေးအုတ်ကန်ဆီသို့ မျက်နှာသစ်ရန် ထွက်ခဲ့သည်။ ဆောင်းည ဘယ်လို သူမအိမ်ကို သိသွားသည်မသိ။ သူမကို မြတ်နိုးချစ်ကြည်တဲ့ အကြည့်တွေနဲ့ စိုက်ကြည့်နေတဲ့ ဆောင်းညရဲ့ချောမောခန့်ညားသော မျက်နှာလေးကို မျက်နှာသစ်တုန်း ပြန်မြင်ယောင်မိကာ ကျေနပ်နှစ်သက်ဟန်နှင့် သူမ အသာအယာ ပြုံးမိသည်။

○❤○





ရန်ကုန်တိရစ္ဆာန်ရုံထဲက သစ်ပင်တစ်ပင်အောက်က ထိုင်ခုံတန်းလျားပေါ်တွင် မိုးသဒ္ဒါနှင့် ဆောင်းည ထိုင်နေကြသည်။ မြတ်နိုးနှင့် ဆောင်းည သူငယ်ချင်းနှစ်ယောက်က အဖွဲ့ကျကာ game city ဘက် ထွက်သွားကြသည်။

“နင် ဘာမှမပြောဘဲ ဒီအတိုင်း ထိုင်နေတော့မှာလား ဆောင်းည”

မိုးသဒ္ဒါက တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့သဖြင့် အလိုမကျဟန်ဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... သဒ္ဒါ"

ဆောင်းညသည် သူ့ဘောင်းဘီအိတ်ထဲမှ ပါကင်ထုတ်သေးသေးလေးကို သူမကိုပေးလိုက်သည်။ ညက သူမကိုပြောဖို့စကားတွေ စီထားပေမင့် အကုန်လုံး သူမမျက်နှာကိုအတွေ့မှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြသည်။ မွေးညင်းနုနုလေးတွေနဲ့ သူမပါးပြင်လေးကို သူ ကြာရှည်စွာမကြည့်ရဲပါ။ သဘာဝပန်းသွေးရောင်ထနေသော သူမနှုတ်ခမ်းပါးပါးလေးကလည်း သူ့ကို ရင်ခုန်စေသည်။

"ဘာလဲ ... အခုဖွင့်ကြည့်ရမှာလား၊ အိမ်ရောက်မှဖွင့်ကြည့်ရမှာလား"

"အခုဖွင့်ကြည့်လိုက်ပါ သဒ္ဒါ၊ အထဲမှာ စာတစ်စောင်လည်းရှိတယ်"

မိုးသဒ္ဒါသည် နူးညံ့လွန်းသော သူ့မျက်ဝန်းတွေကြောင့် အထဲမှာရေးထားမယ့်စာရဲ့အဓိပ္ပာယ်ကို ခန့်မှန်းမိသည်။

အထဲမှာ ဘူးသေးသေးလေးတစ်ခုနှင့် ပန်းနုရောင်စာရွက်ခေါက်လေးတစ်ခု။ မိုးသဒ္ဒါသည် ပန်းနုရောင် စာရွက်ခေါက်လေးကို ဖွင့်ဖတ်လိုက်သည်။





"သဒ္ဒါ ...

မင်းလို ဘာဘာညာညာတွေ ရေးဖွဲ့မတတ်ပေမယ့် အမှန်ကန်ဆုံးကို ရဲရင့်စွာ ငါဝန်ခံပါ့မယ်။ ငါ မင်းကို အရမ်းချစ်တယ်။ သဒ္ဒါ ... ကမ္ဘာတည်သရွေ့ ငါအသက်ရှင်နေသရွေ့ ...

ည"

မိုးသဒ္ဒါ မျက်နှာလေး ရဲသွားသည်။ သူ့စာလေးကတိုတိုလေးနှင့် ရင်ထဲကိုထိသွားသည်။ မိုးသဒ္ဒါသည် ဘူးသေးသေးလေးကို ဖွင့်ကြည့်လိုက်သည်။ အထဲမှာ ပလက်တီနန်ဆွဲကြိုးလှလှလေးတစ်ကုံး၊ ပြီးတော့ အသည်းပုံ ပလက်တီနန်လော့ကတ်သီးလေး၊ လော့ကတ်သီးပေါ်မှာ "S"ပုံလေး ထွင်းထားသည်။

"အဲဒါ ငါ့နှလုံးသားပဲ သဒ္ဒါ၊ မင်းကို ငါ့နှလုံးသားပေးလိုက်ပြီဆိုတဲ့ သဘောပေါ့"

ဆွဲကြိုးလေးနဲ့ လောကတ်သီးလေးကို ကြည့်နူးရင်ခုန်မှုအပြည့်နှင့် သူမ မှင်တက်စွာ ကြည့်နေချိန်မှာ ဆောင်းညက ဆွဲကြိုးလေးကို ယူလိုက်ပြီး သူမလည်တိုင်မှာ ဆင်မြန်းပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါသည် အိပ်မက်,မက်နေသည်ဟု ထင်နေမိသည်။ ကျောင်းရဲ့အထင်ကရ၊ တည်ကြည်ခန့်ညား ချောမောပြီး ပျို့တိုင်းကြိုက်သည့် နှင်းဆီခိုင် ကောင်လေးတစ်ယောက်ရဲ့အချစ်တွေကို သူမ ပိုင်ဆိုင်နေရတာလေ။ မိုးသဒ္ဒါသည် သူမကို မျက်နှာသာပေးလွန်းသော ကံကြမ္မာကို မယုံရဲသေးချေ။

"သဒ္ဒါ ... အချစ်ဆိုတာ အကြောင်းပြချက်မရှိဘဲနဲ့ ပေါက်ဖွားလာတတ်သလိုပဲ၊ ဘယ်အချိန်က ဝင်လာမှန်းလဲ မသိတဲ့ ဖောက်ထွင်းသမားတစ်ယောက်လိုပဲ၊ သိတဲ့အချိန်မှာ အားလုံးကို သိမ်းပိုက်ယူငင်သွားပြီ"

"ကဗျာမဆန်လိုက်တာ ညရယ်"

မိုးသဒ္ဒါ ခပ်တိုးတိုးဆိုပြီး ရယ်မောလိုက်သည်။

"သဒ္ဒါ ရေးတဲ့ကဗျာလေးတွေ စာလေးတွေက ဆွဲဆောင်မှုရှိတယ်နော်၊ အခုအချိန်မှာ တို့နှစ်ယောက်အတွက် ကဗျာလေးတစ်ပုဒ် သဒ္ဒါ ချက်ချင်းစပ်နိုင်မလား"

"နားထောင်မလား ည၊ သဒ္ဒါရွတ်ပြမယ်"

လေအေးတစ်ချက်က ဝှေ့သွားပြီး မိုးသဒ္ဒါရဲ့ဆံစလေးတွေက တဖျပ်ဖျပ် လွင့်သွားသည်။





- အချစ်ဆိုတာ
  သံယောဇဉ်တွေနဲ့ ရစ်ပတ်ဖွဲ့နှောင်နိုင်မှ
  ပိုပြီးခိုင်မာမယ်။
- တူညီတဲ့ချစ်ခြင်းတွေ ပိုင်ဆိုင်ထားတဲ့
  တို့နှလုံးသားတစ်စုံဟာ
  နဂိုကတည်းက ခိုင်မာခဲ့ပြီးသားပါ။
- နားလည်မှုကြီးတစ်စသာ
  အမြဲအဆင်သင့်ရှိခဲ့မယ်ဆို
  ဝေးကွာခြင်းဆိုတာ
  တို့နှစ်ယောက်နဲ့
  မသက်ဆိုင်တဲ့ စကားလုံးတစ်လုံးမျှပဲ။
- ဒါပေမဲ့ ကံတရားဆိုတဲ့
  တရားသူကြီးရဲ့ခွင့်ပြုချက် မရခဲ့ရင်တော့
  တို့တွေ တစ်နေ့ဝေးသွားမှာပဲ။

မိုးသဒ္ဒါ ရွတ်ပြတဲ့စာသားဆုံးတော့ သူတို့နှစ်ယောက်လုံး စကားတစ်လုံးမှ မပြောမိပါ။



www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဒါ … ဘာဖြစ်လို့ကီစ္စတစ်ခုကို အဆုံးအထိ တွေးထားတာလဲ၊ တို့တွေ အခုမှ တစ်ယောက်နဲ့တစ်ယောက် နားလည်ချစ်ခင်မှု ရကြတာလေ"

"သဒ္ဒါ ရွတ်ပြတာတွေ မဟုတ်လို့လား ည၊ ဘယ်လိုအခြေအနေပဲရောက်ရောက် ညကို သဒ္ဒါ ဘယ်တော့မှ ခွဲမသွားဘူး၊ အတတ်နိုင်ဆုံးကတော့ သဒ္ဒါ ညရဲ့လက်ကို ဆွဲထားမှာပဲ"

"တို့လည်း သဒ္ဒါလိုပါပဲ၊ သဒ္ဒါကိုတွဲထားတဲ့ လက်တွေကို ဘယ်တော့မှ လွှတ်မချပါဘူး"

ဆောင်းည သဒ္ဒါ၏ အေးစက်စက် လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

○❤○





## အပိုင်း(၃)

တောင့်တသူနဲ့
ကြောင့်ကြသူတို့ဟာ
မတူညီတဲ့
ပူလောင်မှုကိုယ်စီနဲ့
တစ်ယောက်နဲ့တစ်ယောက်
အလစ်မပေးခဲ့ကြပါဘူး!

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"မိုးသဒ္ဒါ ... ငါ့ကိုမုန်းလွန်းလို့ ငါ့ရဲ့ဘဝလို့ ကြွေးကြော်ခဲ့ဖူးတဲ့ ဆောင်းကို နင် ရအောင်လုပ်ယူသွားနိုင်တဲ့အတွက် နင့်အရည်အချင်းကို ချီးကျူးပါတယ်။ ဒါပေမဲ့ ကိုယ်တကယ် မချစ်တဲ့လူတစ်ယောက်ကို အနိုင်ရလို့မှု တစ်ခုတည်းကြောင့် ပတ်သက်နေရတာတော့ တကယ်သနားစရာပဲ"





ဆောင်းညသည် ပွင့်လျက်သား ဒိုင်ယာရီအပြာရောင် စာအုပ်လေးရဲ့ စာမျက်နှာပေါ်တွင် ရေးထားသော စာသားများကို ဖတ်ဖို့မရည်ရွယ်ထားသော်လည်း အကြည့်ရောက်ပြီး ဖတ်ဖြစ်သွားသည်။ ဒီနေ့ အရုပ်လေး နေမကောင်းလို့ ကျောင်းမတက်ဖြစ်ပါ။ သူ ကျောင်းက ပြန်ပြန်လာချင်း အရုပ်လေးကို သတင်းမေးဖို့ လာခဲ့သည်။ ပုံမှန်အတိုင်းဆို အရုပ်လေးက သူမအခန်းကိုအမြဲ လော့ခ်ချထားတတ်ပြီး တံခါးခေါက်မှ လာဖွင့်ပေးသည်။ သူဝင်လာလျှင် တံခါးကို ဖွင့်လျက်ထားမြဲ။

အခု သူ တံခါးခေါက်မည်အလုပ်မှာ တံခါးက လော့ခ်မချထားဘဲ ပွင့်နေသည်ကို တွေ့ရတာမို့ သူ တံခါးကိုသာသာလေး ဖွင့်ကြည့်မိသည်။ အထဲမှာ အရုပ်လေး မရှိပါ။ အခန်းပြတင်းတံခါးဖွင့်ထားပြီး စာကြည့်စားပွဲပေါ်မှ ဒိုင်ယာရီစာအုပ်လေးရဲ့ စာမျက်နှာတွေက တဖျပ်ဖျပ်လွင့်နေသည်။

"ဆောင်း ... နင် ဘာလုပ်နေတာလဲ"

သူ့နောက်နားမှ အသံကြောင့် ဆောင်းည လန့်သွားသည်။

"နင် ငါ့ဒိုင်ယာရီကို ခိုးဖတ်နေတာလား ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



အရုပ်လေး မျက်နှာက တင်းမာနေသည်။

“ဟာ ... မဟုတ်ဘူး၊ မဟုတ်ဘူး။ ငါ နင်နေမကောင်းလို့ သတင်းလာမေးတာ”

သူ ပျာပျာသလဲ ငြင်းလိုက်သည်။

“ဒါဆို နင် ဘာမှမဖတ်ဖြစ်လိုက်ဘူးပေါ့”

အရုပ်လေးမေးခွန်းကို သူ မဖြေမိပါ။

“နင် သက်သာသွားပြီလား အရုပ်လေး၊ ဒါဆို ငါသွားတော့မယ်”

ဆောင်းညက မေသဲအိမ် အခန်းထဲက ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်သည်။

“နေပါဦး ဆေးကျောင်းသားကြီးရဲ့၊ ဒိုင်ယာရီစာအုပ်ထဲက မတော်တဆ ဖတ်လိုက်ရတဲ့ အကြောင်းလေးတွေနဲ့ ပတ်သက်ပြီး မသိချင်ဘူးလား”

“အရုပ်လေး ... သဒ္ဒါကို နင် အထင်မှားနေတာပါ၊ ငါနဲ့ သဒ္ဒါ တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ်နဲ့ ချစ်ကြတယ်၊ နင် သဒ္ဒါကို အထင်မလွဲပါနဲ့၊ နင့်ကိုမုန်းတာနဲ့ ငါတို့ပတ်သက်ကြတာနဲ့ တခြားစီပဲ အရုပ်လေး”





ဆောင်းညက မေသဲအိမ်ကို လှည့်မကြည့်ဘဲ ပြောကာ ထွက်လာခဲ့သည်။

မေသဲအိမ် မဲ့ပြုံးလေး ပြုံးလိုက်သည်။ ဒီစာကြောင်းတွေကို နင်ဖတ်မိအောင် ငါတမင်လုပ်ထားခဲ့တာပဲ ဆောင်းည။ နင် ဘယ်လိုပဲပြောပြော နင့်ရင်ထဲကို သံသယလေးတစ်ခု ရအောင် ထည့်လိုက်ရတဲ့အတွက် ငါ ကျေနပ်တယ် ဆောင်းည၊ ဒါ ငါ့ရဲ့ တိုက်ကွက် နံပါတ်ဝမ်းပဲ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်နေတာလဲ ညး၊ သဒ္ဒါကို မမြင်ဖူးဘူးလား"

ကော်ဖီအေးတစ်ခွက်ကို ငုံ့သောက်နေရာမှ မော့

အကြည့်တွင် သူမကိုငေးကြည့်နေသော ညး,ကို မိုးသဒ္ဒါ ခပ်တိုး

တိုးလေး မေးလိုက်သည်။

"သဒ္ဒါ ... တို့ကို တကယ်ချစ်ပါတယ်နော်"

"ညး ဘာဖြစ်နေတာလဲ၊ တို့တွေ ချစ်သူသက်တမ်းတောင်

တစ်နှစ်ကျော်ပြီလေ၊ လူကိုများ မယုံသင်္ကာနဲ့၊ သဒ္ဒါကသာ

ညး ဆေးကျောင်းသူချောချောလေးတွေနဲ့ ငြိသွားမှာ စိုးရိမ်

နေရတာ"



ဆောင်းညးသည် သက်ပြင်းသဲ့သဲ့ချလိုက်ရင်း မိုးသဒ္ဒါ

ရဲ့ ဆံပင်စင်းစင်းလေးတွေကို ခပ်ဖွဖွ ကိုင်လိုက်သည်။ တို့ အစိုး

ရိမ်လွန်သွားလို့ပဲ ဖြစ်မှာပါ သဒ္ဒါ။ မင်း တို့ကို တကယ်ချစ်တယ်

ဆိုတာ မင်းမျက်ဝန်းလေးတွေနဲ့ အပြုအမူလေးတွေက သက်သေ

ပဲလေ။

"တို့ သဒ္ဒါနဲ့ ဘယ်တော့မှ လက်တွဲမဖြုတ်ပါဘူးလို့

ကတိပေးထားတာပဲ။ ဘာလဲ မယုံဘူးလား၊ ယုံအောင်

ဘယ်လိုသက်သေပြရမှာလဲ ... ပြော"

"အချိန်က သက်သေပြမှာပါ၊ ညး သက်သေပြစရာ မလို

ပါဘူး၊ သဒ္ဒါကတော့ ဘယ်တော့မှ မပြောင်းလဲဘဲ ညး

တစ်ယောက်တည်းကိုပဲ ချစ်မှာပါ၊ သဒ္ဒါတို့ပေါင်းရသည်

ဖြစ်စေ မပေါင်းရသည်ဖြစ်စေပေါ့"

သူက သဒ္ဒါ့ပါးစပ်လေးကို သူ့လက်ဝါးဖြင့် ပိတ်

လိုက်သည်။

"နိမိတ်မရှိ နမာမရှိ စကားတွေ ဘယ်တော့မှမပြောနဲ့လို့

သဒ္ဒါ့ကို တို့ ဘယ်နှခါပြောရမလဲ သဒ္ဒါ"

www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါက ပြုံးတုံ့တုံ့နှင့် ခေါင်းညိတ်နေသည်။ ချစ်သူသက်တမ်း တစ်နှစ်ကျော်မှာ သဒ္ဒါနဲ့ ည, တစ်ခါမှရန်မဖြစ်ဘူးပါ။ စကားလည်း မများဘူးပါ။ ည ကျောင်းစာတွေ၊ စာမေးပွဲတွေနှင့် အလုပ်ရှုပ်နေတဲ့အခါ သူမက အလိုက်တသိနားလည်ခွင့်လွှတ်တတ်ပြီး လာမတွေ့ရကောင်းလားလို့ တစ်ခါဖူးမှ စကားနာမထိုးဖူးပေ။ ထို့အတူ ည့ကလည်း သူမ ဘာပြောပြော၊ ဘာလုပ်လုပ် ကန့်ကွက်အပြစ်တင် ငြူစူခြင်းမျိုးမရှိဘဲ သူမကြိုက်သည့် အပြုအမူမျိုး သူမလုပ်ခဲ့ရင်တောင် လေပြည်လေးနှင့် နားဝင်အောင် ပြောတတ်သည်။

"သဒ္ဒါ ... တို့ ဆယ်တန်းနှစ်တုန်းက မုန့်ဈေးတန်းမှာ ပြောခဲ့တဲ့စကားက တကယ်အတည်လား၊ တမင်ပြောခဲ့တာလား"

"ဘာလဲ ... မမှတ်မိတော့ဘူး"

မိုးသဒ္ဒါက သူ့ကို စ,ချင်ဟန်ဖြင့် ပြောလိုက်ပြီးမှ ...

"အမှန်အတိုင်း ပြောရရင် အဲဒီတုန်းက မေသဲအိမ်ကို တမင်အမြင်ကတ်လို့ သက်သက်ပြောလိုက်တာ"

"ဪ"





ဆောင်းည ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဘာဪလဲ၊ ဘာဖြစ်လို့ ဒီလောက် မျက်နှာပျက်သွားရတာလဲ၊ မှန်တာပြောတဲ့ဟာကို၊ ညလည်း မေသဲအိမ်ရှေ့မှာ သဒ္ဒါကို မညှာမတာ ပက်ပက်စက်စက် ပြောခဲ့တာပဲ"

မိုးသဒ္ဒါ နှုတ်ခမ်းစူ၍ ဆောင်းညကို ကက်ကက်လန်အောင် ရန်တွေ့လိုက်သည်။

"ဟုတ်တယ် ... အဲဒီတုန်းက သဒ္ဒါပုံစံက မိန်းကလေးတစ်ယောက်နဲ့မတူဘဲ ယောက်ျားလေးပုံစံလိုမျိုး ဖြစ်နေတာ၊ ယောက်ျားလေးတောင်မှ ဟော့ဟော့ရမ်းရမ်း ယောက်ျားလေးတစ်ယောက်ပုံမျိုးကို ဖြစ်နေတာ၊ အဲဒါကြောင့် တို့တမင်ပြောခဲ့တာ၊ ပြောပြီးမှ နောင်တရသွားတယ်"

"တော်ပြီ ပြန်တော့မယ်"

မိုးသဒ္ဒါက မတ်တတ်ထရပ်လိုက်သည်။ ဆောင်းည့က လက်ကိုအတင်းဆွဲပြီး ထိုင်ခိုင်းနေသည်။

"သဒ္ဒါကလည်းကွာ ကလေးကျနေတာပဲ၊ တော်ပြီ ... တော်ပြီ၊ အဲဒီအကြောင်းတွေ မပြောတော့ဘူး၊ နော် ... စိတ်မကောက်နဲ့၊ နှုတ်ခမ်းလည်း စူမထားနဲ့၊ လှလည်း မလှဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သဒ္ဒါက မလှပါဘူး၊ ညရဲ့အရုပ်လေး လောက် မလှပါဘူး"

"ဘာ ... ဘာပြောလိုက်တယ်"

ဆောင်းညသည် မိုးသဒ္ဒါ စကားကြောင့် စိတ်တို သွားပါသည်။

"ဟုတ်တယ်၊ သဒ္ဒါ တစ်ရက်မှ စိတ်ဖြောင့်လက်ဖြောင့် မနေရဘူး၊ အမြဲတမ်းပဲ အဲဒီအတွေးက သဒ္ဒါ့ကိုနှိပ်စက် နေတယ်၊ မေသဲအိမ်က ညနဲ့တစ်အိမ်တည်း အတူနေတာ၊ မောင်နှမအရင်းလည်း မဟုတ်ဘူး၊ ပြီးတော့ သူက သိပ် လှတယ်။ သဒ္ဒါ မစိုးရိမ်ဘဲ နေမှာလား။ ပြီးတော့ အဲဒီ မိန်းမက ကြောက်စရာ သိပ်ကောင်းတယ်"

"ဘာလဲ သဒ္ဒါ၊ အရုပ်လေးက တို့ကို မင်းဆီက လုယူ သွားမှာ စိုးလို့လား"

"ဟုတ်တယ် ည၊ ညကို မယုံလို့ မဟုတ်ပါဘူး၊ တကယ် ယုံကြည်ပါတယ်၊ ဒါပေမဲ့ သူ့ကိုတော့ မယုံဘူး"

"ဘာဖြစ်လို့လဲ သဒ္ဒါ၊ အရုပ်လေးက တို့နှစ်ယောက်ကိစ္စ ကို ဘယ်တုန်းကများ အနှောင့်အယှက် ပေးဖူးလို့လဲ၊



တို့သာ သူ့ကိုစိတ်ဝင်စားခဲ့မယ်ဆို သဒ္ဒါ အနှားတောင် ရောက်လာမှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် ည၊ ညရဲ့အချစ်ကို သဒ္ဒါ အကြွင်းမဲ့ယုံ ပါတယ်၊ ဘာပဲဖြစ်ဖြစ် သတိထားနေပါ ညရယ်"

ဆောင်းည ဘာစကားမှ ထပ်မဆိုဖြစ်တော့ပါ။ မိန်းမတွေက အငြိုးအတေးတွေ တော်တော်ကြီးတတ်သည့်အမျိုး ဖြစ်ပုံရသည်။ ဆယ်တန်းနှစ်က အမုန်းတရားများက မပြီးနိုင်မစီး နိုင်၊ အရုပ်လေးက မိုးသဒ္ဒါဟာ သူမကိုမုန်း၍ သူ့အချစ်ကိုရအောင် လုပ်သည်ဟု ထင်သည်။ မိုးသဒ္ဒါကလည်း အရုပ်လေးက သူမ ကိုမုန်း၍ သူမလက်ထဲမှ သူ့ကိုလုယူမည်ဟု သံသယဝင်နေသည်။

အရုပ်လေးနှင့် သဒ္ဒါကို ပြေလည်စေချင်ပါသည်။ သဒ္ဒါက သူသိပ်ချစ်ရသည့် ချစ်သူဖြစ်သလို အရုပ်လေးကလည်း မိတကွဲဖတကွဲနှင့် သူ့အသနားပိုကာ ခင်တွယ်ရသော သူငယ်ချင်း ညီမလေးတစ်ယောက် မဟုတ်လား၊ သူတို့နှစ်ယောက်ကို သင့် မြတ်သွားအောင်လုပ်မည်ဟု သူ ဆုံးဖြတ်ချက် ချမိသည်။ ဒါမှ သူလည်း နားအေးပါးအေး နေရမည်လေ။

○❤○

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"Ok လေ သဒ္ဒါ၊ တို့ ရှစ်နာရီ အရောက်လာခဲ့မယ်"

ဝရန်တာမှ လွင့်ပျံလာသော ဆောင်း အသံကြောင့် မေသဲအိမ် တုံ့ခနဲရပ်လိုက်သည်။ သူတို့နှစ်ယောက်တွေ့ဖို့ အချိန်းအချက် လုပ်နေကြတာပေါ့။ ရင်ထဲတွင် ခါးသီးသော ဝေဒနာကို ခံစားလိုက်ရသည်။





ကျောင်းမှာ သူမနောက်က တကောက်ကောက်လိုက်တဲ့ ကောင်လေးတွေ ရိုက်သတ်လို့တောင် မကုန်ပါ။ တစ်ယောက်ကိုမှ မျက်လုံးထဲထည့်လို့ မရခဲ့တာ ဆောင်းညအပေါ် ငြိတွယ်မိတဲ့ စိတ်တစ်ခုကြောင့်ပဲ ဖြစ်မှာပါ။

ဖြစ်နိုင်ရင် ဆောင်း မနှာလိုဖြစ်အောင် တစ်ယောက်ယောက်နဲ့ တွဲပြလိုက်ချင်ပေမယ့် သူမအပေါ် စိတ်မရှိတဲ့ ဆောင်းညကတော့ တုန်လှုပ်မည် မထင်ပါ။ သူမက အဖော်မဲ့တစ်ယောက်တည်း နာကျင်ကြေကွဲမှုတွေကို ရင်နဲ့မမျှ ခံစားနေရတဲ့အချိန်မှာ သင်းတို့နှစ်ယောက်ကတော့ ချိုမြိန်သောအချစ်တို့ကို စားသုံးနေကြတယ်လေ။

"လာ ... အရပ်လေး ထိုင်၊ ဆောင်းရော"

မေသဲအိမ်သည် ထမင်းစားပွဲ ဝင်ထိုင်လိုက်သည်။

"လာပါပြီ မာမီရ"

ဟု ဆောင်းကပြောကာ သူထိုင်နေကျနေရာတွင် ဝင်ထိုင်လိုက်သည်။

ရုပ်ရော၊ အသံရော ရွှင်မြူးနေသော ဆောင်းကို မေသဲအိမ် လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“သမီး … အရုပ်လေး၊ သမီးကို ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ နေမကောင်းပြီးကတည်းက ဒီပုံဖြစ်နေတာ၊ အန်တီ ဝယ်ပေးထားတဲ့အားဆေး မသောက်ဘူးလား သမီး၊ ဆောင်းအရုပ်လေးနှုတ်ခမ်းတွေကိုကြည့်စမ်း၊ မာမီ စိတ်ထင်လို့လား မသိဘူး ဖြူရော်နေသလိုပဲ”

“ဟုတ်တယ် အရုပ်လေး၊ နင့်ကြည့်ရတာ အားနည်းနေသလိုပဲ”

“သမီးလေး … ဘာအခက်အခဲရှိရှိ ကျန်းမာရေးပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဦးတို့ကို သွေးသားရင်းချာလို သဘောထားပြီး လိုအပ်တာရှိတာကို ပြောနော်”

မေသဲအိမ်သည် ဒီတစ်အိမ်သားလုံးက သူမကို နွေးထွေးမှုပေးသဖြင့် ကျေနပ်ပျော်ရွှင်မိသည်။ တကယ်သာ သူမ ဒီအိမ်ရဲ့အိမ်ထောင်စုစာရင်းဝင်တစ်ယောက် ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲလို့ တွေးမိသည်။ တစ်ဆက်တည်းမှာပင် သူမ၏တိုက်ကွက်နံပါတ်တူးကို စတင်ဖို့ အချိန်ကျပြီမှန်း ရိပ်စားမိသည်။

မေသဲအိမ်သည် တို့ကနန်း ဆိတ်ကနန်းလောက်သာစားပြီး ထမင်းစားပွဲမှ ထ,ထွက်ခဲ့သည်။ ခေါင်းထဲတွင် အတွေး





တွေ ရှိနေသည်။ ထိုအတွေးတို့ကို လက်တွေ့တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်ရမည်။

“ဆောင်း … အရုပ်လေးကို ဂရုစိုက်ဦး၊ အိမ်မှာရှိနေတဲ့အချိန်ကျပြန်တော့လည်း စာကြည့်ရတာနဲ့၊ စာမေးပွဲဖြေရမှာနဲ့ အလုပ်ရှုပ်နေတယ်။ အားတဲ့နေ့ကျပြန်တော့လည်း အပြင်ထွက်ထွက်နေတယ်။ အရုပ်လေးက အထီးကျန်နေတာပေါ့၊ သနားပါတယ်”

“မသနားပါနဲ့ မာမီရယ်၊ အရုပ်လေးကိုက ဂျီး(ကြေး)များတာပါ၊ အိမ်ကိုလာလည်တဲ့ သားသူငယ်ချင်းတွေက သူ့ကို အသေအလဲကို ကြိုက်ကြတာ၊ သူတို့ကွန်ပျူတာတက္ကသိုလ်မှာလည်း သူက ကွင်းပဲလေ”

“မာမီက မိန်းမချင်းမို့ သူ့ခံစားချက်ကို နားလည်တယ်၊ သူ မျှော်လင့်ထားတာက တစ်ယောက်လေ”

မာမီက သူ့ကို အဓိပ္ပာယ်ပါသော အကြည့်တို့နှင့်ကြည့်ကာ ပြောလိုက်သည်။ သူကလည်း မာမီ ဘာကိုဆိုလိုတာလဲဆိုတာ သဘောပေါက်သည်။ ဒေါ်စောသန္တာက ဘာစကားမှမပြောဘဲ လက်ကျန်ထမင်းကိုသာ ငုံ့စားနေသော သားကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်သည်။ ကလေးတွေကိုစွဲထဲကို သူမ ဝင်မပါချင်ပါ။ ဆောင်းကိုကြည့်ရတာ အရုပ်လေးကို သူငယ်ချင်းလို ညီမလေးလိုထက် ပိုပုံမရပါ။

ဆောင်းည ထမင်းစားခန်းက ထ,ထွက်သွားတော့ သူတို့လင်မယားနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူကြည့်လိုက်ကြသည်။ အရုပ်လေးကို သမီးအရင်းလေးလို သူမတို့နှစ်ယောက် သဘောထားပါသည်။ ကိုဝေသာကလည်း သူ့သမီးနှင့် ဆောင်းညဆိုရင် ငြင်းလိမ့်မည်မဟုတ်ပါ။ စိတ်ချလို့လည်း သူ့တို့လက်ထဲကို သမီးလေးကို အပ်သွားခဲ့သည်ပဲ။ ခက်နေတာက ဆောင်းည။ ရည်းစားလည်း ရှိနေသည်ထင်သည်။

ဆောင်းညသည် သူ့ဗီရိုအောက်ထပ်လေးကို ဖွင့်လိုက်သည်။ အထဲမှာ ပန်းနုရောင် ကော်ဘူးတစ်ခုရှိသည်။ ထိုကော်ဘူးထဲတွင် သဒ္ဒါပေးထားသော ကဗျာတွေ၊ စာတွေ အပြည့်ရှိသည်လေ။

သဒ္ဒါ ဘာပဲရေးရေး သူ ကြိုက်ပါသည်။ သဒ္ဒါရေးသည့် ကဗျာတွေ စာတွေက သူ့ကို အဖန်ဖန် ပြန်ဖတ်မိအောင် ဆွဲဆောင်နေကြသည်။





ညမရှိခဲ့ရင်
လမင်းကကျိန်ဆဲ
ကြယ်လေးတွေကစိတ်တို
အိပ်မက်တွေကရန်လိုပြီး
ဇီးကွက်တွေက ငြူစူလို့
ကျွန်မနှလုံးသားလည်းပျောက်ဆုံး
အသွေးအသားတွေက
ခန်းခြောက်ရင်း
ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားမှာပါ။

ဆောင်းညသည် ကဗျာလေးကိုဖတ်ရင်း ပြုံးမိသည်။ ငါ မင်းကိုသိပ်ချစ်တယ် သဒ္ဒါ။ မင်းအနားမှာ အမြဲနေချင်မိတယ်။ မင်းနဲ့မတွေ့ရတဲ့နေ့တိုင်းမှာ ငါ မင်းပေးထားတဲ့ စာလေးတွေကို ဖတ်မိတယ်။ ဖတ်မိလိုက်တိုင်း မင်းက ငါ့အနားမှာရှိနေသလို ငါခံစားရတယ်။ ငါတို့နှစ်ယောက် နှလုံးသားချင်း ထပ်တူကျပါတယ် သဒ္ဒါ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဆောင်းညသည် သဒ္ဒါနှင့်တွေ့ဖို့ အားလုံးပြင်ဆင်ပြီးသည်နှင့် လေလေးချွန်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ လှေကားထိပ်တွင် လှေကားလက်ရန်းကိုကိုင်ကာ ထိုင်နေသော အရုပ်လေးကို တွေ့တာမို့ သူ အံ့ဩသွားမိသည်။

"ဟင် ... အရုပ်လေး၊ နင် ဒီမှာ ဘာထိုင်လုပ်နေတာလဲ"





မျက်စိကိုစုံမှိတ်ထားကာ ယိုင်တိုင်တိုင်နှင့် မတ်တတ်ထရပ်ဖို့ ကြိုးစားနေသော အရုပ်လေးကို သူ လှမ်းထိန်းလိုက်သည်။

"နင် ဘာဖြစ်တာလဲ အရုပ်လေး၊ ပြောစမ်း ငါ့ကို"

အရုပ်လေး လက်တွေက အေးစက်နေသည်။

"ငါ အောက်ဆင်းမလို့ကို မိုက်ခနဲ ဖြစ်သွားလို့ ဆောင်း၊ အခု ခေါင်းတွေအရမ်းမူးနေတယ်၊ ငါ ဘာဖြစ်တာလဲ မသိဘူး"

"မာမီရေ ... မာမီ ... မာမီ ဒီကို ခဏလေးလာပါဦး"

ဆောင်းည မာမီ့ကို လှမ်းအော်ခေါ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... အမယ်လေး ဘာဖြစ်တာလဲ၊ အရုပ်လေး ဘာဖြစ်တာလဲ"

ဒေါ်စောသန္တာသည် ဆောင်းည အော်ခေါ်သံကြောင့် လှေကားထိပ်သို့ လျှောက်လာပြီး အရုပ်လေး၏ ပျော့ခွေနေသော ပုံကို တွေ့တာကြောင့် စိုးရိမ်တကြီး အပြေးလာပြီး မေးလိုက်သည်။

"မူးတယ် အန်တီ"

အရုပ်လေးက လေသံပျော့ပျော့လေးနှင့်ပြောသည်။ သူနှင့်မာမီ အရုပ်လေးကို တစ်ဖက်တစ်ချက်စီတွဲပြီး သူမအခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ခေါ်သွားကာ သူမခုတင်ပေါ်ကို တင်ပေးလိုက်သည်။ အရုပ်လေးကို သွေးပေါင်ချိန်တိုင်းပေးဖို့ သူသတိရသွားကာ သူ့အခန်းထဲသို့ ဒစ်ဂျစ်တယ်သွေးပေါင်ချိန်တိုင်းစက်ကိုယူဖို့ ပြန်ဝင်ရပြန်သည်။

"ဘယ်လိုလဲ ဆောင်း၊ သွေးပေါင်ချိန် ဘယ်လောက်ရှိလဲ"

"တစ်ရာ ခုနစ်ဆယ် မာမီ၊ မကျပါဘူး။ သူ အအိပ်ပျက် အစားပျက်ဖြစ်ပြီး အားနည်းနေတာဖြစ်မယ်။ ဆေးခန်းသွားပြမှနဲ့တူတယ်"

"ဟင့်အင်း ... ရတယ်၊ ညက တစ်ညလုံး အိပ်လို့မပျော်လို့ မူးသွားတာဖြစ်မယ်၊ သမီး အိပ်လိုက်ရင် ကောင်းသွားမှာပါ အန်တီ"

အရုပ်လေးက အိပ်ရာထက်မှ ဝင်ပြောလိုက်သည်။

"ဖြစ်ပါ့မလား အရုပ်လေးရယ်၊ ဆောင်း ... သားဘယ်သွားစရာရှိလို့လဲ၊ သိပ်အရေးမကြီးဘူးဆိုရင် မသွားပါနဲ့လား သား၊ ဒီနေ့ မာမီရော ဒယ်ဒီပါ မအားဘူး။ သင်တန်းသားတွေ လိုင်စင်ဖြေဖို့ကိစ္စတွေနဲ့ ရှုပ်နေလို့ အရုပ်လေးကလည်း ထားခဲ့ဖို့ စိတ်မချဘူး။ မှုမှုကလည်း သားသိတဲ့အတိုင်းပဲ"





ဆောင်းည အရုပ်လေးကို လှမ်းကြည့်လိုက်သည်။ သူမက ဟိုတစ်ဖက်ကိုစောင်း၍ အိပ်နေသည်။ ဘာပဲဖြစ်ဖြစ် အရေးဟာယ်၊ အကြောင်းဟာယ်ဆို သူရှိနေမှ ဖြစ်ပါမည်။ အရုပ်လေးကို ထားခဲ့ဖို့ သူလည်း စိတ်မချပါ။ ညနေမှ ဆရာဦးသက်ဝင်းနှင့် အရုပ်လေးကို ပြရမည်။

ဆောင်းည နာရီကိုကြည့်လိုက်သည်။ ရှစ်နာရီထိုးပြီဖြစ်သည်။ အခုအချိန်လောက်ဆို သဒ္ဒါ ကားဂိတ်မှာ သူ့ကိုစောင့်နေတော့မည်။

"မာမီ ... သား ခဏလေးပဲ သွားမှာ၊ အခုချက်ချင်းပြန်လာခဲ့မယ်၊ သားပြန်လာမှ မာမီတို့သွားကြ"

ဆောင်းညသည် လှစ်ခနဲနေအောင် ပြေးထွက်ခဲ့သည်။ ကားဂိုဒေါင်မှာရပ်ထားသော ဆလွန်းအဖြူလေးပေါ်တက်ကာ သဒ္ဒါတို့လမ်းထိပ် ကားဂိတ်ရှိရာသို့ မောင်းနှင်ခဲ့သည်။

မိုးသဒ္ဒါ လက်မှနာရီကိုတကြည့်ကြည့်နှင့် စိတ်မရှည်နိုင်အောင် ဖြစ်ရသည်။ ညက ချိန်းတိုင်းဘယ်တော့မှ နောက်မကျတတ်။ နာရီဝက်လောက်တောင် စောရောက်နေတတ်သည်။ အခုရှစ်နာရီခွဲပြီ၊ သူ ဘာလို့နောက်ကျနေတာလဲမသိ။ လမ်းမှာများ တစ်ခုခု ဖြစ်နေမလားတွေးရင်းနဲ့ စိတ်ပူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဆလွန်းကားလေး သူမအား ထိုးရပ်လိုက်တာကြောင့် မိုးသဒ္ဒါ လှမ်းကြည့်လိုက်သည်။ ဆောင်းညကိုတွေ့တော့ ရင်ထဲကအလုံးကြီး ကျသွားသည်။ ဆောင်းညက ကားတံခါးဖွင့်ပြီး ဆင်းလာသည်။

"သဒ္ဒါ ... တို့ အရမ်းအားနာပါတယ်။ ဒီနေ့တော့မသွားဖြစ်တော့ဘူး၊ အိမ်မှာ အရေးတကြီးကိစ္စပေါ်လာလို့ တို့အိမ်မှာနေမှရမယ်၊ စိတ်မဆိုးပါနဲ့ သဒ္ဒါရယ်၊ နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး"

"ရပါတယ် ည၊ ဒီအထိလာပြောတာကို သဒ္ဒါက ပြန်အားနာနေတာပါ၊ ဖုန်းဆက်ပြီးပြောလည်း ရနေတာပဲ"

"ဒါဆိုလည်း တို့သွားတော့မယ်နော်၊ ညကျရင်ဖုန်းဆက်နော်"

ဆောင်းညသည် သဒ္ဒါ့ကို နှုတ်ဆက်ကာ ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားသည်။

မိုးသဒ္ဒါသည် သူ့ကားလေး အဝေးရောက်သွားသည်အထိ ရပ်ကြည့်ကျန်ခဲ့သည်။ ကောင်းပါတယ် ဒီနေ့မသွားဖြစ်တာပဲ၊ အိမ်မှာလျှော်စရာရှိသည့် အဝတ်တွေလျှော်ရမည်။ မိုးသဒ္ဒါ





သည် အိမ်ဘက်သို့ပြန်လျှောက်လာခဲ့သည်။ အခုတလော မေမေက ကျန်းမာရေးမကောင်းလှ။ တရှောင်ရှောင်နှင့် ဟိုဟာဖြစ်လိုက် ဒီဟာဖြစ်လိုက်နှင့် တော်သေးသည်။ မမပိုးက ကျောင်းပြီးသွားပြီး မေမေ့အလုပ်တွေ ဝိုင်းကူလုပ်ပေးနိုင်ခဲ့လို့။

ဖေဖေ့ကို ရှုပ်တရက် သတိရမိသည်။ ဖေဖေရော နေကောင်းလား၊ အဆင်ပြေရဲ့လား၊ ပြီးတော့ မိုးကိုရော ဖေဖေ သတိရသေးရဲ့လား။ သူမ သိပ်ကိုသိချင်ပါသည်။ ဖေဖေက မေမေ့ကို တော်တော်မုန်း၍ ကြောက်ရွံ့ဟန်ရှိသည်။ မေမေက သမီးတွေနဲ့ လာမပတ်သက်နဲ့လို့ ပြောတာကို ဖေဖေက ဘာလို့ တစ်သဝေမတိမ်း လိုက်နာရတာပါလဲ။

မေမေ ဘယ်လိုပြောပြော အဖေတစ်ယောက်အနေနှင့် ပတ်သက်ခွင့်ရှိတာပဲ။ တကယ်ဆို "မိုး"ကိုလာမတွေ့သင့်ဘူးလား ဖေဖေ။ ဖေဖေ ရက်စက်လွန်းပါတယ်။ မိုးသဒ္ဒါ မျက်ရည်ဝဲမိသည်။ ဖေဖေ့အကြောင်း စဉ်းစားမိတိုင်း မျက်ရည်ဝိုင်းမိပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



၁၂

မိုးသဒ္ဒါသည် မမပိုးနှင့် မြတ်နိုးကို သူမ၏ပထမဆုံးဝတ္ထုတို မဂ္ဂဇင်းထဲတွင် ဖော်ပြခံရခြင်း အထိမ်းအမှတ်အဖြစ် Junction 8 Shopping centre နားက YKKO မှာ ကြေးအိုးလိုက်ကျွေးသည်။ မမပိုးရော မြတ်နိုးပါ ကြေးအိုးကြိုက်ကြသည်လေ။ အစားနည်းသော သူမကတော့ ကြေးအိုးတစ်ပွဲလုံး ဘယ်တော့မှ





မကုန်ပါ။ ကြေးအိုးစားတိုင်း ညနဲ့တစ်ယောက်တစ်ဝက် စားနေကြ။

"ကဲ ... စားလို့သောက်လို့တော့ပြီးပြီ Junction 8 ထဲ ခဏလောက် ပတ်ရအောင်"

မမပိုးစကားကို သူမနှင့် မြတ်နိုး သဘောတူလိုက်ကြသည်။ စင်တာထဲရောက်တော့ ဖိနပ်သရဲ သူမနှင့် မြတ်နိုးက waidi ဖိနပ်ဆိုင်ဘက် တန်းသွားကြသည်။

"အရုပ်လေး ... ဒီဖိနပ်စီးကြည့်"

အမျိုးသမီးကြီးတစ်ယောက်ရဲ့ အသံကြောင့် မိုးသဒ္ဒါ အသံလာရာဘက် မျက်လုံးရောက်မိသည်။ မေသဲအိမ်ကို တွေ့လိုက်ရသဖြင့် စိတ်မကြည်မလင် ဖြစ်သွားသည်။ သူမနှင့်မတွေ့ရတာ နှစ်နှစ်နီးပါးပင် ရှိပြီမဟုတ်လား။ ကြိုးတစ်လုံးဂါဝန်နက်စြာရောင်လေးနှင့် ဆံပင်တွေကို အပြေလိမ်လိမ်လေးတွေ ကောက်ထားကာ ညိုပျော့ပျော့ရောင် ဆိုးထားသော သူမသည် မျက်မလွှဲနိုင်လောက်အောင် လှပနေပါသည်။

"ညီမလေးနဲ့ အရမ်းလှတယ် ဒီဖိနပ်က၊ ဘယ်ဖိနပ်နဲ့ဖြစ်ဖြစ် လှနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အရောင်းဝန်ထမ်း ကောင်မလေး၏ အသံစူးစူးကိုပါ ထပ်ကြားလိုက်သည်။

မေသဲအိမ်သည် တစ်ယောက်ယောက် သူမကိုစိုက်ကြည့်နေသည်ဟု ခံစားရ၍ ဘေးဘီဝဲယာသို့ ကြည့်လိုက်သည်။ မိုးသဒ္ဒါကို လှမ်းတွေ့လိုက်ရသဖြင့် တိုက်ဆိုင်မှုကို အံ့သြမိသည်။ ၁ါသည် သူမ၏တိုက်ကွက်သရီးကို လုပ်ဆောင်ဖို့ ကံကြမ္မာက ဖန်တီးပေးဟန်ရှိသည်။ ဂျင်းဘောင်းဘီအရှည်နှင့် စပို့ရှပ်အဖြူ ရောင် ကိုယ်ကျပ်လေးဝတ်ထားကာ ကျောလယ်လောက်ရှိပြီဖြစ်သော ဆံပင်နက်နက် စင်းစင်းလေးနှင့် မိုးသဒ္ဒါသည် အရင်ထက် ပို၍ စတိုင်လ်ကျပြီး လှပနေတာက အမှန်ပင်။

"အန်တီ ... သမီး ဒီဖိနပ်ကြိုက်တယ်"

"ကြိုက်ရင်ယူလေ အရုပ်လေးရဲ့၊ ဖိနပ်က ဘယ်လောက်တဲ့လဲ"

"နှစ်သောင်းခုနစ်ထောင့်ငါးရာပါ အန်တီ"

အရောင်းဝန်ထမ်းကောင်မလေးက ဖိနပ်ကိုလှန်၍ price ကိုကြည့်ကာ ပြောလိုက်သည်။ မိုးသဒ္ဒါ သူတို့ဆီမှအကြည့်ကိုလွှဲလိုက်ကာ ကောင်းနီးရာရာ ဖိနပ်တို့ကို လိုက်လံကြည့်ရှုနေသည်။





"ကောင်တာမှာ ပိုက်ဆံရှင်းပေးပါ အန်တီ"

အရောင်းဝန်ထမ်းကောင်မလေးက ဖိနပ်ကို ဘူးထဲထည့်ကာ ပြောလိုက်ရင်း ကောင်တာဘက်သို့ ထွက်သွားသည်။ ဒေါ်စောသန္တာသည်လည်း ထိုကောင်မလေးနောက်မှ လိုက်သွားပါသည်။ မေသဲအိမ်သည် လှစ်ခနဲနေအောင် မိုးသဒ္ဒါနားသို့ ကပ်သွားလိုက်ပြီး ...

"မိုးသဒ္ဒါ ... ဟိုတစ်ပတ်ကကိစ္စအတွက် ငါတောင်းပန်ပါတယ်၊ အဲဒီနေ့က ငါ တကယ်နေမကောင်းလို့ ဆောင်းစိတ်မချဖြစ်ပြီး နင်နဲ့သွားမယ့်ကိစ္စ cancel လုပ်လိုက်ရတာပါ။ ဆောင်းကို နင် စိတ်မခုနဲ့နော်"

ဟု ခပ်တိုးတိုး ပြောလိုက်သည်။

မိုးသဒ္ဒါသည် သူမကို ဖြတ်ကျော်လျှောက်သွားသော မေသဲအိမ် နောက်ကျောကိုကြည့်ပြီး ကျန်ခဲ့သည်။ အရောင်းဝန်ထမ်းကမ်းပေးသော ဖိနပ်အိတ်ကို လှမ်းယူလိုက်ပြီး ဘေးနားက အမျိုးသမီးကြီးလက်ကိုချိတ်ကာ သူမကို ခပ်လှောင်လှောင်မျက်နှာပေးနှင့် လှမ်းပြုံးပြရင်း ထွက်သွားသော မေသဲအိမ်ကို နုပ်နုပ်စင်း ပစ်ချင်လောက်အောင် ဒေါသထွက်မိသည်။ ဒီမိန်းမ ဘာအဓိပ္ပာယ်နဲ့ ဒီစကားတွေ ပြောသွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိုး၊ အဲဒါ မေသဲအိမ် မဟုတ်လား။ တော်တော်ကို လန်းတာပဲ၊ ပြင်ဆင်လိုက်တော့ မင်းသမီးတောင် အရှုံးပေးရတယ်"

မြတ်နိုး စကားကြောင့် သူမ မျက်နှာမဲ့ပစ်လိုက်သည်။ စိတ်ထဲမှာ ညကိုလည်း ဒေါသထွက်မိသည်။ တကယ်ဆို ချစ်သူချင်းပဲ ပွင့်ပွင့်လင်းလင်း ပြောပါလား။ ထိုနေ့က မျက်နှာပျက်နေသော ညကို ပြန်ပုံဖော်မိသည်။ အဲဒီလောက်တောင် မေသဲအိမ်ကို စိုးရိမ်တာလား။ တွေးရင်း တွေးရင်းနှင့် ဒေါသတွေ အလှိုင်လိုက် ထွက်လာသည်။

"မိုး ... ဘာ၊ ခုနင်ကထွက်သွားတာ မင်းသမီး ဟုတ်လား"

မမပိုးက မြတ်နိုးပြောသည့် စကားတစ်ခွန်းတစ်စကိုကြားကာ မေးလိုက်သည်။

"ဟုတ်တယ်၊ မင်းသမီးတော့ မင်းသမီးပဲ၊ ဒါပေမဲ့ သူက ဗီလိန်ခန်းက သရုပ်ဆောင်နေတာ"

"ဟယ် ... ဟုတ်လား၊ ဒါဆို သူလည်း ကိုရီးယားမင်းသမီးတွေလိုပေါ့။ ရုပ်ကလေးချောပြီး ဗီလိန်းခန်းက ပါရတာလေ၊ နာမည် ဘယ်သူတဲ့လဲ၊ ငါလည်း တစ်ခါမှ မကြည့်ဖူးပါလား"





မမပိုးရဲ့စကားကြောင့် မြတ်နိုးက ရယ်နေပြီး သူမကတော့ မမပိုးကို မျက်စောင်းထိုးကာ ဖိနပ်ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။

ဖြစ်နိုင်လျှင် အခုချက်ချင်းပင် ညကို မျက်နှာချင်းဆိုင်ပြီး ရန်တွေ့ပစ်လိုက်ချင်ပါသည်။ မေသဲအိမ်နှင့်အတူလာသော ချောမောသန့်ပြန့်သော အမျိုးသမီးကြီးသည် ည၏အမေပင် ဖြစ်လိမ့်မည်။ နှစ်သောင်းကျော်ဖိနပ်ကို လိုလိုလားလား ကြည်ကြည်ဖြူဖြူ ဝယ်ပေးသော အမျိုးသမီးကြီး၏ မေသဲအိမ်အပေါ်ထားသော စေတနာသည် သာမန်ထက်တော့ များစွာပိုလိမ့်မည်။

မိုးသဒ္ဒါ ရင်ထဲ အားငယ်သလို ခံစားရသည်။ သေသေချာချာ တွေးကြည့်ရင် မေသဲအိမ် အနေအထားက သူမထက် အများကြီး သာနေသည်။ သူမမှာ ပိုင်ဆိုင်ထားတာဆိုလို့ "ည"ရဲ့ အချစ်သာလျှင်ရှိသည်။ အဲဒီအချစ်ကရော ဘယ်လောက်အထိ ကြာရှည်ခံမှာတဲ့လဲ။ မိုးသဒ္ဒါ တွေးရင်း ရင်မောရသည်။ ဒီကိစ္စကို ညနဲ့ ဆွေးကိုဆွေးနွေးမှဖြစ်မည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားရေပြင်ကို မိုးသဒ္ဒါ မမိုတ်မသုန် စိုက်ကြည့်နေသည်။ ညနေစောင်းမို့ လေကတဖြူးဖြူးနှင့် အေးနေသော်လည်း ရင်ထဲမှာတော့ ပူလောင်နေသည်။ ဆောင်းညက ဒီညနေတွေ့ချင်သည်ဟု အရင်စ,ချိန်းသော သဒ္ဒါတွင် အရေးတကြီးပြောစရာကိစ္စ ရှိနေမည်ကို သိထားသည်။

"သဒ္ဒါ ... တို့ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမှာလဲ ပြောလေ၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်တာလဲ၊ ဘာအခက်အခဲတွေ ရှိနေလဲ၊ ပြောလေ"





"ဟိုတစ်ပတ်က သဒ္ဒါတို့ အပြင်မထွက်ဖြစ်တဲ့ကိစ္စ၊ ည,အိမ်မှာ အရေးတကြီးကိစ္စ ပေါ်တဲ့အကြောင်းလေး သိချင်လို့ပါ"

ဆောင်းည မျက်နှာပျက်သွားသည်။ ဒီကိစ္စကပြီးသွားပြီပဲ။ တစ်နေ့ကတောင် သူတို့နှစ်ယောက် တွေ့ခဲ့ပြီးပြီ။ အဲဒီတုန်းကတောင် ဒီအကြောင်း တစ်ခွန်းမှမဟဘဲ အခုမှထ,ပြောတာ ဘာအတွက်ကြောင့်လဲ။ အရုပ်မလေး နေမကောင်းသည့်ကိစ္စ သိများသွားလို့လား။

"ပြော ... ည၊ အဲဒီနေ့က ညတို့အိမ်မှာ အရေးတကြီးပေါ်တဲ့ကိစ္စက ဘာလဲ"

"အရုပ်လေး နေမကောင်းလို့ပါ သဒ္ဒါ၊ တို့မပြောပြတာ သဒ္ဒါ စိတ်ဆိုးမှာစိုးလို့ပါ။ သူက သနားစရာပါ။ အဖေတစ်ကွဲ အမေတစ်ကွဲနဲ့ တို့တွေကိုပဲ အားကိုးပြီးနေရတာ"

"ဪ ဟော် ... တော်တော် သနားစရာကောင်းတာပဲ၊ သူဟန်ဆောင်တာလို့ ည,မထင်မိဘူးလား"

"အဓိပ္ပာယ်မရှိတာပဲ သဒ္ဒါ၊ သူက ဘာကိစ္စနဲ့ဟန်ဆောင်ရမှာလဲ၊ သူ အရမ်းအားနည်းလို့ ဖြစ်တာပါ၊ အဲဒီညနေ့ကတောင် အကြောဆေးသွင်းလိုက်ရသေးတယ်၊ သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ထားကြီးပါ. သဒ္ဒါ၊ အစိပ္ပာယ်မရှိ သဝန်တိုတာတွေ၊ စကားနာထိုးတာတွေကို တို့မကြိုက်ဘူး”

“မသိရင်တော့ ကောင်းတာပေါ့ ညှ၊ အခု သူက သဒ္ဒါမသိသိအောင် လာပြောပြတာ ဘာဖြစ်လို့လဲ၊ သူ့ရည်ရွယ်ချက်က ဘာလဲ”

သဒ္ဒါ့မေးခွန်းကို သူ မဖြေနိုင်ပါ။ အရုပ်လေး ဘာကြောင့် သဒ္ဒါ့ကို သွားပြောပြရတာလဲ။ အဲဒီနေ့က သဒ္ဒါနဲ့ သူ ချိန်းထားတဲ့ကိစ္စ အရုပ်လေးက ဘယ်လိုသိတာလဲ၊ သူလည်း စဉ်းစားမရပါ။

“သဒ္ဒါ ... ဘယ်သွားမလို့လဲ”

မိုးသဒ္ဒါက ရုတ်တရက် ထ,ရပ်လိုက်တာမို့ သူ အလန့်တကြား မေးလိုက်သည်။

“ပြန်တော့မယ် ညှ၊ ဒီနေ့ စကားပြောချင်စိတ် မရှိဘူး”

“ကောင်းပြီလေ၊ တို့ ပြန်ပို့ပေးပါ့မယ်”

ဆောင်းည သက်ပြင်းချကာ ထ,ရပ်လိုက်သည်။

အပြန်ခရီးမှာလည်း သူတို့စကားတစ်ခွန်းမှ မဆိုကြပါ။ ဒီလိုနေ့မျိုး သူတို့နှစ်ယောက်မှာ ရှိလာလိမ့်မည်ဟု ဆောင်းည





တစ်ခါမှ မတွေးဖူးပါ။ စာမေးပွဲကိစ္စတွေနှင့် လုံးပမ်းနေရ၍ သဒ္ဒါ့ကို သွားမတွေ့မဖြစ်လျှင်ပင် သဒ္ဒါက နားလည်ပြီး စကားနာမထိုးတတ်။ သို့သော်အရုပ်လေးနှင့် ပတ်သက်လာလျှင်တော့ ဆတ်ဆတ်ထိမခံ ဖြစ်ရတာ ဘာကြောင့်လဲ။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

စိတ်ကောက်တာ၊ စိတ်ဆိုးတာမျိုးမဟုတ်ဘဲ သဒ္ဒါ ဆီမသွားဖြစ်ပါ။ သဒ္ဒါကလည်း သူ့ကို ဖုန်းမဆက်ခဲ့သလို၊ သူလည်းမဆက်ခဲ့ပါ။ သတိတော့ နေ့တိုင်းရပါသည်။ တကယ်ဆို အရုပ်လေးနဲ့ သူ့ရဲ့ရင်းနှီးမှုကို သူမ သိသင့်သည်။ ဟိုးကလေးကတည်းက ခင်မင်ခဲ့သော သံယောဇဉ်ကို ဒီလိုပဲ အမြဲမနာလို



တိုရှည်ဖြစ်နေလျှင် ချစ်ခရီးလမ်းက ဘယ်လိုလုပ် ဖြောင့်ဖြူးမှာလဲ။ ပြီးတော့ သဒ္ဒါ သူ့ကို ယုံကြည်စေချင်သည်။ ဘယ်လိုပဲ ညကိုယုံပါတယ်၊ မေသဲအိမ်ကို မယုံဘူးပြောပြော အဲဒီလို ပြောတာကိုက မိန်းမတစ်ယောက်ရဲ့လှည့်ဖြားတာကို ခံရနိုင်တယ်လို့ ပြောနေတာနဲ့ အတူတူ ဖြစ်မနေဘူးလား။

"ဆောင်း ... နင့်ကိုကြည့်ရတာ အခုတလော တစ်မျိုးပဲ၊ မိုးသဒ္ဒါနဲ့ အဆင်မပြေဘူးလား"

ဝရန်တာမှာရပ်ပြီး အဓိပ္ပာယ်မဲ့ လမင်းကိုမော့ကြည့်နေသော ဆောင်းကို မေသဲအိမ်က မေးလိုက်သည်။

"နင် မအိပ်သေးဘူးလား အရုပ်လေး၊ ရှေ့တစ်ပတ်ဆို နင် pretest ဖြေရမှာ မဟုတ်လား၊ အိမ်ရေးဝဝအိပ်ပြီး ကျန်းမာရေးကောင်းအောင်နေ"

"ဘာလို့လဲ ဆောင်း၊ ဒီတစ်ခါ ငါနေမကောင်းဖြစ်ရင် မိုးသဒ္ဒါနဲ့ ရန်ထပ်ဖြစ်မှာ စိုးလို့လား"

အရုပ်လေးက သူမစကားကို သူမပြန်သဘောကျတန်ဖြင့် ရယ်သွမ်းသွေးလိုက်သည်။

"နင့်ကို ငါ မေးရဦးမယ်၊ သဒ္ဒါကို နင်နေမကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ နင် နေမကောင်းလို့ ငါက သူချိန်းထားတာ မလာနိုင်တာလို့ သွားပြောတယ်ဆို”

“ဟုတ်တယ်လေ၊ တကယ်တော့ ငါက သူ့ကိုသွားတောင်းပန်တာပါ”

“အဲဒီနေ့ သူနဲ့ငါချိန်းထားတာ နင် ဘယ်လိုသိလဲ အရုပ်လေး”

“မှန်းကြည့်တာလေ၊ နင် အသည်းအသန် ကားနဲ့ထွက်သွားပြီး ချက်ချင်းပြန်လာတာ၊ သူ့ကိုမသွားဖြစ်တဲ့အကြောင်း သွားပြောတာလို့ ငါ ခန့်မှန်းမိတယ်”

“ဒါပေမဲ့ သူမှ ဒီကိစ္စကို သိမထားဘဲ၊ မပြောဘဲနေတာ မကောင်းဘူးလား အရုပ်လေး”

သူ သက်ပြင်းချလိုက်ရင်း ဝရန်တာမှ အိမ်ထဲပြန်ဝင်လာခဲ့သည်။ အရုပ်လေး ရည်ရွယ်ချက်နဲ့ လုပ်တာလား၊ သူလည်း တွေးမရပါ။ သဒ္ဒါ့ကိုတော့ လွမ်းမိသည်။ သူမလည်း တော်တော်မာနကြီးပါသည်။ ဖုန်းတစ်ချက်တောင် မဆက်ဘဲနေနိုင်လွန်းသည်။ မတွေ့ရတာ တစ်လနီးပါးပင် ရှိနေပြီ မဟုတ်လား။

ဒီနေ့လည်း သူမပေးထားတဲ့ ကဗျာတွေ စာတွေကို





ပြန်ဖတ်မိမည်ထင်သည်။ အရုပ်လေးကတော့ ဝရန်တာမှာပဲ ရပ်ကျန်ခဲ့သည်။ နင်တို့နှစ်ယောက်ကို အကြောင်းမဲ့သက်သက် တစ်ယောက်နဲ့တစ်ယောက် မမုန်းစေချင်ဘူး မိုးသဒ္ဒါနဲ့ အရုပ်လေး။

မိုးသဒ္ဒါ စာကြည့်စားပွဲမှာ စာထိုင်ရေးနေသည်။ လွမ်းမောဖွယ်ရာ ဝတ္ထုတစ်ပုဒ်ပေါ့။ လွမ်းနေသည့်အချိန်တွင် အလွမ်းဝတ္ထုရေးတာက ပိုပြီးရုပ်လုံးကြွမည်လေ။ မေသဲအိမ်နဲ့ပတ်သက်ပြီး သူမကို အဆက်အသွယ် မလုပ်နိုင်အောင် တင်းမာသွားသော ညဏ်ကို သူမ စိတ်ကုန်မိသည်။ သူမဘက်မှ စ,ဆက်သွယ်ဖို့တော့ လုံးဝမဖြစ်နိုင်ပါ။ အကြိမ်ကြိမ် ဖုန်းဆက်ဖို့ ကြိုးစားမိပေမယ့် သူမ၏မာနတရားက ခွင့်မပြုခဲ့ပေ။ ဒါဆို မေသဲအိမ်၏ ရည်ရွယ်ချက် အထ,မြောက်သွားမည်ပေါ့။ သူမ ဒီလိုအဖြစ်ခံနိုင်လား။

မိုးသဒ္ဒါသည် စာရေးတာကိုရပ်၍ စာကြည့်စားပွဲပေါ်က ဖုန်းကလေးကို ကောက်ကိုင်လိုက်သည်။ သူမလက်တွေက သွက်လက်စွာ ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

“ဟဲလို ... ညဏ်”

“သဒ္ဒါ နေကောင်းလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သော သူ့အသံကို ကြားရတော့ ရင်ထဲလှိုက်ကာ ငိုချင်လာမိသည်။

"ည နေနိုင်လိုက်တာနော်"

"ထင်လို့လား သဒ္ဒါ၊ ပြတင်းပေါက်ကနေ အောက်ကိုလည်း ကြည့်လိုက်ပါဦး"

မိုးသဒ္ဒါသည် ညစကားကြောင့် ပြတင်းပေါက်ကနေ အိမ်ရှေ့လမ်းမကို လှမ်းကြည့်လိုက်သည်။ လမ်းမီးရောင်မှုန်မှုန်အောက်မှာ ညကို လှမ်းတွေ့ရသည်။ သူ ဘယ်အချိန်ကတည်းက ဒီမှာရှိနေတာလဲမသိ။

"သတိရလို့ ညတိုင်း သဒ္ဒါ့ကို လာလာကြည့်တာ သုံးလေးရက်လောက်တောင် ရှိနေပြီ။ အရိပ်လောက်ဖြစ်ဖြစ် မြင်ရရင်တောင် တို့ ကျေနပ်နေတာပါ"

"ကားမပါဘူးလား ည၊ ရောက်နေရင် ဖုန်းဆက်လိုက်ပေါ့ ညရယ်"

"လမ်းထိပ်မှာ ကားရပ်ခဲ့တယ်၊ သဒ္ဒါ စိတ်ဆိုးနေသေးတယ်ထင်လို့ မဆက်ရဲလို့ပါ"

"ည ... ခဏလေးနော်၊ သဒ္ဒါ ဆင်းလာခဲ့မယ်"





မိုးသဒ္ဒါသည် ဖုန်းကိုချလိုက်ပြီး အောက်ထပ်ကို ပြေးဆင်း၍ ခြံတံခါးကိုဖွင့်ကာ ညီဆီ အပြေးလေး လှမ်းမိသည်။

"ည"

"သဒ္ဒါ"

မိုးသဒ္ဒါသည် ဆောင်းညရှေ့တွင် ခြေစုံရပ်ကာ မတွေ့ရတာကြာပြီဖြစ်သော ချစ်သူ့မျက်နှာကို မော့ကြည့်မိသည်။

"တို့ ဘယ်တော့မှ စိတ်မကောက်ကြေးနော် သဒ္ဒါ၊ လွမ်းနေရတဲ့ ခံစားမှုကြီးက အခံရခက်လို့ပါ"

"အဲဒီလိုလည်း ဘယ်ဟုတ်မလဲ ည၊ တို့နှစ်ယောက်က အခုမှ ချစ်သူဘဝလို ပီပြင်လာတာလေ၊ တစ်ခါမှစကားမများဘူးတဲ့ ရန်မဖြစ်ဘူးတဲ့စုံတွဲ ရှိဖူးလို့လား"

"ဟုတ်ပါတယ်၊ တို့က စာရေးဆရာမတစ်ယောက်နဲ့ပြိုင်စကားနိုင်မလုရဲပါဘူး"

သူတို့နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြသည်။ အလွမ်းတွေဝေးသွားတဲ့ ချစ်စရာ ဆောင်းညတစ်ညပဲပေါ့။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ချစ်သူ့သက်တမ်း နှစ်နှစ်မြောက်အထိမ်းအမှတ်လေးကို ရွှေပုစွန် cafeteria & bakery house မှာ ကျင်းပဖို့ ဆောင်းည အဆိုပြုတာကို မိုးသဒ္ဒါ လက်ခံလိုက်ပါသည်။ ဒီအထိမ်းအမှတ်ပွဲလေးတွေကို အရင်ကလည်း ညပင် စီစဉ်နေကြလေ။ တစ်ကြိမ်ကိုတစ်မျိုး မရိုးရအောင် သူမကို အံ့အားသင့် ဝမ်းသာစေအောင် စီစဉ်တတ်သော ညသည် သူ့အစီအစဉ်ကို ဘယ်တုန်းကမှ ထုတ်ဖော်မပြောတတ်ပါလေ။





"သဒ္ဒါ ... အနော်ရထာလမ်းက ရွှေပုစွန်ကို တက္ကစီငှားပြီး လာခဲ့နော်၊ အပြန်ကျမှပဲ တို့လိုက်ပို့ပေးမယ်၊ သဒ္ဒါမရောက်ခင် ကြိုစီစဉ်စရာလေးတွေရှိလို့"

"ကောင်းပါပြီတဲ့ရှင်"

မိုးသဒ္ဒါသည် ဖုန်းချပြီး ကျေနပ်စွာ ပြုံးလိုက်သည်။ သူက ဒီကစာရေးဆရာမထက်ပင် ပိုလို့ကဗျာဆန်နေပါသေးသည်။ ညကို ဒီလောက်ချစ်တတ်လိမ့်မည်ဟု သူမ မထင်ထားမိပါ။

တက္ကစီပေါ်က သူမဆင်းပြီး ဆိုင်ထဲလှမ်းဝင်လိုက်ကာ မျက်လုံးကစားလိုက်ပါသည်။ သူမကို လက်တစ်ဖက်မြှောက်ပြသော ညကိုတွေ့သဖြင့် သူမ အချိုသာဆုံးပြုံးကာ လှမ်းသွားလိုက်သည်။ စားပွဲနားရောက်မှ သူမကို ကျောခိုင်းထိုင်နေသော ကောင်မလေးတစ်ယောက်ကို သတိပြုမိလိုက်သည်။

"လာ ... ထိုင် သဒ္ဒါ"

ဆောင်းညက သူ့ဘေးနားထိုင်ခုံမှာ သူမကိုဝင်ထိုင်စေသည်။ သူမကို အချိုသာဆုံးအပြုံးနှင့် ပြုံးပြနေသော မေသဲအိမ်နှင့် မျက်နှာချင်းဆိုင်မိပါသည်။

"အရုပ်လေးကို တို့ ဖိတ်ထားတာလေ သဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါက ဆောင်းညကို အားနာ၍ မေသဲအိမ်ကို ပြန်ပြုံးပြမိသည်။ ပီပြင်မယ်လို့တော့ မထင်မိပါ။

စားပွဲပေါ်မှာ လှပတဲ့ကိတ်လေးတစ်လုံး ရှိသည်။ ကိတ်လေး၏ မျက်နှာပြင်တွင် Anniversary for a two year's lovespan ဆိုသော စာသားလေးကို လှလှပပ အနီရောင်ခရင်မ်နှင့် ရေးထားပြီး ကိတ်ပတ်ပတ်လည်မှာ အနီရောင်အသည်းပုံလေးတွေ ပုံဖော်ထားသည်။

"တို့ ကြိုတင်အော်ဒါမှာထားတဲ့ ကိတ်လေးလေ၊ လှတယ် မဟုတ်လား သဒ္ဒါ"

"လှတယ် ည"

မိုးသဒ္ဒါက ကိတ်လေးကို တစိမ့်စိမ့်ကြည့်ကာ ပြောလိုက်သည်။

မေသဲအိမ် နှလုံးသားက တဆတ်ဆတ်နာကျင်နေသည်။ ရက်စက်တယ် ဆောင်း။ အပြင်သွားမလို့ လိုက်ခဲ့ပါလို့ သူခေါ်တော့ သူမ ပြောမပြတတ်အောင် ဝမ်းသာသွားမိသည်။ ဒီဆိုင်ရောက်မှ သိလိုက်ရတာက ဒီနေ့ သူတို့နှစ်ယောက်၏ ချစ်သက်တမ်း နှစ်နှစ်ပြည့်သည့်နေ့တဲ့။ နင် သိပ်ရက်စက်လွန်းတယ် ဆောင်း၊ နင့်အပေါ် ငါ ငြိတွယ်နေတာ သိသိနဲ့ မိုးသဒ္ဒါနဲ့လက်တွဲ





သွားတယ်။ ထားတော့ ... အခု ငါ့ရှေ့မှာ နင်တို့သိပ်ချစ်ကြတာတွေကို မြင်အောင်ပြတာ မလွန်လွန်းဘူးလား။

ကိတ်လေးကို ဘေးမှာအဆင်သင့်ချထားသော ဓားလေးနဲ့လှီးကာ မိုးသဒ္ဒါကို ဆောင်းည ခွံ့ကျွေးတော့ မေသဲအိမ် တစ်ယောက် ထ,ပြေးချင်စိတ်ပင် ပေါက်မိသည်။ နာကြည်းမှုတွေက သူမရင်ဘတ်ထဲတွင်ပင်မက အသွေးထဲ အသားထဲအထိပင် ထိုးနှက်ဝင်ရောက်လာသည်။

"ကွန်ဂရက်ကျူးလေးရှင်းပဲ မိုးသဒ္ဒါ၊ ဒီလိုသက်တမ်းရှည်တဲ့ ကာလလေးတစ်ခုကို ဆောင်းနဲ့အတူ ဖြတ်သန်းနိုင်လို့ပဲ"

"နင့်ရဲ့ဆောင်းကို ရူးအောင်လုပ်ပြမယ် ဆိုတဲ့ ကျောင်းအိမ်သာမှာ ကြုံးဝါးဖူးခဲ့တဲ့ မိုးသဒ္ဒါဟာ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်နိုင်ခဲ့တာပဲ"

နာကျင်စက်ဆုပ်မှုတွေ ပြည့်လျှမ်းနေသော မျက်ဝန်းတစ်စုံနှင့် သူမကို စိုက်ကြည့်ကာ ပြောလိုက်သော မေသဲအိမ်စကားကြောင့် ညကိုကျွေးဖို့ ကိတ်မုန့်လှီးနေသော မိုးသဒ္ဒါလက်က ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။ ညရဲ့အံ့ဩရိပ်နဲ့ သူမကိုကြည့်သော အကြည့်ကို မသိချင်ယောင်ဆောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကိုခေါ်လာသော ညကိုလည်း ဒေါသထွက်မိသည်။ သူမနှင့် မေသဲအိမ် တစ်စက်ကလေးမှ မတည့်တာ သူလည်းသိသိနဲ့။ သရော်တော်တော် အပြုံးတို့ဖြင့် ပြုံးနေသော မေသဲအိမ်ကိုကြည့်ရင်းက မျက်နှာလွှဲလိုက်ကာ ညကိုမုန်းခွဲ့ကျေးလိုက်သည်။ ညက ဟန်မပျက်သာ စားလိုက်သော်လည်း မျက်ဝန်းတွေက အေးစက်နေသည်။ ဒီမိန်းမမို့လို့ ဝင်ပါလိုက်လျှင် သူမတို့နှစ်ယောက်၏ အပျော်တွေလည်း လွင့်ပျောက်ရသည်။

"နင်လည်း မဆိုးပါဘူး မေသဲအိမ်၊ နင်လည်း နင့်စကားတည်ခဲ့တာပဲ၊ နင် ပြောခဲ့တယ်လေ၊ ငါအသက်ရှင်လျက်ရှိနေသရွေ့ နင် ဆောင်းကို မရစေရဘူးလို့လေ၊ ဒါကြောင့် နင် ငါတို့ကြားထဲမှာ နည်းမျိုးစုံနဲ့ ဝင်နှောင့်ယှက်နေတာပေါ့"

"နင့်စကားတွေ လွန်နေပြီနော် မိုးသဒ္ဒါ၊ ငါ ဒီကိုသိပ်လာချင်နေတယ်လို့များ နင် ထင်နေလို့လား၊ ဆောင်းခေါ်လို့လိုက်လာတာ၊ ဒီရောက်မှ နင်တို့အထိမ်းအမှတ်နေ့မှန်းသိတာ"





"အဲဒါဆိုလည်း ပါးစပ်လေးပိတ်ပြီး အေးအေးဆေးဆေးနေပါလား၊ အနှောင့်မလွှတ် အသွားမလွှတ်စကားတွေဘာလို့လာပြောနေရတာလဲ"

"ငါပြောတာတွေ မဟုတ်ဘူးလို့ နင် ငြင်းနိုင်လို့လား မိုးသဒ္ဒါ"

"တော်တော့ ... တော်ကြတော့"

ဆောင်းည လေသံမာမာဖြင့် ဝင်ဟန့်လိုက်သည်။

"ငါ ဒီကိုတမင် နင်တို့နှစ်ယောက် သင့်မြတ်စေဖို့ ဆုံခိုင်းမိတာ၊ အဲဒါ ငါ့ရဲ့မဟာအမှားပဲ"

ဆောင်းညသည် တင်းမာသော မျက်နှာထားဖြင့် ပြောကာ နေရာမှ ထ,ထွက်သွားသည်။

မိုးသဒ္ဒါနှင့် မေသဲအိမ်သည် ဆောင်းညကိုတားဖို့ ဘယ်သူမှ အာရုံမရှိပါ။ တစ်ယောက်နှင့်တစ်ယောက် ရန်လိုစွာ အကြည့်ချင်းပြိုင်နေကြသည်။

"ငါ နင့်ကို သိပ်မုန်းတယ် မိုးသဒ္ဒါ"

"ငါက နင်မုန်းတာထက် အဆတစ်ရာပိုမုန်းတယ်"

"နင့်ကို ငါ ဘယ်တော့မှ အလျှော့မပေးဘူး မိုးသဒ္ဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကကိတ်မုန့်ကိုလည်း အားနာပါဦး မေသဲအိမ်၊ နင့်ကို ငါ ကျောခဲ့တာ နှစ်နှစ်ရှိခဲ့ပြီ"

"စောသေးလို့ အကျော့ပေးထားတာကို ဘဝင်လေဟပ်မနေနဲ့ မိုးသဒ္ဒါ၊ ငါက တစ်ကွက်ပဲရွှေ့မှာ၊ အဲဒီတစ်ကွက်ကလည်း ပွဲသိမ်းကွက်ပဲ၊ နင် ကြည့်နေလိုက်"

မေသဲအိမ်သည် သူမဟန်းဘက်ခ်ကို ဟန်ပါပါဖြင့် ပြင်လွယ်လိုက်ရင်း ထ,ထွက်သွားသည်။

စားပွဲပေါ်တွင် ကိတ်မုန့်လေးနှင့် မိုးသဒ္ဒါသာထိုင်လျက် ကျန်ခဲ့သည်။ မိနစ်အနည်းငယ်က ပျော်ရွှင်စွာ ရင်ခုန်လှုပ်ရှားမှုများ ပျောက်ချင်းမလှ ပျောက်ဆုံးသွားသည်။ ည,အရှမ်းစိတ်ဆိုးပြီး ဒေါသထွက်သွားတာ သူမ သိသည်။ မိုးသဒ္ဒါ သက်ပြင်း လေးလေးပင်ပင်ချလိုက်သည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ညကို သူမဘက်သို့ စိတ်ပြန်လည်အောင် လုပ်ရမည်။ မေသဲအိမ်က ပေါ်တင်စစ်ကြေညာသွားပြီပဲ။

○❤○





၁၅

"ရလား ... မိုး၊ ဆက်လို့ရလား"

မြတ်နိုးက သိလိုစိတ်ပြင်းပြစွာဖြင့် မေးလိုက်သည်။

"မရဘူး၊ လုံးဝကိုဆက်လို့မရတာ၊ ကြည့်ရတာ သူ ငါ့ဖုန်းနံပါတ်ကို reject လုပ်ထားပုံရတယ်။ ငါ လုံးဝနေလို့ မရဘူး မြတ်နိုး၊ ဟိုမိန်းမက နည်းနည်းမှစိတ်ချလို့ရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မိုး၊ နင် အခုဖြစ်နေတာက မေသဲအိမ်ကိုအနိုင်ယူချင်လို့လား၊ ဆောင်းညကို တကယ်မခွဲနိုင်လို့လား"

"ပြောမှ ပြောတတ်တယ်၊ ငါတို့ချစ်ခဲ့တာ နှစ်နှစ်လေး၊ နည်းနည်းနောနော သံယောဇဉ်လား၊ ဒီကြားထဲ ဟိုမိန်းမရန်ကြောင့် ငါ အခုလို နေမထိထိုင်မသာ ဖြစ်နေတာပေါ့ဟ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ သူ ဖုန်းပိတ်ထားတော့ နင် ဘာဆက်လုပ်မှာလဲ၊ သူတို့ ဆေးကျောင်းလိုက်သွားမလား"

"ဟင့်အင်း ... သူ စိတ်ဆိုးပြေမပြေ မသိသေးလို့ ငါ ရင်မဆိုင်ရဲသေးဘူး၊ ဒီထက်ပိုပြီး ထိရောက်တဲ့ဟာမျိုး လုပ်ရမယ်"

"မိုး ... နင့်ကိုတော့ ငါ မနိုင်ဘူး"

မြန်မာစာမေဂျာ ယူထားသော မိုးသဒ္ဒါနှင့် physics မေဂျာယူထားသော မြတ်နိုးတို့သည် ဒဂုံတက္ကသိုလ်မှာ အတူတက်ကြပေမင့် နေတဲ့ရပ်ကွက် မတူတာကြောင့် ဖယ်ရီကားချင်းလည်း မတူပါ။ ကျောင်းမှာ အဆောင်ချင်းကလည်း ဝေးတာကြောင့် စနေ၊ တနင်္ဂနွေလိုနေ့များတွင်သာ နှစ်ယောက်သား သူ့အိမ်ကိုယ်သွား၊ ကိုယ့်အိမ်သူလာနှင့် အေးအေးဆေးဆေး စကားပြောဟယ် ဆိုဟယ်ဖြင့် နေကြရပါသည်။





အခုလည်း မြတ်နိုးတို့အိမ်တွင် သူမရောက်နေ၍ ဆောင်းညကို ဖုန်းခေါ်နေမိသည်။ ဖုန်းက တစ်ခါမှအားတယ်လို့ မရှိပါ။ သေချာပါသည်။ သူ သူမ၏ဖုန်းနံပါတ်ကို block လုပ်ထားသည်။

"မြတ်နိုး ... နင် ငါနဲ့အဖော်လိုက်ခဲ့မှဖြစ်မယ်၊ ဒီနေ့တော့ မဟုတ်ဘူး၊ မနက်ဖြန် တနင်္လာနေ့"

"ဘယ်ကိုလဲ၊ ဆေးကျောင်းကိုလား"

"ဘယ်ကသာ၊ သူ့အိမ်ကိုသွားမှာ"

"အယ်"

မြတ်နိုးသည် မိုးသဒ္ဒါဆီမှ မမျှော်လင့်သောစကားကို ကြားရသဖြင့် အံ့သြထိတ်လန့်သွားသည်။

"မနက်ဖြန် တနင်္လာနေ့၊ ကျောင်းတက်ရမယ်လေ မိုးရဲ့"

"ဟုတ်တယ်၊ မေသဲအိမ်နဲ့ ဆောင်းည ကျောင်းသွားနေတဲ့အချိန် သွားရမှာ"

"နင် ဘာတွေကြံစည်ပြန်ပြီလဲ စာရေးဆရာမ၊ နင့်ဝတ္ထုထဲမှာသာ နင့်စိတ်ထဲရှိရာ ရေးလို့ရမယ်နော်၊ အပြင်မှာတော့ နင်ထင်သလို လုပ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါ မြတ်နိုးရာ၊ ကိုယ့်သူငယ်ချင်း တကယ်အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကူညီမှ တကယ့်သူငယ်ချင်းကောင်းဟ၊ ပြီးတော့ ဒါ နှလုံးသားကိစ္စမို့ နင်ကူညီသင့်တယ်"

"ဟင်း ... အဖော်မလိုက်ရင်ဘဲ သူငယ်ချင်းကောင်းမဖြစ်တော့မယ့်ပုံနဲ့၊ အေးပါ ... ငါလိုက်ခဲ့မယ်၊ နင် သူ့အိမ်ရောက်ဖူးလို့လား မိုး"

"လိပ်စာရှိတယ်လေ တက္ကစီငှားသွားကြတာပေါ့"

"သွားပြီး ဘာလုပ်မှာလဲဟင် မိုး"

မိုးသဒ္ဒါ ဘာမှမဖြေဘဲ ရယ်ဖြဲဖြဲလုပ်နေသည်။ ညကို ရင်ထဲထိသွားအောင် လုပ်ရမှာပေါ့။ ည သူမကိုမုန်းမသွားသေးတာ သူမစိတ်ထဲတွင် သိပါသည်။ သူ ပြန်လာခေါ်မှ ခေါ်မည်ဆိုလျှင် လေးငါးခြောက်လလောက်တောင် ကြာသွားနိုင်သည်။ ရန်သူက လက်တစ်ကမ်းမှာ ရှိနေသည်မို့ ညကို သူမနှင့် အဲဒီလောက်အချိန်ထိ ဝေးဝေးမှာမထားလိုပါ။ မြတ်နိုးကတော့ မိုးသဒ္ဒါအစား ရင်မောလှသည်။ သူမ ရည်းစားထားတာ နှလုံးရောဂါတောင် ရနိုင်ပါသည်။

○❤○



လိပ်စာအတိုင်း ရောက်လာသော မိုးသဒ္ဒါနှင့် မြတ်နိုးသည် လှတစ်ရပ်ကျော်ကျော် အုတ်တံတိုင်းတွေနှင့် ထိုအုတ်တံတိုင်းပေါ်မှာမှ သံဆူးကြိုးလိပ်တွေ တပ်ဆင်ထားကာ ခိုင်ခန့်သော သံပန်းတံခါးကို အတွင်းမှနေ၍ သော့ခလောက်ကြီးကြီးတစ်ခုနှင့် ခတ်ထားတာကိုတွေ့တော့ ရင်မောသွားသည်။

"နင့်ဆောင်းညတို့အိမ်က လူဆိုးသူခိုးရန် တော်တော်ကြောက်ပုံရတယ်နော်"

"ဒါပေါ့၊ ချမ်းသာတော့လည်း ကြောက်ကြတာပေါ့၊ အထဲကိုကြည့်စမ်း၊ လူအရိပ်အယောင်တောင် မတွေ့ရဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘယ်လိုလုပ်မလဲ၊ နှင့်ပန်းခြင်းလေးကို ဒီမှာပဲ ချထားခဲ့မလား"

"ဘယ်ဖြစ်မလဲ၊ ဒီပန်းခြင်း သူ့လက်ထဲရောက်မှကိုဖြစ်မှာ၊ နေဦး ... ဟော တွေ့ပြီ၊ ဒီမှာ လူခေါ်ဘဲလ်"

မိုးသဒ္ဒါသည် အုတ်တံတိုင်းတွင် တပ်ဆင်ထားသော လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

ခဏကြာတော့ အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ ခြံတံခါးနားလာပြီး အပြင်ဘက်မှ သူမတို့နှစ်ယောက်ကို စူးစမ်းဟန်ဖြင့် ကြည့်လိုက်သည်။

"ဘာကိစ္စများလဲကွယ်"

"ဩော် ... အန်တီ၊ ဒါ ဆောင်းညတို့ အိမ်ပါလား"

"ဟုတ်ပါတယ် ကလေးမ၊ ဘာကိစ္စရှိလို့ပါလဲ၊ ဆောင်းညတော့မရှိဘူး၊ ကျောင်းသွားတယ်"

"ဟုတ်ကဲ့၊ ကျွန်မတို့ Necessary Florist ကပါ၊ ကိုဆောင်းည မှာထားတဲ့ ပန်းခြင်းလာပို့တာပါ"

"ဩော် ... ဟုတ်လား၊ အန်တီ့ကိုတော့ ဘာမှမမှာထားဘူးကွယ့်၊ ဒီလိုလုပ် ဆောင်းညကို ဖုန်းလှမ်းဆက်ပြီး မေးကြည့်လိုက်မယ်"





"ဟို ... အန်တီ၊ ဒီလိုလုပ်ပါလား၊ ကျွန်မတို့က ဆိုင်က ဝန်ထမ်းတွေ သိပ်လည်းအားတာ မဟုတ်ဘူး၊ အချိန်လည်း သိပ်မရှိဘူး၊ ကိုဆောင်းညက ဒီပန်းခြင်းအတွက် ငွေအကျေချေခဲ့ပြီးသားရှင့်၊ အန်တီ လက်မှတ်ထိုးယူရုံပါပဲ"

မိုးသဒ္ဒါက မျက်နှာသေလေးနှင့် ပြောလိုက်သည်။ မြတ်နိုးကတော့ ပေါက်ပေါက်ရှာရှာ တွေးတတ်၊ ပြောတတ်သော မိုးသဒ္ဒါကို လက်ဖျားခါမိပါသည်။

ထိုအမျိုးသမီးကြီးက သူမတို့နှစ်ယောက်ကို အကဲခတ်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး အိမ်ထဲသို့ သော့ပြန်ဝင်ယူ၏။ မိုးသဒ္ဒါ မျက်နှာက ပြုံးပြုံးလေး။

"ရော့ပါရှင့်၊ ဒီမှာ လက်မှတ်လေးထိုးပါ၊ လက်ခံရရှိကြောင်းလေး"

မိုးသဒ္ဒါက အဆင်သင့်ထုတ်ထားသော ဘောက်ချာစာအုပ်ထဲမှာ ထိုမိန်းမကြီးကို လက်မှတ်ထိုးခိုင်းလိုက်သည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းညသည် အခန်းထဲဝင်ဝင်ချင်း သူ့စာကြည့်စားပွဲပေါ်တွင် တင်ထားသော ပန်းခြင်းကိုကြည့်ပြီး အံ့ဩသွားသည်။ ဒီနေ့ ကြီးမူကို သူ့အခန်းရှင်းပေးဖို့ မှာထားခဲ့သည်။ သူ့အခန်းက သန့်ရှင်းနေပြီး စာကြည့်စားပွဲပေါ်မှာ ပန်းခြင်းလေးနှင့် ကြည့်လို့ပင် လှသေးသည်။

အနီရောင်နှင်းဆီကိုးပွင့်ပါသော ပန်းခြင်းလေးကို ပလတ်စတစ်အပါးစလေးဖြင့် အုပ်ထားသည်။ ဒါ ဒီကိုဘယ်လို ရောက်လာတာလဲ သူ သိချင်စိတ်ဖြင့် အောက်ထပ်ဆင်းခဲ့သည်။





"ဩော် ... ကြီးမူ၊ သားအခန်းထဲက ပန်းခြင်းက ဘာလဲ"

မီးဖိုခန်းမှထွက်လာသော ကြီးမူကို တွေ့သဖြင့် သူ မေးလိုက်သည်။

"ဟင် ... သားမှာထားတာဆို၊ ကောင်မလေးနှစ်ယောက် လာပို့တာ၊ ဘာဆိုလား ပြောတော့ပြောပါတယ် မမှတ်မိဘူး၊ သား ငွေအကျေချေပြီးသားဆိုလို့ လက်မှတ်ထိုးယူခဲ့တာ၊ ဘာဖြစ်လို့လဲ"

"ဩော် ... ဘာမှမဟုတ်တော့ဘူး ကြီးမူ"

ဆောင်းည အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ သူ တစ်ခါမှ ပန်းခြင်းမမှာပါ။ ဒါ ဘယ်သူ့လက်ချက်လဲ တွေးစရာတောင်မလိုပါ၊ သဒ္ဒါဆီကပဲဖြစ်မည်။ သူ ပန်းခြင်းကိုလှည့်ပတ်ကြည့်နေမိသည်။ ပလတ်စတစ်လေးကို သူ ဆွဲခွာလိုက်သည်။ ပန်းတွေရဲ့အလယ်မှာ ခြင်းဘေးကဖောက်ပြီး အနီရောင်ကြိုးလေးနှင့် အပေါက်ဖောက်ကာ ချည်ထားသော ကတ်လေးကို တွေ့လိုက်ရသည်။

သူ ကြိုးလေးကို စာကြည့်စားပွဲမှာ တင်ထားသော တိုလီမိုလီထည့်ထားသော ခြင်းလေးထဲမှ ကတ်ကြေးသေးသေးလေးကိုယူပြီး ဂရုတစိုက်နှင့်ညှပ်ကာ ဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ...

သင် ရရှိထားသော ပန်းအရေအတွက်ကို
လေးခုမြောက်သုဒ္ဓကိန်းနှင့်မြှောက်
သုတော်ကောင်းဥစ္စာ အရေအတွက်နှင့်ရောပြီး
၁၀၀ မှစ၍ နောက်သို့ပြန်ရေသော ၄၉ မြောက်
စုံကိန်းသေးမှ
နည်းရာမ,ကိန်းတစ်ခု၏ ဆယ်ဆနှင့် အဆပြန်ပြုပါ။
ရလဒ်ထဲမှ နာယကကျင့်ဝတ်အရေအတွက်၏ အဆ
တစ်ရာကိုနုတ်သော်
သင်ပျောက်ဆုံးနေသော အရာကို
တွေ့ရမည်ဖြစ်သည်။
၎င်းကို ပြန်ရရှိစေမည့် ယကြာကား
လတ်တလောလေးက ပယ်ထားသော
ဖုန်းနံပါတ်တစ်ခုကိုပြန်ဆက်သွယ်ရန်ဖြစ်သည်။
သင့်ဆီသို့
ကံကောင်းခြင်းများစွာ
မကြာခင်တွင် ရောက်ရှိလာတော့မည်။
"သင့်အကျိုးကို လိုလားသူ"





ဆောင်းည စာကိုဖတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ မိုးသဒ္ဒါ ဆိုသော မိန်းကလေးကို သူ ဘယ်တော့မှမုန်းမိမည်မဟုတ်ပါ။ ထိုမိန်းမသည် သူ့စိတ်တို့ကို သူမအပေါ်မှ ဘယ်ကိုမှ ထွက်မသွားအောင် ပြုစားနိုင်စွမ်းရှိသည်။

အခု ဆောင်းည အလုပ်ရှုပ်ရပြန်သည်။ သူမ၏ ပဟေဠိဆန်ဆန် စာသားကို အဖြေရှာရမည်။ ပန်းက ကိုးပွင့် လေးခုမြောက်သုဒ္ဓကိန်းက ခုနစ်၊ မြှောက်တော့ ခြောက်ဆယ့်သုံး ရသည်။ သုတော်ကောင်းဥစ္စာက ခုနစ်ပါးပေါင်းတော့ ခုနစ်ဆယ်၊ တစ်ရာမှ နောက်သို့ပြန်ရေသော လေးဆယ့်ကိုးလုံးမြောက်စုံကိန်းက အင်း ... တစ်ကနေ တစ်ဆယ်အထိကို စုံဂဏန်းငါးလုံး၊ ဒီတော့ ... ဒီတော့ လေးရသည်။ လေးရဲ့အဆက ငါး မဟုတ်သေးဘူး။ သူပြောတာက "နည်းရာမကိန်း"ဆိုတော့ သုံး၊ ခုနစ်ဆယ်နဲ့ သုံးဆယ်နဲ့မြှောက်တော့ နှစ်ထောင့်တစ်ရာ။ ရလဒ်ထဲမှ နာယကကျင့်ဝတ်အရေအတွက်၊ သွားပြီ ... နာယကကျင့်ဝတ် ဘယ်လောက်ရှိမှန်း သူ မသိပါ။

သဒ္ဒါနှယ် ပေါက်ပေါက်ရှာရှာ ဘယ်လိုအတွေးနဲ့ရေးလဲ မသိပါ။ သို့ပေမဲ့ မေးကြည့်လို့ရသည်ပဲ။ ဆောင်းညသည် အောက်ထပ်သို့ ပြန်ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမှ ... နာယကကျင့်ဝတ် ဘယ်နှပါးရှိလဲ သိလား"

"သိတာပေါ့ သားရဲ့၊ ထကြွ, နိုးကြား, သနား, သည်းခံ, ဝေဖန်, ကြည့်ရှု ဤခြောက်ခု ကြီးသူကျင့်ရာ တရားတည်းတဲ့၊ နာယကကျင့်ဝတ်ခြောက်ပါးရှိတယ် သားရဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပဲ"

ဆောင်းသည် အိမ်ပေါ်ထပ်သို့ ပြေးတက်သွားပြန်သည်။

"ကြီးမှ ... ကိုဆောင်း ဘာဖြစ်နေတာလဲ၊ အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့"

အိမ်ဖော်မလေးတစ်ယောက်က ကြီးကြီးမှုကို မေးလိုက်သည်။

"ငါလည်း ဘယ်သိပါ့မလဲအေ၊ သွား ... သွား သံပရာရည် ဖျော်ပြီး နင်တို့မမအရုပ်လေးကို သွားပေးချေ။ တော်ကြာ နေ စိတ်ကောက်နေဦးမယ်"

ကြီးကြီးမှုသည် မကြာမီ ပြန်ရောက်လာတော့မည့် ယောက်မဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့ ညစာပူပူနွေးနွေးစားနိုင်ရန် အတွက် ပြင်ဆင်နေပါသည်။





နှစ်ထောင့်တစ်ရာထဲက ခြောက် အဆတစ်ရာခြောက်ရာနှုတ်တော့ ထောင့်ငါးရာ။ ဟင်း ... ဖြစ်မှဖြစ်ရလေ ဒါလေးရဖို့ကို မျိုးကိုစုံနေတာပဲ။ ဆောင်းညသည် ဘာပဲပြောပြော သဒ္ဒါ၏တခြားကဗျာတွေ၊ စာတွေနဲ့မတူဘဲ စတန့်ထွင်ထားတာလေးကို သဘောကျမိသည်။ တောင်းပန်တာလည်းမဟုတ်၊ လွမ်းပြတာလည်းမဟုတ်၊ ရန်တွေ့တာလည်းမဟုတ်နှင့် သူ့စိတ်ပျော်အောင်၊ သူ စိတ်ပြေအောင် လုပ်နိုင်ခဲ့သည်။

သူမကို ဒီတစ်ခေါက်တော့ သူ စိတ်ဆိုးမိသည်က အမှန်။ အရုပ်လေးလည်း ဒီအတိုင်းပင်။ နှစ်ယောက်စလုံးကို စိတ်တို၍ ဘယ်သူ့ကိုမှ စကားမပြောခဲ့ပါ။ ပထမရက်တွေက အရုပ်လေး သူ့ကိုစကားလိုက်ပြောသော်လည်း သူကတစ်ခွန်းမှ ပြန်မပြောသဖြင့် နောက်ပိုင်းရက်တွေတော့ စကားလာမပြောတော့ပါ။

ဆောင်းညသည် မိုးသဒ္ဒါကို စိတ်ပြေသွားပြီဖြစ်သော်လည်း ချက်ချင်းကြီးတော့ ဖုန်းမဆက်ချင်သေးပေ။ နည်းနည်းတော့ နေလိုက်ဦးမည်။ ဒီလောက် အငြိုးကြီးကြသော မိန်းကလေးမျိုးတွေ သူ အခုမှ သေချာတွေ့ဖူးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ … ဆောင်း၊ ထမင်းပွဲပြင်ပြီးပြီ၊ ထမင်းလာစားတော့"

အောက်ထပ်မှ ကြီးမှု အော်ခေါ်သံကြားရသဖြင့် သူ အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။

"သား … ဆောင်း၊ မှူမှူက ပြောနေပါလား၊ ဒီနေ့ သား မှာထားလို့ဆိုပြီး ပန်းတစ်ခြင်း လာပေးတယ်ဆို ဘာလုပ်ဖို့မှာထားတာလဲ သားရဲ့"

အန်တီသန္တာ စကားကြောင့် သူမ ဆောင်းကိုလှမ်းကြည့်လိုက်သည်။ သူ ဘာလုပ်မလို့လဲ ဟိုမိန်းမ မိုးသဒ္ဒါကိုသွားချော့ဖို့လား၊ တွေးရင်းနဲ့ ရင်ပူမိသည်။ ဟိုကိစ္စဖြစ်ပြီးကတည်းက ဆောင်းက သူမကို စကားလုံးဝမပြောပါ။ မိုးသဒ္ဒါနဲ့လည်း အဆက်အသွယ်ရှိပုံ မပေါ်ပါ။

"ကိစ္စတစ်ခုရှိလို့ပါ မာမီ"

ဒေါ်စောသန္တာသည် မရေမရာဖြေလိုက်သော သားစကားကြောင့် သိပ်မကျေနပ်သော်လည်း ဘာမှထပ်မမေးတော့ပါ။ အရုပ်လေးကို လှမ်းကြည့်လိုက်တော့ မျက်နှာတော်တော်ပျက်နေပါသည်။ သေချာပါသည်။ ဒီကောင့်မှာ ရည်းစားရှိနေပြီ။





သူ့အမေကတော့ ဘာမှမပြော၊ သူ့ထမင်းကိုသာ အေးအေးဆေးဆေး စားနေသည်။ နောက်မှ အရုပ်လေးကို တိုးတိုးကျိတ်ကျိတ် ဆောင်းကောင်မလေးအကြောင်းကို မေးရမည်။

"နေ့လယ်က မမဖုန်းဆက်တယ်၊ မာမီ့ဖုန်း ပိတ်ထားလို့တဲ့"

ဆောင်းညက ဘာမှမဖြစ်သလိုနှင့် စကားလမ်းကြောင်း ပြောင်းနေပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၄)

သံယောဇဉ်အရှုပ်အထွေးကြားထဲ

မာနနဲ့အတ္တကို

ခဝါမချနိုင်တဲ့

လူသားအတွက်တော့

ကြေကွဲဝမ်းနည်းစရာချည်းပါပဲ။



## ၁၆

"မိုး ... နင့်ကို ငါ ပြောစရာရှိတယ်"

မမပိုးက သူမအခန်းထဲ ဝင်လာပြီး မလုံမလဲနှင့် အခန်းတံခါးဝကို တစ်ချက်ပြန်လှည့်ကြည့်ရင်း ပြောလိုက်တာမို့ မေမေ မသိစေလိုသောစကား ဖြစ်မည်ဟု သူမသဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က အထည်တွေ သွားပို့တုန်းက ဖေဖေနဲ့ ငါတွေ့ခဲ့တယ်"

"ဟိုမိန်းမရော ပါလား"

ဖေဖေဆိုသောအသံကို ကြားတော့ မိုးသဒ္ဒါ အိပ်ရာပေါ်မှာ လှဲနေရာက ချက်ချင်းထ,ထိုင်လိုက်ကာ မေးလိုက်သည်။

"မပါဘူး၊ ဖေဖေ တစ်ယောက်တည်းပဲ၊ ဖေဖေက ငါ့ကို အင်းဝကိုခေါ်သွားပြီး စကားတွေအများကြီး ငါတို့ပြောဖြစ်ကြတယ်"

"မိုးအကြောင်းရောပါလား မမပိုး"

"မေးစရာလား၊ ဖေဖေက နင့်အကြောင်းကို အရင်မေးတာ၊ ငါပြောပြလိုက်ပါတယ်၊ နင့်ဝတ္ထုတွေက အခု မဂ္ဂဇင်းတော်တော်များများမှာ နေရာယူနေပြီလို့"

"ဖေဖေ ပိန်သွားလားဟင် မမပိုး"

"အေး ... နည်းနည်းတော့ ပိန်သွားသလိုပဲ၊ ဖေဖေက ငါ့ကို အလုပ်လုပ်စေချင်တယ်တဲ့၊ မေမေ့လုပ်ငန်းကို လုပ်နေတာမျိုး မကြိုက်ဘူးတဲ့၊ မုန့်ဖိုးလည်း အတင်းပေးတယ်ဟာ၊ ငါ ယူမလာခဲ့ပါဘူး၊ မေမေသိရင် မလွယ်ဘူးလေ၊





ပြန်တော့လည်း လမ်းထိပ်အထိ လိုက်ပို့ပေးယ်၊ ငါ့မှာ မေမေ မြင်မှာစိုးလို့ ရင်တမမနဲ့"

မိုးသဒ္ဒါ ဖေဖေ့ရုပ်သွင်ကို မျက်ဝန်းမှာ ပြန်မြင်ယောင်မိသည်။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ ကျန်းကျန်းမာမာနှင့် ရှိနေသည်ဆိုလျှင်ပဲ ကျေနပ်ရပါသည်။

"အငယ်မ ဖေဖေက နင့်ကို တွေ့ချင်တယ်တဲ့"

"ဟင့်အင်း ... မိုးတော့ မတွေ့ချင်ဘူး၊ ဖေဖေ့ကို မိုးတွေ့ရင် ငိုမိလိမ့်မယ်၊ ဟိုမိန်းမနဲ့အတူတွဲတွေ့ရင် မိုးသိတယ် မိုးခံနိုင်မှာ မဟုတ်ဘူး"

"အေးလေ ... ငါလည်းသိပါတယ်။ ဒါကြောင့် ဖေဖေ့ကို အာမ,မခံခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် ဖေဖေနဲ့ ဟိုမိန်းမလည်း ရေစက်ပါလို့ ဖြစ်မှာပါ၊ ငါတို့က ဒီတစ်ဘဝတည်းအတွက်ပဲ ကြည့်ပြောနေကြတာလေ"

"မမပိုး အဲဒီလို သဘောထားနိုင်ပေမယ့် မိုးတော့ သဘောထားမကြီးနိုင်ဘူး"

ပိုးနှံ့သာသည် ညီမဖြစ်သူကို ဘာစကားမှ ဆက်မပြောတော့ပါ။ မိုးခံစားချက်ကို သူမ ကောင်းကောင်းသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို သာမန်ထက်ပိုချစ်သောကြောင့် မိုးစိတ်ဒုက္ခရောက်နေရသည် မဟုတ်လား။ ဒါလည်း ရေစက်တစ်ခုပင်ဖြစ်မည်။

မိုးသဒ္ဒါ အိပ်ရာပေါ်တွင် ပြန်လှဲနေလိုက်သည်။ အခုတလော နေလို့မကောင်းပါ။ ည,ဆိုကလည်း ဘာအဆက်အသွယ်မှ မရသေး။ လူက ရှုးချင်နေသည်။ ဘယ်တော့မှလက်တွဲမဖြုတ်ပါဘူးလို့ ကတိအထပ်ထပ် ပေးခဲ့သည့်လူက အလိုမကျစရာတစ်ခုအတွက်နဲ့ လက်ပဲဖြုတ်တာမဟုတ်၊ အဝေးဆုံးတောင်ပြေးပုန်းသွားသည်။

ဒီ့ထက်ကိုပြီးလည်း ဘာမှမလုပ်ချင်တော့။ နောက်ဆုံးတော့ မေ့ပစ်လိုက်ရမည့် အဆင့်သာကျန်တော့သည်။

သတိရလို့ ကျခဲ့တဲ့ မျက်ရည်တွေကလည်း များလှပြီ။

"မိုးရေ ... အောက်မှာ နှင့်နှာမည်နဲ့ ပန်းခြင်းတစ်ခြင်းရောက်နေတယ်"

မမပိုးက အခန်းထဲမှ ထွက်သွားပြီး ခဏကြာတော့ ပြန်ဝင်လာလိုက်သည်။

"ဘာပန်းတွေလဲ မမပိုး"





"နှင်းဆီပန်းတွေ အရောင်စုံပဲ၊ သိပ်လှတာပဲ ဆင်းကြည့်စမ်းပါ"

မိုးသဒ္ဒါရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဒီပန်းခြင်းသည် ညဆိုကလွဲလို့ ဘယ်သူပေးတာမှ မဖြစ်နိုင်ပါ။

ဟုတ်ပ့ါ။ နှင်းဆီပန်းတွေ အရောင်စုံစွာ လှပနေပါသည်။ မေမေက သူမကို မေးငေါ့ပြီး ပန်းခြင်းကိုပြနေသည်။ စက်ချုပ်နေသော မိန်းမတွေက သူမကိုစ,နေကြသည်။

မိုးသဒ္ဒါသည် ဆက်တီခုံပေါ်တွင် တင်ထားသော ပန်းခြင်းဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ပန်းခြင်းမှာ ကတ်ပြားလေးတစ်ခု ချိတ်ထားသည်။

"I will never fly from you မင်းက ငါ့နှလုံးသားကို ချုပ်ကိုင်ထားတဲ့အတွက်

for you have seized my heart ! မင်းဆီက ငါ ဘယ်ကိုမှ ပျံထွက်သွားမှာ မဟုတ်ဘူး"

စာတန်းလေးကိုဖတ်ပြီး မိုးသဒ္ဒါ နှစ်ခြိုက်စွာ ပြုံးမိသည်။ ရှင့်ကို သိပ်ချစ်တယ် ဆောင်းည။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"လာ ... မသိမ့်"

ဒေါ်စောသန္တာသည် သူမတို့ ကားမောင်းသင်တန်း လက်ခံရာ မြောက်ဒဂုံလက်ခွဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော သိမ့်သိမ့်ခင်ကို ကြိုဆိုလိုက်သည်။





"တစ်နေ့ကမှ ဗန်ကောက်က ပြန်ရောက်လာတာ မမသန္တာ၊ ဒီမှာ မမသန္တာအတွက် လက်ဆောင်ဝယ်လာတယ်၊ အရုပ်လေးအတွက်ရောပဲ၊ ထုံးစံအတိုင်း ကျွန်မ ဝယ်ပေးတယ် မပြောဘဲ မမသန္တာ အဆင်ပြေသလိုပြောပြီး ပေးပေးပါ"

အိတ်ကြီးအိတ်ငယ် စုံလင်စွာကို ဆုံလည်ကုလားထိုင်တစ်ခုပေါ်တွင် သိမ့်သိမ့်ခင် စုပြုံတင်ထားလိုက်သည်။

"အားနာစရာ မသိမ့်ရယ်၊ နောက် ဝယ်မလာခဲ့ပါနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မမသန္တာရယ်၊ မမသန္တာတို့ရဲ့ကျေးဇူးတွေဟာ ကျွန်မအပေါ်မှာ အများကြီးပါ။ အထူးသဖြင့် အရုပ်လေးအတွက် လုံခြုံနွေးထွေးမှုကို ပေးနေတဲ့အတွက် ကျွန်မနေ့စဉ်နေ့တိုင်း မမသန္တာတို့မိသားစုကို မေတ္တာပို့ပေးပြီး ကျေးဇူးတင်နေရတာပါ"

ဒေါ်စောသန္တာသည် မျက်ရည်လည်၍ ပြောနေသော ဒေါ်သိမ့်သိမ့်ခင်ကို နားလည်စာနာဟန်ဖြင့် စိုက်ကြည့်နေသည်။

"ကိုစောသာကလည်း တောက်လျှောက် အရုပ်လေးအတွက် ပိုက်ဆံတွေပို့ပေးတယ်၊ ပို့ပေးသမျှကို အရုပ်လေးနာမည်နဲ့ ဘဏ်မှာအပ်ထားပေးပါတယ်၊ အရုပ်လေးကို အစ်မတို့သမီးအရင်းလေးလို သဘောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် မမသန္တာ၊ ကျွန်မကို နားလည်မှုပေးတာ မမသန္တာ တစ်ယောက်ပဲ ရှိပါတယ်၊ ဒီကျေးဇူးကို ကျွန်မ ဘယ်လိုဆပ်ရမှန်းတောင် မသိဘူး မမသန္တာ၊ ကျေးဇူးပြု ပြီး ကျွန်မကို တစ်ခုလောက် အကူအညီပေးပါ"

"ပြော ... မသိမ့် ဘာကူညီရမလဲ"

"အရုပ်လေး ကျွန်မအပေါ် စိတ်နာ စိတ်ဆိုးနေတာတွေ ကို လွင့်ပျောက်သွားစေချင်တယ်၊ သူ့ကို နိုးနိုးပြီးကြည့် ရပြီး မျက်ရည်ကျရတဲ့နေ့တွေကိုလည်း အဆုံးသတ်ချင်လှ ပြီ၊ မမသန္တာ သမီးလေးကို ချော့မော့ပြီး ကျွန်မရဲ့အကြောင်း ကို နားဝင်အောင် သူ နားလည်သွားအောင် ပြောပြပေးပါ လား"

"ဟင်း ... ခက်တယ် မသိမ့်၊ အရုပ်လေးက အပြင်ပန်း ကြည့်ရင်သော နူးညံ့သိမ်မွေ့သလိုလိုနှင့် စိတ်အရမ်းကြီး ပြီး အမှတ်လည်းကြီးတယ်၊ အစ်မလည်း မပြောပြချင်ဘဲ နေပါ့မလား၊ အရုပ်လေးက သူ့အဖေလိုပဲ တစ်ဖွတ်ထိုး ဆန်တယ်၊ စကားထဲမှာ သိမ့်နာမည်ပါလာပြီဆိုတာနဲ့ လုံးဝဆက်နားမထောင်တော့ဘူး"





"ဒါဆို တစ်သက်လုံး ... တစ်သက်လုံးပဲ သူ ကျွန်မကို နာကြည်းနေတော့မှာပေါ့နော်"

ဒေါ်သိမ့်သိမ့်ခင်သည် ပြောရင်းနဲ့ မျက်ရည်ကျလာ သည်။

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ မသိမ့်၊ အချိန်တော့ စောင့်ရမှာပေါ့၊ အစ်မ သူ့ကို တစ်နေ့တော့ သဘောပေါက် လာအောင် ပြောပြနိုင်မှာပါ။ တကယ်တော့ အရုပ်လေးက မသိမ့်ကို အရမ်းချစ်တာပါ၊ ချစ်လွန်းလို့ မသိမ့် ထွက် သွားတာကို ပိုပြီးနာကျင်သွားတာပါ"

ဒေါ်သိမ့်သိမ့်ခင် မျက်ဝန်းထဲတွင် အတိတ်မှ အကြောင်းအရာများသည် ရုပ်ရှင်ပိတ်ကားပေါ်မှ ပြကွက်များ သဖွယ် တစ်ကွက်ပြီးတစ်ကွက်၊ တစ်ခန်းပြီးတစ်ခန်း ပြန်၍မြင် ယောင်မိပါသည်။

တစ်ခါက ထွန်းဆွေနှင့် သိမ့်သိမ့်ခင် ဆိုသော လိုက်ဖက်ညီသော ချစ်သူနှစ်ယောက် ရှိခဲ့ဖူးပါသည်။ အဓိပတိ လမ်းမပေါ်မှာ လက်ချင်းတွဲလျှောက်၊ သစ်ပုပ်ပင်ရဲ့အောက်မှာ ချစ်စကားတွေခြွေပြီး အင်းလျားမှာလည်း ခြေရာချင်းထပ်ခဲ့ဖူးပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော နွေရာသီကျောင်းပိတ်ရက်တွင် သူမကို မျက်စိကျသွားသော မော်လမြိုင်မှ ဖေဖေ့မိတ်ဆွေသည် သူ့သားစက်မှုတက္ကသိုလ်ကျောင်းဆင်း ကိုဝေသာအတွက် ဖေဖေ့ဆီမှာ သူမကို လာရောက်တောင်းရမ်းခဲ့သည်။ ဘာမှငြင်းစရာမရှိအောင်ပြည့်စုံသော ကိုဝေသာကို ဖေဖေက ခေါင်းညိတ်သဘောတူလိုက်စဉ်တွင် သူမနှလုံးသားလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားခဲ့သည်။

အချစ်ကို ကိုးကွယ်တတ်သောအရွယ် ဖြစ်သည်မို့ ချစ်သူ့ခေါ်ရာနောက် ကောက်ကောက်ပါအောင်လိုက်ဖို့ သူမကြိုးစားခဲ့သော်လည်း ကံဆိုးစွာဖြင့် အထ,မမြောက်ခဲ့ပါချေ။ သူမမင်္ဂလာဆောင်မှာ နောက်ဆုံးတွေ့ဆုံခြင်းဖြင့် လာရောက်နှုတ်ဆက်သော ချစ်သူကိုကြည့်ကာ သူမဘေးနားမှ ကိုဝေသာကို အားမနာဘဲ မျက်ရည်ကျမိသည်။

ထိုအချိန်မှစ၍ ကိုဝေသာ့ရင်ထဲတွင် ဆူးတစ်ချောင်းဝင်သွားခဲ့သည်။ အိမ်ထောင်ရေးလည်း အဆင်မပြေခဲ့ပါ။ အရက်ကလေး ဝင်လာတိုင်း အတိတ်ကအကြောင်းတွေကို ပြန်ပြန်အစ,ဖော်ပြီး ရစ်တတ်သော ကိုဝေသာနှင့် အချိန်မရွေး လမ်းခွဲရမည်ကိုသိ၍ ကလေးယူဖို့လည်း လုံးဝမစဉ်းစားခဲ့ပါ။ သူမ့အိမ်ထောင်





သက် သုံးနှစ်လောက်မှာ ကိုထွန်း၏ အိမ်ထောင်ကျသွားသည်။ တခြားသူနှင့်တော့ မဟုတ်ပါ။ သူမနှင့် သူနှင့်ပါ သူငယ်ချင်းဖြစ်သော သဉ္ဇာနှင့်ဖြစ်သည်။

"ကဲ ... ကဲ ... ဒီလောက်လည်း မှိုင်တွေမနေပါနဲ့ မသိမ့်ရယ်၊ အစ်မလည်း အမေတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာပါတယ်"

"ဟုတ်ကဲ့ မမသန္တာ၊ ဒါဆို ကျွန်မပြန်လိုက်ဦးမယ်၊ ခေါင်းထဲ တစ်မျိုးဖြစ်လာလို့"

"အအေးလေး ဘာလေး သောက်သွားပါဦး မသိမ့်ရယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မမသန္တာ၊ ကိုထွန်း စောင့်နေရတာ ကြာပြီမို့ သွားဦးမယ်"

သိမ့်သိမ့်ခင် ကျောပြင်ကိုကြည့်ကာ ဒေါ်စောသန္တာ သက်ပြင်းချလိုက်သည်။ တကယ်တော့ သိမ့်သိမ့်ခင်က သနားစရာကောင်းသော မိန်းမတစ်ယောက် ဖြစ်ပါသည်။ သံသယစိတ်များသော မျက်လုံးများဖြင့် ခေါက်ထောက်ကြည့်နေသော ကိုဝေသာနားတွင် နှစ်ပေါင်းများစွာ စိတ်သောကရောက်ခဲ့ရသည်။ သိမ့်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ခင် တာဝန်ကျရာ စမ်းချောင်း English private school နှင့် မျက်စောင်းထိုးလောက်တွင် ကိုထွဋ်ဆွေ အလုပ်လုပ်သော Export & Import ကုမ္ပဏီရှိသဖြင့် သူတို့နှစ်ယောက် ပြန်ဆုံတွေ့ကြသည်။

ရိုးရိုးသားသား ဖြစ်သော်ငြားလည်း အတိတ်ကစာတ်လမ်း ရှိခဲ့ဖူးသူတွေမို့ ကိုဝေသာ ဒေါသက ငယ်ထိပ်ရောက်ခဲ့ပြီး ရှင်းပြတာကိုပင် လုံးဝလက်မခံဘဲ တွင်တွင်ကွာရှင်းခိုင်းလေသည်။ ချစ်စရာသမီးလေး ရှိနေသဖြင့် ကိုဝေသာကို သိမ့်သိမ့်ခင် မချစ်သော်လည်း အိမ်ထောင်ရေးကို ပြိုကွဲမသွားချင်ပါ။

အဲဒီတုန်းက သူမတို့လင်မယားနှစ်ယောက်လည်း ဗျာများရသည်။ သိမ့်သိမ့်ခင်က လာလာငိုပြီးပြောလိုက်၊ ကိုဝေသာက လက်သီးလက်မောင်းတန်းပြီး ပြောလိုက်နှင့် နောက်ဆုံးတော့ သိမ့်သိမ့်ခင် တစ်ယောက် အလျှော့ပေးကာ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးလိုက်ရပါသည်။

ကိုထွဋ်ဆွေ ဘက်ကလည်း ဒီနည်းနှင်နှင်ပင်ရှိလိမ့်မည်။ သူတို့နှစ်ယောက် ပထမအိမ်ထောင်တွေနှင့်ကွဲပြီး တစ်နှစ်ကြာမှ အိမ်ထောင်ထူထောင်သွားသည်ဟု ကြားလိုက်ရသည်။ ကိုဝေသာ အတွက်တော့ သူ၏သံသယ ပိုပြီးခိုင်လုံသွားသည်ပေါ့။





"သီသီရေ ... အန်တီ အိမ်ပြန်လိုက်ဦးမယ်၊ customer တွေကို သင်တန်းအကြောင်း သေသေချာချာ ရှင်းပြနော်၊ palmflat လောက်နဲ့ တချို့က သိပ်နားလည်တာ မဟုတ်ဘူး"

"ဟုတ်ကဲ့ အန်တီ"

သင်တန်းစာရေးမလေးကို နှုတ်ဆက်ပြီး သိမ့်သိမ့်ခင် လာပေးသော အထုပ်ကြီး အထုပ်ငယ်တို့ကို သူမ ယူလာခဲ့သည်။ အရုပ်လေးကိုတော့ မိတ်ဆွေတစ်ယောက် ဗန်ကောက်က ပါလာတာလို့ မှသားပြောရဦးမည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"ဟော့ ... ဟော့ ... မရဘူး မိုးသဒ္ဒါ၊ အခုဖုန်းခေါ်ပြီးလာခိုင်း၊ ဒီနေ့တော့ မိတ်ဆက်ပေးမှဖြစ်မယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဆေးကျောင်းသားချစ်သူဆိုတာ ဘယ်လိုပုံမျိုးလဲ သိချင်တယ်ကွာ"





ကမ္ဘာအေးဂမုန်းပွင့်က J'donuts မှာ ကျောင်းက သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြတာမို့ မိုးသဒ္ဒါ စိတ်ရှုပ်မိသည်။

"သူက နင်တို့ ငါတို့လို အားအားလျားလျားမှ မဟုတ်တာဟဲ့"

ဟု အော်လိုက်တော့မှ မျက်နှာရှုပ်ပုပ်နှင့် ငြိမ်သွားကြသည်။

"ဟဲ့ ... ဟိုကောင်မလေးက မိုက်လှချည်လား"

သူငယ်ချင်း မျိုးမျိုးက ဆိုင်ထဲကို လှမ်းဝင်လာသော ကောင်မလေးအုပ်စုထဲမှ လင်းထလှပချောမွေ့သော ကောင်မလေး တစ်ယောက်ကိုကြည့်ကာ ပြောလိုက်တာမို့ အားလုံးရဲ့မျက်ဝန်းတွေက ထိုကောင်မလေးပေါ် ကျရောက်သွားသည်။ သူမကတော့ မေသဲအိမ်ကို လှမ်းတွေ့လိုက်တာမို့ မျက်နှာလွှဲလိုက်သည်။

"အဝတ်အစားကတော့ ကွန်ပျူတာတက္ကသိုလ်ကပဲ၊ ငါတို့လည်း အဲဒီလောက်လှရင် တော်တော်ကောင်းမှာပဲ"

တစ်ယောက်တစ်ပေါက်နှင့် မေသဲအိမ် အလှကို ချီးမွမ်းခန်းဖွင့်နေကြသော်လည်း မိုးသဒ္ဒါကတော့ ကောင်းသည်၊ ဆိုးသည် စကားတစ်ခွန်းမှ ဝင်မပြောပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ညလား၊ အခု ဘယ်မှာလဲ ကျောင်းမှာလား"

"........."

"ဟုတ်လား၊ ဒါဆို သဒ္ဒါတို့ အခု ကမ္ဘာအေးဂမုန်းပွင့်က J'donuts မှာ၊ ဒီမှာ သူငယ်ချင်းတွေက ညနဲ့မိတ်ဆက်ပေးခိုင်းနေလို့၊ လာခဲ့လို့ ရမလား"

"........."

"အင်း ... အင်း၊ ဒါဆို စောင့်နေကြမယ်နော်"

"ဟေး"ခနဲနေအောင် သူငယ်ချင်းတွေ ထအော်လိုက်ကြတာမို့ တခြားဝိုင်းမှလူတွေက သူမတို့ဝိုင်းကို လှမ်းကြည့်ကြသည်။ မေသဲအိမ်က လှမ်းအကြည့်နှင့် သူမက မေသဲအိမ်ကိုလှမ်းအကြည့်၊ အကြည့်ချင်း ဆုံသွားကြသည်။ မေသဲအိမ်က အရင်ဦးအောင် မျက်လုံးလွှဲလိုက်သည်။ လုပ်ထားဦးပေါ့။ မကြာခင် ည,လာတော့မှာ ပွဲသိမ်းကွက် နင် ဘယ်လိုရွှေ့မလဲ ကြည့်ကြည့်လိုက်ဦးမယ်။ မိုးသဒ္ဒါ စိတ်ထဲ ကျိတ်ပြောလိုက်သည်။

သိပ်မစောင့်လိုက်ရပါ၊ မိနစ်နှစ်ဆယ်သာသာလောက်တွင် ညရောက်လာခဲ့သည်။ မေသဲအိမ်တို့ဝိုင်းက ထွက်မသွားကြသေး၍ မိုးသဒ္ဒါ ကျေနပ်နေရသည်။ ဒီမိန်းမ ညနဲ့သူမကိုနောက်တစ်ခါ ထပ်တွဲပြီးကို မြင်စေချင်တာ။



"ဟဲ့ ... ဟိုကောင်လေးက အမိုက်စားလေးပဲ၊ ကြည့်လိုက်စမ်း မေသဲအိမ်"

"အိုး ... မကြည့်နိုင်ပါဘူး၊ ဗိုက်အောင့်ရတဲ့အထဲ၊ ငါဘာဖြစ်နေလဲ မသိဘူး၊ ဗိုက်ထဲက အောင့်အောင့်နေတယ်"

"ကြည့်လိုက်စမ်းပါဟယ်၊ ဟယ် ... သူ ဟိုဘက်ဝိုင်းက ကောင်မလေးတွေဆီ လျှောက်သွားတယ်"

မေသဲအိမ်သည် ကျောခိုင်းအနေအထားမှ လှည့်၍ကြည့်မိသည်။ ဆောင်းပဲ၊ ဆောင်းက မိုးသဒ္ဒါတို့ဝိုင်းကို လျှောက်သွားသည်။ သေချာတယ် မိုးသဒ္ဒါ လှမ်းခေါ်လိုက်တာဖြစ်မည်။

"မိတ်ဆက်ပေးမယ်နော်၊ ဒါ ငါ့ချစ်သူ ဆောင်းညတဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီမိန်းမပြောတုန်းက ပိုပြောတယ်လို့ထင်တာ၊ တော်တော်ချောတာပဲ"

ဆောင်းညက မိုးသဒ္ဒါ သူငယ်ချင်းတွေရဲ့ ချီးမွမ်းသံများကြားတွင် ရှက်ရယ်,ရယ်နေသည်။

"ဟဲ့ ... ဟဲ ... အို ... ဘာဖြစ်တာလဲ မေသဲအိမ်၊ ဘာဖြစ်တာလဲ"

ဟိုတစ်ဖက်ဝိုင်းမှ ရုတ်ရုတ်သဲသဲ အော်သံတွေကြောင့် ဆောင်းည လှမ်းကြည့်လိုက်သည်။ မျက်နှာရှုံ့မဲ့မဲ့ဖြင့် ဗိုက်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ဖြင့် ကိုင်ကာထားသော အရုပ်လေးကို တွေ့လိုက်တာမို့ ရုတ်ခြည်းနေရာမှ ထ,သွားလေသည်။

"အရုပ်လေး ... နင် ဘာဖြစ်တာလဲ အရုပ်လေး"

"အောင့်တယ် ဆောင်း၊ အရမ်းအောင့်တယ်"

ချွေးဒီးဒီးကျနေပြီး မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသော အရုပ်လေးသည် ဝေဒနာကို အပြင်းအထန် ခံစားနေရပုံပေါ်သည်။

"ဘယ်နားကလည်း အရုပ်လေး"

"မထိနဲ့ ... မထိနဲ့၊ အား ... အား အရမ်းနာတယ်၊ ဗိုက်အောက်ညာဘက်က နာနေတာ တော်တော်ကြာပြီ၊ လုပ်ပါဦး ဆောင်း"

"ဒါဆို နင် အူအတက်ပေါက်တာပဲ အရုပ်လေး၊ မဖြစ်ဘူး ဆေးရုံသွားမှကိုဖြစ်မှာ"

ဆောင်းညသည် မျက်စိပျက် မျက်နှာပျက်နှင့် အရုပ်လေးကို တွဲခေါ်သွားပါသည်။

မိုးသဒ္ဒါနှင့် သူငယ်ချင်းများရော မေသဲအိမ်၏ သူငယ်ချင်းများပါ ထွက်သွားသော ကျောပြင်နှစ်ခုကို လိုက်ကြည့်နေမိကြသည်။





ဘယ်သူက ဘယ်သူနှင့် ဘယ်လိုပတ်သက်နေမှန်းနားမလည်နိုင်အောင် ဖြစ်နေကြသည်။

မိုးသဒ္ဒါ နှုတ်ခမ်းကို ဖိကိုက်ထားလိုက်သည်။ ဒီမိန်းမ တမင်လုပ်တာ ဖြစ်ရမည်။ ညကိုလည်း မုန်းမိသည်။ မေသဲအိမ်မို့လို့ တစ်ခုခုဖြစ်လျှင် ရုပ်ပျက်ဆင်းပျက်ကို ဖြစ်တတ်ပါသည်။ အခု သူမသူငယ်ချင်းတွေ ကြားထဲတွင် မျက်နှာပျက်ရပါသည်။ သူ့အချစ်ကိုလည်း စ,တင်ပြီး သံသယဝင်မိသည်။ သူတကယ်ချစ်နေတာ သူမမှ ဟုတ်ရဲ့လား။

OSC ဆေးရုံမှာ အရုပ်လေး အူအတက်ကိုခွဲစိတ်ခဲ့သည်။ သူဖုန်းဆက်ထားတာကြောင့် မာမီနဲ့ဒယ်ဒီ အမောတကောရောက်လာကြသည်။ operation က အောင်အောင်မြင်မြင်ပါ။ အရုပ်လေးကတော့ ခုတင်ပေါ်တွင် မှိန်းနေသည်။

အခြေအနေအားလုံး စိတ်ချရတာကြောင့် သူ မိုးသဒ္ဒါဆီ ဖုန်းခေါ်လိုက်သည်။ အရေးတကြီးအခြေအနေမို့ သူမဘက်လှည့်မကြည့်နိုင်တာ သူမ နားလည်ပေးနိုင်မည်ထင်သည်။ သို့သော် ဖုန်းခေါ်လို့မရ၊ စက်ပိတ်ထားသည်။ မိုးသဒ္ဒါကို သူ ပထမဆုံးအကြိမ် စတင်စိတ်ပျက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက သူ့အပေါ်ထားသည့် သူမ၏နားလည်မှုတွေက ဘယ်ဆီဘယ်အပါး လွင့်ပါးသွားကုန်ကြသည်မသိ။ အထူးသဖြင့် မေသဲအိမ်နဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံဖြစ်တတ်တာ တစ်ကြိမ်မက နှစ်ကြိမ်မကတော့၊ သာမန်မုန်းတီးမှုမျိုးမဟုတ်တာ သူမတို့နှစ်ယောက်ကြားတွင် သူနဲ့ ပတ်သက်တာထက်ပိုပြီးခိုင်လုံသော အကြောင်းပြချက်တစ်ခုတော့ ရှိနေလိမ့်မည်ဟု သူ ထင်သည်။

○❤○





၁၉

"မိုး ... နင့်ကောင်လေးနဲ့ အဆင်မပြေဘူးလား၊ ဖုန်းပြောတာလည်း မတွေ့ဘူး၊ နင်လည်း အပြင်မထွက်တာတော်တော်ကြာပြီ"

"သူ့ကို စိတ်ကုန်နေပြီ မမပိုး၊ သူနဲ့ချစ်ရတာ စိတ်ပင်ပန်းတယ်၊ ကြာတော့ ဒါတွေ မခံစားချင်တော့ဘူး၊ ပြိုင်ဘက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လိုက်တိုင်း အမြဲရှုံးနေရတာ၊ အခုတော့ လက်လျှော့ချင်ပြီ"

"ဘယ်ကပြိုင်ဘက်လဲ"

ပိုးနံ့သာက မိုးသဒ္ဒါ စကားကို နားမလည်ဟန်ဖြင့် ပြန်မေးလိုက်သည်။

"သူ့နာမည်က မေသဲအိမ်တဲ့၊ မိုးတို့အဖေကို လုယူသွားတဲ့ ဒေါ်သိမ့်သိမ့်ခင်ရဲ့သမီးပေါ့၊ သူ့ကို ညတို့မိဘတွေက သူ့အဖေ နိုင်ငံခြားသွားနေလို့ ခေါ်စောင့်ရှောက်ထားတာ"

"ဟင် ... တကယ်၊ နင် ငါ့ကို ဒီအကြောင်းလည်းပြောမပြဘူးပါလား"

"ဒီမိန်းမနှစ်ယောက်က အစွမ်းတော့ တော်တော်ထက်တာပဲ၊ အမေက မိုးအဖေကို လုယူတယ်၊ သမီးက မိုးချစ်သူကို လုယူဖို့ကြံစည်နေတယ်"

"ဆောင်းညက ငါမြင်တာတော့ နင့်ကို တော်တော်ချစ်ပါတယ် မိုး"

"မိုးလည်း ထင်ခဲ့တာပဲ၊ ဒါပေမဲ့ ဟိုမိန်းမ နည်းနည်းကူလီကူမာလုပ်လိုက်တာနဲ့ သူ့ကိုယ်သူ မထိန်းနိုင်တော့ဘူး"





"စဉ်းစားပါဦး မိုးရယ်၊ နင်တို့ ပတ်သက်ခဲ့ကြတာ နှစ်နှစ်ကျော်ပြီနော်"

"ဟုတ်တယ်၊ နှစ်နှစ်ကျော်လို့ သူ့အကြောင်းကို ပိုသိလာတာ"

"ဒီက မိုးကတော့ သူ့ကို သစ္စာရှိရှိနဲ့လိုက်တဲ့ ကောင်လေးမှန်သမျှကို ကန်ကန်ထုတ်နေတာ၊ အခု နောက်ဆုံးနှစ်ပြီး သူနဲ့လည်းပြတ်ရင် မိုးက ဘယ်သူနဲ့မှ တွဲစရာမရှိတော့ဘူးပေါ့"

"ဩော် ... ဩော်၊ တော်တော်သနားစရာကောင်းတာပဲ၊ ဆောင်းညကို နင်အခုပြောတဲ့စကားလေး နားထောင်စေချင်လိုက်တာ"

ပိုးနံ့သာက ညီမဖြစ်သူအပြောကို အမြင်ကတ်ဟန်ဖြင့် ပြောလိုက်သည်။

မိုးသဒ္ဒါ စိတ်ပိုင်းဖြတ်ထားသည်။ ဒီတစ်ခါတော့ လုံးဝအလျှော့မပေးတော့ပါ။ လွမ်းလည်းကျိတ်ခံမည်။ သူ့ကိုတစ်သက်နောင်ကြဉ်အောင် လုပ်ရမည်။ ဒီလိုမှတ်လောက်သားလောက်အောင်လုပ်မှ သူက မေသဲအိမ်နဲ့ ပတ်သက်တာကို လုံးဝမကြိုက်ဘူးဆိုတာ သဘောပေါက်သွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်သံ ပေါ်လာသည်။ ဖုန်းနံပါတ်က ည,ဖုန်းနံပါတ်။ သူမ ဖုန်းပိတ်ပစ်လိုက်သည်။

"ဘယ်သူ့ဆီကလဲ၊ ဆောင်းညဆီကလား"

"ဟုတ်တယ်၊ လုံးဝမပတ်သက်ချင်တော့ဘူး"

"ချစ်သူရည်းစားဆိုတာ ဒီအတိုင်းပဲ မိုးရဲ့၊ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့၊ အဲဒါမှ သဘာဝကျတာ၊ တစ်ခါတလေ ကိုယ်က သူ့ကိုချော့ရသလို တစ်ခါတလေ သူကကိုယ့်ကို ချော့ရတဲ့အခါလည်း ရှိတာပဲ"

"ဟုတ်လို့လား၊ မိုးမြင်တာတော့ ကိုကြီးကြည်သော်ဦးက ချည်းပဲ မမပိုးကို ချော့နေရသလိုပဲ"

မိုးသဒ္ဒါ တမင်ရွဲ့ပြောလိုက်တာ ဖြစ်သည်၊ ဘယ်တုန်းကမှ ပြဿနာတက် ရန်ဖြစ်ပြီဆို မမပိုးက အလျှော့ပေးသည် မရှိပါ။ ကိုကြီးကြည်သော်ဦးက သူ့ကို သိပ်ချစ်မှန်းသိ၍ ဗိုလ်ကျဟန်ရှိသည်။

မိုးကကျတော့ရော။ သူ့ကို ချော့နေတာ အကောင်းနဲ့ သဘောရိုးနဲ့မှ မဟုတ်တာ။ ရန်သူတော်ကြီးရှိနေ၍ ပါသွားမှာစိုး၍ ချော့နေရသည်။ မေသဲအိမ်ဆိုတဲ့ မိန်းမသာ မရှိခဲ့ဘူးဆိုရင် မိုးသဒ္ဒါတို့က မမပိုးလို့ပဲ စင်ပေါ်ကနေ နေမည်သာ။



"လုံးချင်းဝတ္ထုရေးရင် ကောင်းမယ်ထင်တယ် မမပိုး၊ လွယ်တာတော့ မလွယ်ဘူး၊ သူက ဝတ္ထုတိုရေးတာနဲ့မတူဘူးလေ၊ တစ်ခုနဲ့တစ်ခု အချိတ်အဆက်မိအောင်၊ စာဖတ်သူတွေပျင်းပြီး မဖတ်ချင် မဖြစ်ရအောင် ဇာတ်လမ်း၊ ဇာတ်အိမ်၊ ဒိုင်ယာလော့ခ်တွေကအစ အသက်ဝင်အောင် ရေးရမှာ၊ ဒီကြားထဲ စာရေးဖို့ အာရုံလည်း ကျရသေးတယ်"

"ဟုတ်ပါပြီ၊ ဆက်လုပ်ပေါ့ မိုး၊ နင် အောင်မြင်မှာပါ"

မိုးသဒ္ဒါက အင်အားတွေအပြည့်နှင့် စာရေးဖို့တက်ကြွနေသည်။ ဘာပဲဖြစ်ဖြစ် ဟိုရောက် ဒီရောက် လျှောက်တွေးနေမည့်အစား ဝတ္ထုတစ်အုပ်ကို ကြိုးစားပြီးရေးရမည်။

○❤○

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

မေမေနေမကောင်း၍ ညီအစ်မနှစ်ယောက် အော်ဒါထည်များကို ဗိုလ်ချုပ်ဈေးသို့ သွားပို့ကြပါသည်။ ပြီးခဲ့သည့်အပတ်ကမှ နောက်ဆုံးနှစ်စာမေးပွဲ ပြီးသွားပြီမို့ လောလောဆယ်တော့ စာရေးရုံအပြင် ဘာအလုပ်မှ မရှိသေးပါ။ ရေးထားပြီးသောစာမူများကိုလည်း နာမည်ကြီးစာအုပ်တိုက်တွင် တင်ထားပြီးဖြစ်သည်။





"အငယ်မ ... ငါနဲ့ ကြည်သော် ရုပ်ရှင်ကြည့်ဖို့ သမ္မတမှာ ချိန်းထားတယ်။ နင် လိုက်ခဲ့ချင်လား၊ ဒါမှမဟုတ် အိမ်ပြန်မှာလား"

"ကိုယ့်ဘာသာပဲ သွားကြပါ၊ တော်ကြာ ညီအစ်မနှစ်ယောက် အပြင်လွှတ်လိုက်တာ ပေါ်မလာတော့ဘူးလို့ အဆူခံရဦးမယ်"

မိုးသဒ္ဒါသည် ပိုးနံ့သာနှင့် လမ်းခွဲလိုက်ပြီး စာအုပ်ဝယ်စရာလေးရှိတာနှင့် အင်းဝစာအုပ်တိုက်ထဲသို့ ဝင်လိုက်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေသည်။ စာရေးဆရာမဖြစ်ဖို့ စာများများဖတ်ဖို့ လိုသည်လေ။ ဗဟုသုတလည်း များများရှိရမည်။ မိုးသဒ္ဒါက အမြဲတစ်လကိုတစ်ခါလောက် စာအုပ်ဆိုင်ကြီးတွေသာမက လမ်းဘေးစာအုပ်အဟောင်းဆိုင်ပါမကျန် လျှောက်ကြည့်ပြီး ကောင်းနိုးရာရာစာအုပ်ကလေးတွေ ဝယ်နေကျဖြစ်သည်။

အရင်တုန်းကတော့ ည,အမြဲပါနေကျလေ။ အခုတော့ သူမတို့အဆက်အသွယ် မရှိခဲ့တာ လေးလတောင်ရှိသွားပါပြီ။ သူ ဖုန်းဆက်တဲ့ သုံးခါစလုံး ဖုန်းပိတ်ပစ်လိုက်တာ သူ့မာနကို ထိပါးသွားမည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သေကောင်ပေါင်းလဲ ဖြစ်နေသော လူနာတစ်ယောက် အပေါ်တွင်ထားသော သူ့စိုးရိမ်ပူပန်မှုကို နားမလည်ရကောင်းလားလို့လည်း ဒေါသထွက် စိတ်နာနေကောင်း စိတ်နာနေလိမ့်မည်။ တကယ်တော့ သေချာစဉ်းစားကြည့်မည်ဆိုလျှင် ဒီကိစ္စသည် ဘာမှပြောပလောက်သောကိစ္စ မဟုတ်ချေ။ နှစ်ပေါင်းများစွာချစ်ခဲ့သော သူတို့နှစ်ယောက် ဝေးကြရလောက်အောင် ကြီးမားသော ပြဿနာလည်းမဟုတ်ချေ။ သို့သော် မေသဲအိမ် သူနှင့်လက်ပွန်းတတီးနေနေသမျှ ကာလပတ်လုံး ဒီလိုပြဿနာပေါင်းမြောက်မြားစွာ သူတို့ကြားထဲတွင် ဆက်ရှိနေမည်သာ။

မိုးသဒ္ဒါသည် ပန်းဆိုးတန်းဘက် ထွက်လာခဲ့သည်။ တစ်ယောက်တည်း သွားလာလှုပ်ရှားနေရတော့ ည,ကိုသတိတရ လွမ်းမိပါသည်။ သူမ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လုပ်သမျှ နောက်သို့ တစ်ချက်မညည်းဘဲ အဖော်လိုက်ပေး၊ စာအုပ်လေးတွေ အတူရွေးပေးသော၊ စိတ်ရှည်သော ည,သည် မေသဲအိမ်ကိုလည်း မျက်နှာတစ်ချက် အပျက်မခံဘဲ သံယောဇဉ်ကြီးလွန်းနေသည်ပဲ။

ကိုယ့်ချစ်သူရဲ့ဂရုစိုက် မြတ်နိုးမှုကို ခွဲဝေမပေးချင်ခဲ့တာ မိန်းမတစ်ယောက်ရဲ့ သဘာဝပဲ၊ ဒါကို အူတိုတယ်လို့





နာမည်တပ်မယ်၊ သဘောထားသေးတယ်လို့ စွပ်စွဲမယ်ဆိုရင်လည်း အပြောခံဖို့ အဆင်သင့်ပါပဲ ည။

မိုးသဒ္ဒါသည် လမ်းဘေးစာအုပ်အဟောင်းဆိုင် တစ်ဆိုင်ရှေ့တွင်ရပ်လိုက်ပြီး စာအုပ်မျက်နှာဖုံးတွေကို ကြည့်လိုက်သည်။ ထို့နောက် ထုံးစံအတိုင်း ငုတ်တုတ်ထိုင်ကာ စာအုပ်တစ်အုပ်ကို လက်လှမ်းလိုက်သည်။

ဘေးနားသို့ လူတစ်ယောက် လာထိုင်လိုက်သည်ကို သိလိုက်သည်။ သို့သော် စာအုပ်မှ မိုးသဒ္ဒါ မျက်လုံးမခွာမိပါ။

"သဒ္ဒါ ... ဒီစာအုပ်လေး ကောင်းတယ်"

သူမရှေ့သို့ စာအုပ်လေး ထိုးပေးသော သူ့ကိုသူမ ကြည့်လိုက်မိသည်။ ဆောင်းည ... ရှင် ဘယ်လိုလုပ်ပြီးရောက်လာတာလဲ။ မိုးသဒ္ဒါရင်ထဲ ရုတ်ခြည်းပျော်သွားမိသည်။

သူမ စာအုပ်အဟောင်းဆိုင်က ထွက်လာတော့ သူက သူမဘေးမှ လိုက်လျှောက်လာသည်။ သူမ သူ့ကိုစကား တစ်ခွန်းမှ မဆိုမိပါ။

"သဒ္ဒါ ... နေနိုင်လိုက်တာနော်၊ ဖုန်းဆက်တော့လည်း ပိတ်ထားတယ်၊ ဟိုတစ်ခေါက်က ကျောင်းကိုလိုက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရဘူး၊ တကယ်ဆို ပြီးခဲ့တဲ့ကိစ္စမှာ တို့မမှားဘူး သဒ္ဒါ၊ အရုပ်လေး တကယ် operation လုပ်လိုက်ရတာ"

"ဒီမှာ ... သဒ္ဒါပြောမယ် ည၊ ည့သေသေချာချာ စဉ်းစားပါ၊ မေသဲအိမ်နဲ့ လုံးဝပတ်သက်မှု မရှိတော့ဘူးဆိုမှ သဒ္ဒါနဲ့ လာဆက်သွယ်ပါ၊ ဒီ့ထက်ပိုပြီး သဒ္ဒါ သူ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်ချင်တော့ဘူး၊ သဒ္ဒါ့ရှေ့မှာ မေသဲအိမ်ကို ဂရုစိုက်ပြနေတာကိုလည်း မမြင်ချင်တော့ဘူး"

မိုးသဒ္ဒါသည် ရင်ထဲမှ အနှစ်နှစ်အလလက ပြောချင်သောစကားတို့ကို ဆောင်းည မျက်နှာကို သေသေချာချာကြည့်ကာ ပြောလိုက်သည်။ သူ့မျက်ဝန်းထဲမှ အရိပ်တို့ကို သူမ အကဲမဖမ်းချင်တော့တာနှင့် ရှေ့ကိုဆက်လျှောက်မိသည်။ ဒီနေ့ သူမ လိုချင်သောကတိကို ဆောင်းညဆီမှ ရအောင်တောင်းရမည်။

"ဟင် ... ဖေဖေ"

မိုးသဒ္ဒါသည် sumsaung အရောင်းခန်းမထဲမှထွက်လာသော ဖေဖေတို့စုံတွဲကို လှမ်းမြင်လိုက်ရတာကြောင့် နေရာ





မှာပင် ရပ်နေမိလိုက်သည်။ ဖေဖေက ရှေ့တွင် ဂိတ်ထိုးထားသော ကားတံခါးကို ဆွဲဖွင့်မည်အလုပ် သူမဘက်ကို လှမ်းကြည့်လိုက်တာမို့ မိုးသဒ္ဒါသည် မျက်နှာလွှဲလိုက်ကာ ခပ်သွက်သွက် ဆက်လျှောက်သွားသည်။

"မိုး ... သမီး မိုး"

နောက်မှ ဖေဖေ့အသံကို ကြားရသည်။ သူမကတော့ ခြေလှမ်းတွေကို ရပ်မပစ်ပါ။ ဆောင်းညသည် ထူးဆန်းသော အဖြစ်အပျက်ကြောင့် မိုးသဒ္ဒါနှင့် ထိုလူကြီးနောက် လိုက်လျှောက်မိသည်။ သဒ္ဒါက ဘာလို့ လှည့်မကြည့်တာလဲ၊ ဒီလူကြီးကရော ဘာလို့ သဒ္ဒါ့နောက် အသည်းအသန် လိုက်ခေါ်ရတာလဲ၊ သိချင်စိတ်ကို သူ မမျိုသိပ်နိုင်ခဲ့ပါ။

"မိုး"

ဦးထွန်းရွှေသည် သမီးမိုး၏ရှေ့သို့ ပိတ်ရပ်ကာ ခေါ်လိုက်သည်။ အရင်ကထက် ပိုပြီးချောကာ တည်ငြိမ်ပုံရသော သမီးမျက်နှာလေးကို တစိမ့်စိမ့် ကြည့်လိုက်မိသည်။

"သမီး ... ဖေဖေနဲ့ တစ်နေရာရာမှာသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဖေဖေ၊ သမီး မပြောချင်ဘူး၊ မိုးရှေ့မှာ ဖေဖေနဲ့ ဟိုမိန်းမကိုလည်း တွဲမမြင်နိုင်ဘူး၊ မိုး အသည်းနာတယ်၊ မိုးနဲ့ စကားပြောချင်ရင် ဖေဖေ ဟိုမိန်းမနဲ့ လမ်းခွဲပြီးမှ လာပြောပါ"

"မဟုတ်တာပဲ သမီးရယ်"

ဦးထွန်းဆွေသည် လေးတွဲ့တွဲ့ ပြောလိုက်လေသည်။ အခုအချိန်လောက်ဆို မိုး သူ့ကို နားလည်ခွင့်လွှတ်နိုင်မည်ဟု ထင်ထားခဲ့သည်။ မိုးက သူ့ကို သိပ်ချစ်တာ မဟုတ်လား။ သူ အိမ်ကထွက်သွားတုန်းကတော့ သူ့ကို တကြော်ကြော်အော်ခေါ်ပြီး ငိုကျန်ခဲ့တာလည်း မိုးပဲလေ။ မတွေ့ရတဲ့ နှစ်အနည်းငယ်အတွင်းမှာ မိုးက သူ့ကိုစိတ်နာနေခဲ့သည်ပဲ။

"ဒါ ပြင်လို့မရတဲ့ ကိစ္စတစ်ခုပဲလေ မိုး၊ သမီးလည်း ကျောင်းပြီးပြီဆိုတော့ လူကြီးဖြစ်ပြီပဲ၊ နားလည်ပေးပါ"

"ပြင်လို့မရဘူး … ဟုတ်လား ဖေဖေ၊ သမီးနှစ်ယောက် မွေးပြီးတော့တောင် အဲဒီအိမ်ထောင်ရေးကို ဖျက်ပစ်လို့ရတာ၊ အခု ဖေဖေတို့မှာ ဘာအနှောင်အဖွဲ့မှ မရှိတာ ပြင်လို့သိပ်ရတာပေါ့"





"တော်တော့ မိုး၊ ကလေးကလားစကားတွေ ဖေဖေ့ကို မပြောနဲ့"

ဖေဖေ့မျက်နှာက ဒေါသကြောင့်လား၊ ရှက်စိတ်ကြောင့်လားမသိ နီမြန်းနေသည်။ ဖြတ်သွားဖြတ်လာတွေက သူမတို့နှစ်ယောက်ကို စူးစမ်းကြည့်ဖြင့် ကြည့်နေကြသည်။

"ဒေါ်သိမ့်သိမ့်ခင်က အစွမ်းထက်လွန်းပါတယ်၊ သူ … မိုးတို့ကမ္ဘာထဲက ဖေဖေ့ကို ဆွဲထုတ်သွားနိုင်ခဲ့တယ်၊ အဲဒီလိုပဲ သူ့သမီး မေသဲအိမ်ကလည်း မိုးနှလုံးသားကို နာကျင်အောင် လုပ်နေတယ်၊ သူတို့နှစ်ယောက်စလုံးကို မိုး မုန်းတယ်၊ ဖေဖေ့ကိုလည်း မုန်းတယ်"

မိုးသဒ္ဒါသည် နာကျင်စွာပြောပြီး လှည့်ထွက်ခဲ့သည်။ သူမနောက်တွင် အံ့အားတသင့်နှင့် သူမကိုကြည့်နေသော ညဲကို တွေ့လိုက်ရသည်။

ရှင့်ကိုလည်းမုန်းတယ် ဆောင်းည၊ ဘာဖြစ်လို့ ယောကျ်ားဆိုတဲ့ သတ္တဝါတွေဟာ မပြတ်သားတတ်ရတာလဲ။ ဘာဖြစ်လို့ ပြောင်းလဲတတ်ရတာလဲ၊ ဖေဖေက ဒေါ်သိမ့်သိမ့်ခင်ကိုမပြတ်နိုင်သလို ညကလည်း မေသဲအိမ်ပေါ်ထားသည့် သံယောဇဉ်



www.burmeseclassic.com

ကို မဖြတ်တောက်နိုင်ပါ။ သူတို့တွေအပေါ် သံယောဇဉ်ထားနေသရွေ့ သူမလည်း အမြဲနာကျင်ကျရှုံးရမည်သာ။

"ဆောင်းည ... လူတစ်ယောက်ဟာ သူထမ်းနိုင်တာထက် ပိုတဲ့ဝန်ကို ထမ်းထားရရင် တစ်ခါတလေတော့ လွှတ်ချချင်ခဲ့တာ မမှုတာပဲ၊ ငါလည်း ဒီလိုပဲ နင့်ကိုချစ်ရတာ ပင်ပန်းလွန်းလို့ ငါတစ်ယောက်တည်းပဲ နေချင်တယ်၊ နင် ခွင့်ပြုပါ"

ပါးပြင်ပေါ်မှာ မျက်ရည်တလိမ့်လိမ့် ကျဆင်း၍ အသံကို ကြိုးစားထိန်းပြီး ညကို သူမ ပြောလိုက်သည်။ ည့ဆီမှ ဘာစကားတစ်ခွန်းမှ ထွက်မလာခဲ့ပါ။ သူမ ည့ကိုဖြတ်ကျော်ပြီး တက္ကစီတစ်စီးကို တားစီးလိုက်သည်။

○❤○





## ၂၁

သဒ္ဒါနှင့်ဝေးသွားသော နေ့ရက်များသည် သူ့အတွက် အထီးကျန်ဆန်လွန်းလှသည်။ သူမပေးထားသော စာလေးများ၊ ကဗျာလေးများကိုလည်း သူ သူမကို သတိရတိုင်း ဖတ်ဖြစ်နေဆဲ။ အရုပ်လေးနှင့် သဒ္ဒါကြားထဲက အမုန်းတရားကို အခုတော့ သူ ထင်ထင်ရှားရှား သိလိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါတော့ သူမတို့နှစ်ယောက်၏ အမုန်းပြိုင်ပွဲကြားထဲက လက်နက်တစ်ခုလို အသုံးချခံခဲ့ရသည့်အဖြစ်အတွက် သူ မကျေမနပ် ဖြစ်ရပြန်သည်။ သဒ္ဓါ စိတ်ပြန်လည်လာတဲ့အထိ သူ စောင့်ပါမည်။ တစ်နှစ်၊ နှစ်နှစ်၊ ဆယ်နှစ် ဘယ်လောက်ပဲဖြစ်ဖြစ် သူ စောင့်နေမည်။

အခန်းတံခါးခေါက်သံကြောင့် သူ တံခါးထ,ဖွင့်ပေးလိုက်သည်။ အခန်းတံခါးဝမှာ ရပ်နေတာက မာမီ။ မျက်နှာသိပ်မကောင်းလှပါ။

"ဆောင်း"

မာမီက သူ့အခန်းထဲ ဝင်လာပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

"မာမီ ဘာဖြစ်လို့လဲ"

သူ ကိစ္စတစ်ခုဖြစ်ပြီဆိုတာ တန်းသိလိုက်သည်။

"ဆောင်း ... ကိုဝေသာ အခုလုပ်နေတဲ့ ကုမ္ပဏီက သားဒယ်ဒီဆီ အကြောင်းကြားတယ်၊ ကိုဝေသာ မနေ့ကနေ့လယ် သုံးနာရီက လုပ်ငန်းခွင်ထဲမှာ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီတဲ့ သားရယ်၊ နောက်လပဲ ပြန်လာတော့မှာလေ၊ မာမီ





အရုပ်လေးကို ဘယ်လိုပြောရမလဲ၊ ကုမ္ပဏီကတော့ လျော်ကြေးပေးမှာပဲ၊ သူ့အဖေ ပြန်လာတော့မယ်ဆိုလို့ အရုပ်လေးက အရမ်းပျော်နေတာ၊ မာမီ ဘယ်လိုပြောရမလဲ ဆောင်းရယ်"

မာမီက မျက်ရည်ကျကာ ပြော၏။

သူ ကံဆိုးလှသော အရုပ်လေးကို သနားမိသည်။ အရုပ်လေးသာ ဒီကိစ္စသိရင် လဲသွားမှာသေချာသည်။ အသိမပေးလို့လည်း မဖြစ်ပါ။ မာမီ ငိုနေတာကို သူ ကြည့်နေသည်။ ရင်ထဲမှာလည်း ကံဆိုးလှသော အရုပ်လေးအတွက် ရင်နင့်လျက်။

"ဘယ်လိုပဲဖြစ်ဖြစ် ပြောတာတော့ ပြောရမှာပဲ ဆောင်း၊ တစ်ခုပဲ မာမီ သားကိုတောင်းဆိုပါရစေ၊ သား အရုပ်လေးကို ဖေးမ,ကြင်နာပါ၊ မာမီတို့က အရုပ်လေးကို သမီးအရင်းလေးလို သဘောထားတယ်၊ ကိုဝေသာကလည်း အမျိုးအရင်းတွေဆီမှာတောင် မထားဘဲ မာမီတို့လက်ထဲကို အရုပ်လေးကို ယုံကြည်စိတ်ချစွာ အပ်ထားခဲ့တာ"

"ဒါပြောစရာမှ မဟုတ်ဘဲ မာမီ၊ သား သူ့ကိုအမြဲကြင်နာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ပြောချင်တာ အဲဒီလိုမဟုတ်ဘူး ဆောင်း၊ သူ့ကို သား တစ်ဘဝလုံး ကြင်နာစေချင်တာ၊ သားအပေါ် သူ ဘယ်လိုသဘောထားတယ်ဆိုတာ မာမီ သိသလိုပဲ သား လည်းသိမှာပါ၊ ပြီးတော့ အရုပ်လေးက နည်းနည်းချူချာ တယ်၊ သားအနားမှာ ဆိုရင်တော့ စိတ်ချရပါတယ်၊ တမ လွန်က ကိုဝေသာလည်း ကျေနပ်မှာပါ၊ မသိမ့်ကတော့ ပြောစရာမလိုဘူး၊ သားကို စကတည်းက သဘောကျပြီး သား"

"သား အရုပ်လေးကို ညီမလေးလို သူငယ်ချင်းလိုပဲ သဘောထားတယ် မာမီ"

"ဒါပေမဲ့ သားရယ်"

"အရုပ်လေးက ပျော့ညံ့တဲ့ မိန်းမတစ်ယောက် မဟုတ်ပါ ဘူး မာမီ၊ သူ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ရပ် တည်နိုင်မှာပါ"

"ဒါပေမဲ့ အဲဒီအချိန်မရောက်မချင်းတော့ သား သူ့ကို ကြင်နာမှုပေးပါ၊ မာမီ တောင်းပန်ပါတယ် ဆောင်း"





ဆောင်းည ခေါင်းငိုက်စိုက်ထားမိသည်။ ဒီလိုလုပ် ပေးရုံအပြင် ဘာရှိတော့မှာလဲ။ သဒ္ဒါနဲ့လည်း ပိုပြီးဝေးသွားသလို ခံစားရသည်။ ကံကြမ္မာဆိုတာ ဘယ်တော့မှ တစ်ဖက်ဘက်ကို အလေးသာမပေးတတ်တာ သူ ကောင်းကောင်းသဘောပေါက် သွားသည်။

"မာမီက တစ်ဖက်စောင်းနင်းဆန်ပြီး အတ္တကြီးတတ်သူ မဟုတ်တာ ဆောင်း သိပါတယ်နော်၊ သူကတော့ ငါ့သား သမီးမို့ ငါပြောတဲ့အတိုင်း လုပ်ရမယ်လို့ မရှိခဲ့ဖူးဘူး။ သားအစ်မ 'ပန်း'တုန်းက မာမီ ဘယ်လောက်ခံစားရလဲ သားသိပါတယ်"

ဟုတ်သည်။ မာမီက တခြားပိုက်ဆံရှိ အမျိုးသမီး တွေလို မာန်ထောင်ခြင်း၊ မာနကြီးပြီး တခြားသူတွေကို နှိမ်ချင် တတ်သည့်စိတ်မျိုး လုံးလုံးမရှိခဲ့ပါ။ မမပန်း ဒုတိယနှစ်နှင့် ယောက်ျားနောက် လိုက်ပြေးသည်။ ယောက်ျားလေးဘက်က သာမန်လူလတ်တန်းစားမျှသာ။

ဒယ်ဒီက မမပန်းကို စိတ်တိုလွန်း၍ ပြန်အပ်တာ တောင် လက်မခံဖို့ စဉ်းစားထားသော်လည်း မာမီက ဒယ်ဒီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖျောင်းဖျ၍ လက်ခံခဲ့သည်။ မမပန်း မင်္ဂလာဆောင်ချင်သော Sedona တွင်လည်း မင်္ဂလာဆောင်ဖို့ သူတို့ဘက်ကပင် အကုန်ကျခံခဲ့ပါသည်။ ရရှိသည့် လက်ဖွဲ့တွေလည်း မမပန်းတို့လင်မယားကိုသာ ယူစေသည်။

မိသားစုနည်းပြီး သမီးကို ခွဲမပေးချင်သော်လည်း ယောကျ်ားစကားအောင်သော မမပန်းကတော့ အိမ်ထောင်ကျပြီမို့ ဘယ်သူနဲ့မှမနေဘဲ ကိုယ့်အိမ်နဲ့ကိုယ် သပ်သပ်နေချင်သည်ဟု ပူဆာပြန်သည်။ နောက်ဆုံးတော့ မာမီက သူမပိုင်သော တိုက်ခန်းတစ်ခန်းတွင် မမပန်းတို့လင်မယားနှစ်ယောက်ကို နေစေသည်။ ဤမျှလောက်အထိ မာမီက သားသမီးဆန္ဒကို အလေးထားခဲ့သူဖြစ်သည်။

"သား ခံစားချက်ကို မာမီ နားလည်ပါတယ် ဆောင်း၊ သားရင်ထဲမှာ အရုပ်လေးမဟုတ်တဲ့ တခြားတစ်ယောက် ရှိနေတယ်ဆိုတာလည်း မာမီ သိပါတယ်၊ ဒါပေမဲ့ လောလောဆယ်ဆယ်မှာတော့ အရုပ်လေးကို ဦးစားပေးပါ၊ သူ့ကို ထပ်ပြီးမနာကျင်စေပါနဲ့"

○❤○





အပိုင်း(၅)

ချစ်သူကြောင့်
ရခဲ့တဲ့ကြည်နူးခြင်းဟာ
ချစ်သူကြောင့်ပဲ
ကြေကွဲမှုအဖြစ်
အသွင်ပြောင်းတတ်ပါတယ်
တူညီတဲ့ အချိုးအစားနဲ့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ❧ ၂၂ ❧

စာအုပ်တစ်အုပ်တည်းနှင့် နာမည်ကြီးစာရေးဆရာမ ဖြစ်သွားသော မိုးသဥ္ဇါသည် သူမ၏ အောင်မြင်မှုအတွက် အပြည့်အဝကြီး မပျော်ရွှင်နိုင်ရှာပါ။

မေ့ချင်ယောင်ဆောင်ထားသော ချစ်သူကို မသိစိတ်က တမ်းတသတိရနေ၍ ဖြစ်သည်။





"မိုး ... နင့်ကိုတော့ ငါ နားမလည်နိုင်လောက်အောင်ပဲ၊ မေသဲအိမ်လက်ထဲက ဆောင်းညကို နင်ရအောင်ယူခဲ့ပြီးမှ ဘာလို့ သူ့လက်ထဲ ပြန်ထည့်ပေးခဲ့တာလဲ၊ ငါကြားတာတော့ ဆောင်းည ကျောင်းပြီးရင် မေသဲအိမ်နဲ့ လက်ထပ်ကြတော့မယ်တဲ့"

"ကောင်းတာပေါ့၊ အစကတည်းက ကံကြမ္မာက ဒီလိုဖြစ်ဖို့ သတ်မှတ်ပြီးသားပဲ၊ ရှုးနေတဲ့ ငါကသာ ကံကြမ္မာနဲ့ပြိုင်ချင်ခဲ့တာ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မိုး၊ ဆောင်းညက နင့်ကို အရမ်းချစ်တာ နင်သိသလို ငါတို့လည်း သိကြတာပဲ"

"တော်ပြီဟာ မပြောနဲ့တော့၊ ငါ နားမထောင်ချင်တော့ဘူး"

မျက်နှာပျက်ပျက်နဲ့ မိုးပြောတော့ မြတ်နိုး အလိုက်သိစွာ ပါးစပ်ပိတ်ထားလိုက်သည်။ ပြီးခဲ့သည့်အပတ်က မေသဲအိမ်နှင့် ဆောင်းညကို မြတ်နိုး ကိုယ်တိုင် တော်ဝင်ပလာဇာမှာ တွေ့ခဲ့သည်။ ဆောင်းညက သူမကိုမြင်တော့ မျက်နှာပျက်သွားပြီး မေသဲအိမ်ကတော့ လှောင်ရိပ်သမ်းသော မျက်ဝန်းတို့ဖြင့် သူမကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ဆောင်းညလက်ကို ချိတ်ထားလိုက်သည်။ ဆိုလိုတာကတော့ နောက်ဆုံးတော့ ငါမဲ ဆောင်းညကို ပိုင်ရမှာဆိုသည့်ပုံစံ။

"ငါ ယောကျ်ားတစ်ယောက်ရဲ့သစ္စာကို မယုံဘူး၊ ဘေးနားမှာ တစ်ယောက်ယောက်က အိစီကလီလုပ်လိုက်တာနဲ့ ပါသွားတတ်တာပဲ"

"နင် မပြောနဲ့ဆိုပေမယ့် ငါ ပြောချင်တယ် မိုး၊ ဆောင်းညက နင့်ကို သစ္စာဖောက်သွားတာလား၊ နင်က ဆောင်းညနဲ့ ဆက်တွဲဖို့ သတ္တိမရှိခဲ့တာလား"

"နင် ဘာပြောလိုက်တာလဲ မြတ်နိုး"

"ငါမြင်တာကို ငါပြောတာပဲ မိုး၊ တကယ်တော့ နင်သတ္တိမရှိခဲ့တာ၊ နင်နဲ့ ဆောင်းညရဲ့အချစ်တွေကို နင်ကိုယ်တိုင်မယုံကြည်ခဲ့တာ၊ နင့်ရဲ့သရဲဘောကြောင်မှုကသာ နင်နဲ့ ဆောင်းညကို ဝေးစေတဲ့ တရားခံအစစ်"

မိုးသဒ္ဒါသည် မြတ်နိုး စကားကို မခံနိုင်စွာ နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ပိတ်ထားလိုက်သည်။ အခုအချိန်အထိ ဆောင်းညနဲ့ ပတ်သက်ရင် သူမနှလုံးသားက နုနေတုန်းပင်။





မြတ်နိုး ပြန်သွားတော့ မိုးသဒ္ဒါ စဉ်းစားခန်းဝင်မိပါသည်။ အတင်းကြိုးစားပြီး မေ့ဖျောက်ထားသော ဆောင်းညပုံရိပ်လေးတွေက သူမမျက်ဝန်းထဲ ဖြတ်ပြေးနေကြသည်။ နာကျင်နေသော ရင်ထဲတွင် ညကိုချစ်သော အချစ်တို့နှင့်သာ ပြည့်နေပြီး သူ့ကို မုန်းတီးမှုဟူ၍ မြူမှုန်မျှပင် ရှိမနေခဲ့ပါပေ။

ဟန်းဖုန်းမြည်သံကြောင့် မိုးသဒ္ဒါ ဖုန်းကိုင်လိုက်သည်။ ဖုန်းနံပါတ်က သူမ မသိသည့်ဖုန်းနံပါတ်တစ်ခု။

"ဟယ်လို ... စာရေးဆရာမ မိုးသဒ္ဒါလားဟင်"

ယောကျ်ားလေးတစ်ယောက်၏ အသံဖြစ်ပြီး သူမ ညကို သတိရလွန်းလို့ စိတ်ကထင်တာပဲလားတော့မသိ ညရဲ့အသံနှင့် တူနေသလိုလို။

"ဟုတ်ပါတယ်၊ ဘယ်သူလဲ မသိဘူးနော်"

"ဪ ... ကျွန်တော့်နာမည်က စံရဲရင့်ပါ။ ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ ဟို ... ဆရာမ အခုစာရေးနေတာလား"

"ဟုတ်တယ်၊ တို့ စာရေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာဗျာ၊ ကျွန်တော် ဒါဆို ဖုန်းချလိုက်မယ် နော်၊ ဆရာမအားတဲ့ အချိန်ဆိုရင်တော့ ကျွန်တော့်ရဲ့ ဆရာမဝတ္ထုတွေအပေါ် ဝေဖန်အကြံပေးမှုလေးတွေကို နား ထောင်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

မိုးသဒ္ဒါသည် ဖုန်းချလိုက်သည်။ စာဖတ်ပရိသတ် ဆိုတော့လည်း ပြောရအခက်။ ညအသံနဲ့တော့ သူမ စိတ်ထင်တာ မဟုတ်ဘဲ တူနေတာတော့ အမှန်ပင်။ မိုးသဒ္ဒါသည် ခေါင်းကို ယမ်းရင်း သူမ၏မဖြစ်နိုင်သော ထင်မြင်မှုကို ခေါင်းထဲကထုတ်ဖို့ ကြိုးစားနေသည်။

"မိုးရေ ... ခုနင်က floral one က ဝန်ထမ်းတစ်ယောက် ပန်းအိုးတစ်လုံး လာပို့ထားတယ်။ နင့်အပေါ်မှာ အိပ်နေ တယ်ထင်လို့"

"ဘယ်သူပို့တာတဲ့လဲ"

မိုးသဒ္ဒါက ပိုးနှံ့သာကို အံ့သြဟန်ဖြင့်မေးလိုက်သည်။

"ရော့ ... ဖတ်ကြည့်"





ပိုးနှံ့သာက ကတ်လေးတစ်ခုကို လှမ်းပေးလိုက် သည်။

"သဒ္ဒါ ...

အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ ...

စံရဲရင့်"

"ပန်းအိုးလေးက လှတယ်ဟ၊ အထဲက ပန်းလေးတွေလည်း လှတယ်၊ အောက်ထပ် ဆက်တီစားပွဲပေါ်မှာ ထားမလား၊ နင့်စာကြည့်စားပွဲပေါ်မှာ ထားမလား၊ ပြီးတော့ အဲဒီလူနဲ့ နင်နဲ့က ဘာလဲ၊ ဘယ်လောက်အထိ ရင်းနှီးလို့ ဒီပန်းအိုး ကို တခုတ်တရ ပို့လိုက်တာလဲ"

"ခုနင်ကလေးကမှ သိလိုက်တာ၊ မိုးရဲ့စာဖတ်ပရိသတ် တစ်ယောက်ပေါ့"

သူက ဘာကိစ္စနဲ့ သဒ္ဒါလို့ နာမည်ထပ်ထားရတာလဲ၊ သဒ္ဒါဆိုတဲ့နာမည်ကိုခေါ်ခွင့် ဘယ်သူက သူ့ကိုပေးလို့လဲ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

ရှေ့လထဲမှာ မမပိုးနှင့် ကိုကြီးကြည်သော်တို့ မင်္ဂလာဆောင်တော့မည်ဖြစ်၍ သူမတို့တစ်မိသားစုလုံး အလုပ်တွေရှုပ်နေကြပါသည်။

ဘာလေးပဲဝယ်ဝယ် သူမအကြံဉာဏ်ကို အမြဲယူတတ်သော မမပိုးက သူမကို သွားလေရာသို့ ခေါ်သွားပါသည်။





ရှည်းစားသက် ခြောက်နှစ်ဆိုသော သက်တမ်းသည် နည်းနည်းနောနောမှ မဟုတ်ခဲ့တာ။ ကိုကြီးကြည်သော်ဦးက မမပိုးလို မိန်းမမျိုးကို တော်တော်အလိုလိုက်နိုင်လို့သာ ဒီလောက်ထိခံတာဖြစ်မည်။ ဒါတောင် မမပိုးက မေမေ့ကိုသနားး၍ မယူချင်သေးဘူး လုပ်နေသေးသည်။ မေမေရော သူမပါ မမပိုးကို တရားချလိုက်ရတာ ပါးစပ်တောင်အမြှုပ်ထွက်ရသည်။

မမပိုးတို့ မင်္ဂလာဆောင်ပြီးရင် ကိုကြီးကြည်သော်ဦး အလုပ်နှင့်နီးရာ ကျောက်မြောင်းကတိုက်ခန်းတွင် လိုက်နေဖို့ မမပိုးကို ခေါ်သည်။ အမေနှင့် ညီမကို မထားခဲ့နိုင်သော မမပိုးက ကန့်ကွက်သည်။ ဒါကိုလည်း သူမတို့သားအမိနှစ်ယောက်က ချော့မော့ကာ ကိုကြီးကြည်သော်ဦးနှင့် လိုက်နေခိုင်းသည်။ ကျောက်မြောင်းနဲ့ သင်္ဃန်းကျွန်းက အဝေးကြီးမှ မဟုတ်တာ၊ လာချင်တဲ့အချိန် ထ,လာလို့ရသည်ပဲ။

ဒီနေ့လည်း မင်္ဂလာခန်းဝင်ပစ္စည်းတွေ သွားဝယ်ဖို့ သူမ သူတို့စုံတွဲနှင့် အဖော်လိုက်ခဲ့သည်။ ကိုကြီးကြည်သော်ဦးလို ချစ်သူမျိုးရတာ မမပိုး ကံကောင်းလှသည်။ ရုတ်တရက် ညကို သတိရမိသည်။ မမပိုး ရင်ထဲကအပျော်တွေမျိုး သူမလည်း လိုချင်မိပါသည်။ သို့သော် ဒီဘဝတော့ ဖြစ်နိုင်တော့မည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူတွဲ ရိုက်ထားသော ဓာတ်ပုံလေးများ၊ သူပေးခဲ့သော လက်ဆောင်လေးများသည်သာ အတိတ်က ချစ်ခဲ့ဖူးသော သက်သေအဖြစ်သာ ကျန်ခဲ့သည်။ သူနှင့် မေသဲအိမ် လက်ထပ်သွားတဲ့ တစ်နေ့မှတော့ ဒါတွေအားလုံးကို သူမ စွန့်ပစ်ရပါလိမ့်မည်။

လည်းပင်းမှ အသည်းပုံ လော့ကတ်သီးလေးကို အမှတ်တမဲ့ စမ်းမိသည်။ ဒီလော့ကတ်သီးလေးကို ည သူမကို ပေးခဲ့စဉ်က သူ့နှလုံးသားဟု ပြောရှဲပေးခဲ့သည်။ အခုထက်ထိ အကျုံးဝင်သေးလားလို့ သူမ သိချင်မိသည်။

မင်္ဂလာဈေး၊ မြို့မမင်္ဂလာခန်းဝင်ပစ္စည်းဆိုင်ထဲသို့ သူမတို့သုံးယောက် ရောက်သွားကြသည်။

"ဟာ ... ကိုရဲရင့်"

အသားဖြူဖြူ အရပ်ရှည်ရှည်နဲ့ ရုပ်သိပ်မချောသော်လည်း ယောကျ်ားပီသကာ ခန့်ညားသောလူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်တွေ့တော့ ကိုကြီးကြည်သော်ဦးက ဝမ်းသာအားရခေါ်လိုက်သည်။ သူ အဖြူပေါ် အပြာလိုင်းစင်းတွေပါသော ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်လ်ဆောင်းဘီအနက်ကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။





"ဪ ... ကိုကြည်သော်၊ ခန်းဝင်ပစ္စည်းတွေ လာကြည့်တာလား၊ ကျွန်တော်လည်း ခင်ဗျား မင်္ဂလာဆောင်လက်ဖွဲ့ဖို့ လာဝင်ကြည့်တာ"

"အတော်ပဲ ကိုရဲရင့်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့် ဇနီးလောင်း ပိုးနှံ့သာပါ၊ သူကတော့ နှံ့သာညီမ မိုးသဒ္ဒါပါ"

"သူ့ကို ကျွန်တော် သိပါတယ်၊ စာရေးဆရာမ မဟုတ်လား၊ ဟိုနေ့က ကျွန်တော်ပို့ပေးတဲ့ ပန်းအိုးလေး ရလားဟင်"

မိုးသဒ္ဒါနှင့် ပိုးနှံ့သာသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ရန်ကုန်မြို့ရဲ့ကျယ်ဝန်းလှသော၊ များပြားလှသော Shopping centre တွေထဲမှာ တစ်ဆိုင်တည်းတွင် တစ်ချိန်တည်းတွေ့ဖို့ဆိုတာ လွယ်ကူတာမှ မဟုတ်ခဲ့ပါ။ မိုးသဒ္ဒါက သူ့ကို ခေါင်းအသာညိတ်ပြလိုက်သည်။

"မိတ်ဆက်ပေးရဦးမယ် နှံ့သာနဲ့ ပိုး၊ သူက ကိုယ်တို့ကုမ္ပဏီရဲ့ဒါရိုက်တာတစ်ယောက်ပါ၊ နာမည်က ဦးစံရဲရင့်"

"ကိုကြည်သော်တို့ ဝင်ကြည့်ကြလေ၊ ကျွန်တော်က စားပွဲတင်မီးအိမ်လေး ဝယ်ဖို့လာတာ၊ ပြီးပြီဆိုတော့ တခြားလို



www.burmeseclassic.com

www.burmeseclassic.com



အပ်တာတွေပဲ ဝယ်ပေါ့ဗျာ၊ ဒါဆို ကျွန်တော် သွားဦးမယ် ကိုကြည်သော်၊ မနဲ့သာနဲ့ သဒ္ဒါလည်း ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ချိုသောအပြုံးတို့နှင့် သူ နှုတ်ဆက်ကာ ထွက်သွားသည်။ သူ့အကြည့်တွေက သူမအပေါ်တွင် အလွန်နွေးထွေးနေသည်ဟု မိုးသဒ္ဒါ ခံစားမိသည်။ စိတ်ထဲတွင်လည်း ဒီနေ့တွေ့ဆုံမှုကို သွေးရိုးသားရိုးဟု မထင်မှတ်မိပေ။

"ကိုရဲရင့်တို့က အရမ်းချမ်းသာတာ နဲ့သာရဲ့၊ ကိုယ်တို့ MD ရဲ့ တူတော်တယ်၊ အပြစ်ဆိုစရာတော့ တစ်ခုပဲရှိတယ်၊ သူက ဒီဖော့စ်တစ်ကြိမ် လုပ်ထားဖူးတယ်၊ ဒါကလည်း သူ ကနေဒါမှာ နေတုန်းကပါ"

မိုးသဒ္ဒါသည် မျက်နှာမဲ့လိုက်သည်။ သူက သူမလိုမိန်းမမျိုးကို သူ့ရဲ့အစားထိုးဖြေသိမ့်စရာလို့များထင်မှတ်နေလေရော့လား မသိပေ။ ဒီလိုလူမျိုးကို သူမအနေနှင့် ဆက်ဆံစရာအကြောင်းမရှိပေ။

"ကိုကြီးကြည်သော် ဒီနေ့ ဒီမှာ ခန်းဝင်ပစ္စည်းတွေလာကြည့်မယ်လို့ ဘယ်သူ့ကိုများ သတင်းပေးမိလဲ"





"ဟင် ... ဘယ်သူမှလဲ ငါမပြောမိပါလား၊ ကိုရဲရင့် ... ဟုတ်တယ် ကိုရဲရင့်ပဲ ဒီကိုလမ်းညွှန်လိုက်တာ၊ ငါကတောင် ဒီကို ဒီနေ့သွားမယ်လို့ သူ့ကို ပြောမိသေးတယ်။ အချိန်အတိအကျကြီးတော့ မပြောမိပါဘူး"

မိုးသဒ္ဒါနှင့် ပိုးနဲ့သာသည် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြပြန်သည်။ ကြည်သော်ဦးက သူတို့ညီအစ်မနှစ်ယောက်ကို သံသယဖြင့် ကြည့်နေသည်။

"နဲ့သာတို့ညီအစ်မနှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ ကိုယ်မသိအောင် ဘာတွေများ လုပ်ထားကြလဲ"

"ဘာတွေမှမလုပ်ဘူး ကို၊ ကို့ရဲ့ဒါရိုက်တာကြီးက နဲ့သာညီမကို ဖုန်းဆက်လိုဆက်၊ ပန်းအိုးပို့လိုပို့နဲ့၊ ကနေဒါပြန်ကြီးက ဝတ္ထုစာအုပ်ကို စိတ်ဝင်စားတာတော့ မဖြစ်နိုင်ဘူး။ စာရေးဆရာမကို စိတ်ဝင်စားလို့ပဲဖြစ်မယ်"

ကြည်သော်ဦး ပိုးနဲ့သာစကားကြောင့် နှုတ်ဆိတ်သွားသည်။ မိုးဝတ္ထုတွေက အားလုံးလိုလိုပင် ဗီဒီယို၊ ရုပ်ရှင် ပြန်ရိုက်ကြတာမို့ ဘာရယ်မဟုတ် ရုံးတွင် သူ့ခယ်မလောင်းက စာရေးဆရာမ မိုးသဒ္ဒါ ဖြစ်သည်ဟု သူ ပြောခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ထဲမှာ မိုးနဲ့အင်တာဗျူးလုပ်သည့်ပုံ ပါလာတော့လည်း သူ့လုပ်ဖော်ကိုင်ဖက်တွေကို ပြခဲ့ဖူးသည်။ ရုံးကဝန်ထမ်းတွေကို ညီလို အစ်ကိုလို ခင်မင်ပေါင်းသင်းတတ်သောကိုရဲရင့်လည်း "မိုး"ကို သိမည်ထင်ပါသည်။

○❤○





## ၂၄

ပါဆယ်ကတ္တူပုံးထဲမှ စာရေးဆရာမျိုးစုံ ရေးထားသော စာအုပ်မျိုးစုံကို တွေ့လိုက်ရသဖြင့် မိုးသဒ္ဒါ အံ့ဩသွားသည်။ ခင်နှင်းယု၊ နုနုရည်(ဂင်းဝ)၊ ဂျာနယ်ကျော်မမလေး၊ မိုးမိုး (အင်းလျား)၊ ခင်ခင်ထူးတို့၏ စာအုပ်များသာမက သာဂဒိုး၏ ဆေးစာအုပ်၊ ခင်မောင်ညို၏ စီးပွားရေးနှင့်ပတ်သက်သည့် စာအုပ်အပြင် ရုပ်ရှင်သရုပ်ဆောင်လမ်းညွှန်စာအုပ်တောင် ပါလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ စာတိုက်ကပို့တာ မဟုတ်ဘဲ ကောင်လေးတစ်ယောက်ကို လွှတ်ပြီး ပို့ခိုင်းခြင်းဖြစ်သည်။

"အင်း ... ကြည့်ရတာ သမီးကြီးအလှည့်ပြီးတော့ သမီး ငယ်အလှည့် လာတော့မယ် ထင်ပါရဲ့"

"တော်ပါ မေမေရာ၊ အခုပို့လိုက်တဲ့ စံရဲရင့် ဆိုတဲ့သူက ကိုကြီးကြည်သော် ပြောတာတော့ အိမ်ထောင်ကွဲနေတာတဲ့"

"ဘာဖြစ်လဲ သမီးရယ်၊ သမီးကို သူက အခု ဘာတွေများ လုပ်နေလို့လဲ၊ သူ တရားဝင်ဖွင့်ပြောတဲ့နေ့မှာ သမီးလည်း ငြင်းလိုက်ပေါ့"

"ဒါပေမဲ့ သူ အခုလို ပို့ပေးနေတာတွေ လက်ခံလို့ ဘယ် ကောင်းမလဲ မေမေ၊ ကိုယ့်ချစ်သူပေးတာဆိုရင်တော့ ဘာ အရေးလဲ၊ ရှုပ်ရှုပ်ယှက်ယှက်နဲ့ သမီးပါ ကြားထဲကနေမှာမည် ပျက်ရလိမ့်မယ်"

"အဲဒါဆိုလည်း သမီး အပြတ်ရှင်းလိုက်လေ၊ ဒါပေမဲ့စကား ပြောတာ ယဉ်ကျေးပါ၊ ကိုယ့်ပရိသတ်က မာနကြီးတယ်၊ ဘဝင်မြင့်တယ်လို့ အထင်ခံရရင်တော့ သိပ်မကောင်းဘူး ပေါ့"





"ဟုတ်ကဲ့ပါ မေမေ၊ ဒါနဲ့ ဖေဖေ မမပိုးကို ဘာလက်ဖွဲ့ လိုက်လဲ မေမေ သိလား"

"ငါ မသိချင်ဘူး မိုးသဒ္ဒါ၊ နှင့်အစ်မ သူ့သဘောနဲ့သူ သွားဖိတ်တာ ဘယ်မှာလာရဲလို့လဲ၊ ဆင်ဖြူ့မျက်နှာ ဆင် မည်းမကြည့်ဝံ့တာ ဒါမျိုးပေါ့၊ ငါလည်း သူနဲ့မဆုံချင်ပါ ဘူး၊ နှင့်အစ်မမျက်နှာက သူ့အဖေမလာလို့ မဲ့တဲ့တဲ့ ဖြစ် နေတာ တွေ့လား"

တကယ်တော့ ဖေဖေ မလာခဲ့တာ မေမေနဲ့မျက်နှာ ချင်းဆိုင်ရမှာ တစ်ခုတည်းကြောင့် မဟုတ်ပါ။ သူမကြောင့်လည်း ပါမည်ထင်ပါသည်။ ဖေဖေနဲ့တွေ့သည့်နေ့က သူမ၏စကားများ လွန်သွားကြောင်း သူမ သိပါသည်။ ဖေဖေ သူမကိုများ မုန်းသွား ပြီလား၊ အို ... ဘာဖြစ်သေးလဲ၊ ဘယ်တုန်းကရော ချစ်ခဲ့လို့လဲ၊ ဒါကြောင့် သူမတို့သားအမိသုံးယောက်ကို ပစ်ထားခဲ့တာပေါ့။

ဖုန်းမြည်သံ ကြားရတာမို့ မိုးသဒ္ဒါသည် ဖုန်းမှာပေါ် လာသော စံရဲရင့်ဖုန်းနံပါတ်ကိုကြည့်ပြီး မေမေ့ကို တစ်ချက်လှမ်း ကြည့်လိုက်ကာ အိမ်ပေါ်ထပ်သို့ ဖုန်းပြောရန် တက်သွားလိုက်သည်။

"သဒ္ဒါ ... ကိုယ်ပေးလိုက်တဲ့ စာအုပ်တွေရလား၊ သဒ္ဒါ့ အတွက် အသုံးဝင်မယ် ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးစံရဲရင့်၊ ဒါပေမဲ့ နောက်ဆိုရင် ကျွန်မကို ဘာမှပို့မပေးပါနဲ့၊ ကျွန်မ သူစိမ်းယောကျ်ား တစ်ယောက်ရဲ့ လက်ဆောင်ပစ္စည်း မယူတတ်လို့ပါ၊ ပြီးတော့ ကျေးဇူးပြုပြီး ကျွန်မကို သဒ္ဒါလို့ မခေါ်ပါနဲ့"

"ဟား ... ပညတ်ချက်တွေ များလှချည်လား"

သူမပြောခဲ့သည့် စကားတို့ကို နာဟန်မပြဘဲ ရယ်ဟဟာနှင့် ပြောလိုက်သံကြောင့် မိုးသဒ္ဒါ ဒေါသထွက်သွားသည်။

"ဟုတ်တယ်၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ပေးတယ်ပဲ ပြောပြော ကျွန်မ လက်မခံနိုင်ဘူး၊ ပြီးတော့ သဒ္ဒါလို့ခေါ် ခွင့်ရှိတဲ့သူ ဒီလောကမှာ တစ်ယောက်တည်းပဲရှိတယ်၊ အဲဒါ ကျွန်မချစ်သူပဲ"

"အဟက်ဟက် ... ကိုယ်တော့ စာရေးဆရာမ မိုးသဒ္ဒါမှာ ချစ်သူရှိတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး။ ဂျာနယ်တွေထဲက အင်တာဗျူးတွေထဲမှာလည်း အချစ်အကြောင်းမေးတိုင်း လှည့်ပတ်ဖြေခဲ့တဲ့ မိုးသဒ္ဒါဆီမှာ အတိတ်ကချစ်သူ တော့ ရှိချင်ရှိလိမ့်မယ်၊ အခုလက်ရှိတော့ ရှိတဲ့ပုံမပေါ်ပါဘူး"





"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မကို သဒ္ဒါလို့မခေါ်ပါနဲ့ ကျွန်မ မကြိုက်ဘူး"

"ကောင်းပြီလေ၊ ကိုယ်မခေါ်တော့ပါဘူး၊ ကျေးဇူးပြုပြီး သဒ္ဒါ ... အဲလေ မိုးသဒ္ဒါရဲ့ g-mail account လေး ကိုယ့်ကိုပေးနိုင်မလား"

"စိတ်မကောင်းပါဘူးရှင်၊ ကျွန်မ အင်တာနက် မသုံးဘူး၊ ရှာစရာရှိရင် ကျွန်မအစ်မအကောင့်နဲ့ပဲ သုံးတယ်"

"တကယ့်ရှားပါး စာရေးဆရာမပဲ၊ ဘာပဲဖြစ်ဖြစ် အကောင့်တော့ ဖွင့်ထားသင့်တာပေါ့"

"ရှင် ဆရာလုပ်စရာ မလိုပါဘူး၊ ကျွန်မ အပြတ်ပြောတာနော် နောက်တစ်ခါ ဘာပစ္စည်းမှ ကျွန်မဆီ ထပ်မပို့ပါနဲ့"

မိုးသဒ္ဒါသည် သူ ဘာမှမတုံ့ပြန်ခင်မှာ ဖုန်းချပစ်လိုက်သည်။ ဒီလူက သူမ ဘာပြောပြော စိတ်ဆိုးသည့်ပုံမပေါ်ပေ။ အခုအချိန်သာ ညသာ အနားမှာရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲ တွေးရင်းက မျက်ရည်လည်လာမိသည်။

သူမအခန်းပြတင်းတံခါးမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်မိသည်။ သူမတို့ ချစ်ခဲ့ကြတုန်းက တစ်ယောက်နဲ့ တစ်ယောက် ကတောက်ကဆဖြစ်တိုင်း သူမက ဖုန်းပိတ်ထားရင်



www.burmeseclassic.com

www.burmeseclassic.com



ညက သူမကို အိမ်ရှေ့ကနေ လာလာခိုးကြည့်တတ်သည် မဟုတ်လား။ အခုတော့ သူမမှာ တစ်ယောက်တည်း အလွမ်းတွေက ရင်နဲ့အပြည့်ပင်။

❧ ကျွန်မနှလုံးသားကို
ရှင့်ကိုချစ်ခြင်း လေးအချိုးနှစ်
လွမ်းဆွတ်မှု နှစ်အချိုးတစ်နဲ့
ထုဆစ်ထားတဲ့
အချစ်နဲ့အလွမ်းသာ နှစ်မျိုးရောထားတာမို့
အမုန်းကို လက်ခံစရာ
နေရာလည်း မရှိခဲ့ပါဘူး။

❧ ကျွန်မဦးနှောက်ကို
မာနတရားနဲ့ မခံချင်မှုတွေက
အချိုးညီညီ လွှမ်းမိုးထားတယ်
အဲဒီအတွက် နောင်တ,တရားဆိုတာလည်း
လာချင်ပေမယ့်
မထိုးဖောက်နိုင်ခဲ့ဘူး။

❧ ရှင့်ကိုမုန်းမရတဲ့နှလုံးသားနဲ့
နောင်တမရနိုင်တဲ့ ကျွန်မဦးနှောက်ရဲ့





လွန်ဆွဲပွဲရလဒ်ကြောင့်
မျက်ရည်ပင်လယ်ထဲ
ကျွန်မ အကြိမ်ကြိမ် နစ်ခဲ့ရပါတယ်။

ဒိုင်ယာရီစာအုပ်လေးပေါ်ကို သူမမျက်ရည်ပေါက် ခနဲကျသွားသည်။ သူ မရှိဘဲနှင့် ဖြတ်သန်းရသော နေ့ရက်တို့သည် သူမအတွက် ပင်ပန်းလွန်းပါသည်။ သူ ဘယ်တော့မျှ မေသဲအိမ်နှင့် လက်ထပ်မလဲဆိုသည့် အတွေးတို့က သူမကို နေ့စဉ်နေ့တိုင်း ခြောက်လှန့်နေခဲ့ပါသည်။

အချိန်ကြာလာလေ သူ့ကိုမမေ့နိုင်လေ ဖြစ်ရသည်။ တွဲထားသောလက်များကို လွှတ်ချပေးဖို့ သူမကိုယ်တိုင် သူ့ကို တောင်းဆိုခဲ့တာပဲ။ သူ့ကိုချစ်ရတာ ပင်ပန်းလွန်းလို့ဆိုတဲ့ အကြောင်းပြချက်နဲ့လေ။ အခုရော ဘာထူးလဲ၊ သူ့ကိုလွမ်းလွန်း၍ ပင်ပန်းလို့နေသည်ပဲ။

ဒီလိုခံစားချက်မျိုးဖြင့် သူမ ဘယ်အချိန်ထိ ဆက်ရှင်သန်သွားရမှာလဲ။ သူ့ကိုမေ့နိုင်သော အချိန်ဆိုလို့ စာရေးနေသည့်အချိန်သာဖြစ်သည်။ ဒါတောင် romance အခန်းဆိုလျှင် သူ့ကို သတိရမိသွားတတ်သေးသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



၂၅

စာပေတိုက်တစ်တိုက်တည်း အတူစာရေးနေသည့် စာရေးဆရာမတစ်ယောက်၏ မင်္ဂလာဆောင် အဝတ်အစားဝယ်ဖို့ မိုးသဒ္ဒါ ရွှေနန်းတော်ဝင်ဆိုင်ထဲ လှမ်းဝင်လိုက်သည်။ ဆိုင်ထဲတွင် မမျှော်လင့်ဘဲ ည၊ မေသဲအိမ်နှင့် ည၏အမေ၊ နောက်ထပ် အမျိုးသမီးကြီးတစ်ဦးကိုပါ တွေ့လိုက်ရတာမို့ ခြေလှမ်းတုံ့သွား





မိသည်။ လှည့်ထွက်သွားဖို့ကလည်း မကောင်းတာနှင့် ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းကာ ဟန်မပျက် လျှောက်လာခဲ့သည်။

ဆောင်းညသည် ဆိုင်ထဲသို့ လှမ်းဝင်လာသော သဒ္ဒါကို တွေ့လိုက်တာမို့ လှိုက်ခနဲ ဝမ်းနည်းသွားမိသည်။ ဒီနေ့မှ ဘာလို့လာတွေ့ရတာလဲ သဒ္ဒါရယ်၊ သူ့ရင်ထဲ တီးတိုးဆိုမိသည်။ သူ့မျက်ဝန်းတွေက သူ့လက်မောင်းကို ချိတ်ထားသော အရုပ်လေး၏လက်များဆီသို့ ကျရောက်နေပါသည်။

မိုးသဒ္ဒါ အရင်ကထက်ပိုပြီး တည်ငြိမ်နေပါသည်။ သွေးမရှိလောက်အောင် ဖြူဆုတ်သွားသော သူ့မျက်နှာထားကို ပြန်ပြင်ရင်း သူတို့နဲ့ဆန့်ကျင်ရာဘက်မှ အထည်တွေကို လိုက်လံကြည့်နေသည်။ သူမရင်ထဲတွင် ငိုနေမည်ကို သူ ကောင်းကောင်း သိနေသည်။

"သဒ္ဒါ ... မတွေ့ရတာ ကြာပြီနော်၊ နေကောင်းတယ် နော်"

သူမရှေ့တည့်တည့်ကိုလာပြီး ညကလာနှုတ်ဆက်သည်။ မိုးသဒ္ဒါသည် အားရပါးရ အော်ဟစ်ငိုလိုက်ပြီး သူ့မျက်နှာကို ကုတ်ဖဲ့ပစ်ချင်စိတ် ပေါက်မိသော်လည်း စိတ်ကို အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိန်းထားလိုက်သည်။ မေသဲအိမ်ရှေ့မှာ သူမမျက်ရည်ကျ၍ မဖြစ်ပါ။

"ကောင်းပါတယ်၊ ဆောင်းညရော အဆင်ပြေရဲ့လား"

"ပြော် ... မိုးသဒ္ဒါ၊ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတယ် နော်၊ ငါနဲ့ဆောင်း ရှေ့လထဲမှာ စေ့စပ်တော့မှာလေ၊ အိမ်မှာပဲ အကျဉ်းရုံးလေးလုပ်မှာဆိုတော့ မဖိတ်တော့ပါဘူး၊ မင်္ဂလာဆောင်ကျမှပဲ ဖိတ်စာလှမ်းပို့လိုက်မယ်"

မေသဲအိမ်က ဆောင်းညအနားသို့ လာရပ်ရင်း မိုးသဒ္ဒါကို လှောင်ရိပ်သမ်းသော မျက်ဝန်းတို့ဖြင့်ကြည့်၍ သရော်တော်တော်အပြုံးတို့ပါသော နှုတ်ခမ်းတို့ဖြင့် ရင်ကိုထိရှစေသော စကားတို့ကို ပြောလိုက်သည်။

ညကို လုံးဝဆုံးရှုံးရပြီဆိုသော အသိတို့ဖြင့် သူမ ဆောက်တည်ရာမရ ဖြစ်မိသည်။ တစ်နေ့ ဖြစ်လာနိုင်တယ်ဆိုတာ ကြိုသိထားခဲ့ပေမင့် တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကြုံလာတဲ့အခါ ခံနိုင်ရည်အင်အား လောက်ငစွာ သူမမှာရှိမနေခဲ့ပါ။ ဟန်ဆောင်စကားလေးတွေနဲ့တောင် ပြန်၍မချေပနိုင်ခဲ့ပါ။ လည်ချောင်းဝတွင် အပူလုံးက တစ်ဆို့နေသည်။





မိုးသဒ္ဒါသည် ခံနိုင်ရည်မရှိသော သူမကိုယ်ကိုသူမ အယုံအကြည်ကင်းမဲ့စွာနှင့်ပင် သူတို့ရှေ့က ပြေးထွက်ခဲ့သည်။ ဆက်နေလျှင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားလိမ့်မည်။

ဘာစကားမှမပြောဘဲ ပြေးထွက်သွားသော သဒ္ဒါ့နောက် သူ လိုက်သွားဖို့ ခြေလှမ်းပြင်လိုက်သည်။ အရုပ်လေးက သူ့လက်ကို ဆွဲထားသည်။ အခြေအနေကို သဘောပေါက်ဟန်တူသော မာမီ့မျက်နှာက မကောင်းသလို အန်တီသိမ့်သိမ့်ခင် မျက်နှာကလည်း ပျက်လို့နေပါသည်။

"မသွားပါနဲ့ ဆောင်း၊ ငါ့ကို စိတ်ချမ်းသာအောင် နင်ထားပါ့မယ်ဆိုတဲ့ကတိ မေ့သွားပြီလား ဆောင်း"

ဆောင်းည စိတ်လျှော့လိုက်ပါသည်။

ဒေါ်စောသန္တာသည် သား၏ချစ်သူဖြစ်ဟန်တူသော ကလေးမလေးကို သနားစိတ် ယိုဖိတ်မိသည်။ ပြီးတော့ သားလေး ဆောင်းညကိုရော၊ အရုပ်လေးမှာ နှလုံးရောဂါရှိနေသည်။

ဟိုတစ်ခါ ဆောင်းညနှင့် အရုပ်လေး စကားများကြပြီး ဆောင်းည အိမ်ကထွက်သွားမည်လုပ်တော့ အရုပ်လေး လဲကျသွားခဲ့သည်။ မျက်နှာက ညိုမည်းနေပြီး လက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



သွေးခုန်နှုန်းကို စမ်းလို့မရဖြစ်ကာ အသက်ရှူမြန်၍ ရှိုက်ရှူနေသည်။ သူမတို့အားလုံး မျက်လုံးပြူးကုန်ကြပြီး အရုပ်လေးကိုဆေးရုံတင်လိုက်ရသည်။ ဆရာဝန်လောင်းတစ်ဦးဖြစ်သော ဆောင်းညက သူမနှလုံးရောဂါ ဘယ်အဆင့်ရှိပြီကို ချက်ချင်းသတိပြုမိလိုက်သည်။

ထိုနေ့နောက်ပိုင်းမှစ၍ ဆောင်းသည် အရုပ်လေးကို နည်းနည်းမှ မျက်နှာအညိုမခံတော့ချေ။ စာတွေ၊ စာမေးပွဲတွေ ဒီလောက်များနေသည့်ကြားက အရုပ်လေးအတွက် အချိန်အမြဲပေးလေသည်။

အဆိုးထဲက အကောင်းကား အရုပ်ကလေး သူမအမေ မသိမ့်ကို ပြန်လက်ခံခြင်းပင်။ မသိမ့်ကတော့ သမီးလေးနှလုံးရောဂါဖြစ်နေ၍ နာနာကျင်ကျင် ခံစားနေရသလို သမီးလေးသူ့ကို ပြန်အသိအမှတ်ပြုသည့်အတွက်လည်း ကျေနပ်ဝမ်းမြောက်နေမိသည်။

ဆောင်းရင်ထဲမှာ အရမ်းကြေကြေကွဲကွဲကို ခံစားနေရမည်ကို ဒေါ်စောသန္တာသိသည်။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ လောလောဆယ်မှာတော့ အရုပ်လေးက ပို၍အရေးကြီးသည်။ အရုပ်လေး ပျော်ရွှင်နေမှ သူမရောဂါလည်း သက်သာမည်။





"နင် ဘာဖြစ်လို့ သဒ္ဒါကို အဲဒီလိုပြောလိုက်ရတာလဲ အရုပ်လေး၊ နင် စိတ်ချမ်းသာဖို့ ငါ ဘာမဆိုလိုက်လျောပေးမယ်လို့ ပြောပြီးသားပဲ အရုပ်လေး၊ သူ့ကို ဘာကြောင့် ထပ်ပြီးခံစားစေရတာလဲ"

"ငါ သူ့ကို ပြောမှုးတယ် ဆောင်း၊ ငါအသက်ရှင်နေသရွေ့ သူ နင့်ကိုမရစေရဘူးလို့လေ"

"တော်ပါတော့ အရုပ်လေးရယ်၊ နင်တို့ရဲ့အမုန်းတွေဟာ နှလုံးသားတွေကို ရစရာမရှိအောင် စုတ်ပြတ်သွားစေခဲ့ပြီးပြီပဲ"

"ဟုတ်တယ်လေ ဆောင်း၊ ငါ့အတွက်တော့ သေရာပါပဲ"

ဆောင်းည မေသဲအိမ်ကို စကားဆက်မပြောတော့ပါ။

"နင် ဆေးသောက်ပြီးမှအိပ် အရုပ်လေး၊ ပြတင်းပေါက်ကိုလည်း ပိတ်ထား၊ ပြီးတော့ အခန်းတံခါးကို ယောင်ပြီးတော့ ပိတ်မထားနဲ့ဦး"

ဆောင်းညသည် ညတိုင်း မှာနေကျစကားတို့ကို အသက်မပါစွာနှင့် ပြောလိုက်သည်။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



## ၂၆

အင်းလျားညနေအလှသည် မိုးသဒ္ဒါမျက်ဝန်းထဲတွင်တော့ အရုပ်ဆိုးအကျည်းတန်နေသည်။ ညရဲ့တောင်းဆိုမှုဖြင့် ဒီနေ့ သူနှင့် သူမတို့ နောက်ဆုံးတွေ့ကြဖို့ သဘောတူခဲ့မိသည်။ ကြွပ်ကြွပ်အိတ်အနက် အကြီးကြီးတစ်လုံးကို သူမ ဆွဲလာခဲ့သည်။ အထဲထဲမှာ ညပေးထားသော လက်ဆောင်ပစ္စည်းတွေ တစ်ခုမကျန် ပါပါသည်။



"ဒါ ဘာတွေလဲ သဒ္ဒါ"

မိုးသဒ္ဒါက သူ့ပေါင်ပေါ်ကို ကြွပ်ကြွပ်အိတ်ကြီး တင်ပေးလိုက်တာမို့ ဆောင်းည တအံ့တဩနှင့် ပြောလိုက်သည်။

"ည ပေးခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေလေ၊ ပြီးတော့ ဒီ ဆွဲကြိုးလေး"

မိုးသဒ္ဒါသည် ဆွဲကြိုးကိုဖြုတ်ဖို့ ကြိုးစားနေသည်။

"သဒ္ဒါရယ် ... တို့ တောင်းပန်ပါတယ်၊ ဒီဆွဲကြိုးကို လုံးဝမဖြုတ်ပစ်ပါနဲ့၊ တို့နှလုံးသားကို သဒ္ဒါ့ဆီမှာ အပြီးအပိုင် အပ်နှင်းထားပြီးပြီပဲ"

မိုးသဒ္ဒါ ဆောင်းည အပြောကို သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ သို့သော် သူမမျက်ဝန်းတွေမှာတော့ မျက်ရည်သီးတွေ တွဲခိုနေသည်။

"ရယ်စရာတွေ သိပ်မပြောပါနဲ့ ညရယ်၊ ဒီလိုစကားတွေကြောင့် မိုးသဒ္ဒါ ဆိုတဲ့ မိန်းမလည်း နှစ်ပေါင်းများစွာ ကျရှုံးခဲ့ပြီးပါပြီ၊ တော်ပါတော့ မပြောပါနဲ့တော့"

"သဒ္ဒါရယ် ... တစ်ခါတလေတော့လည်း လူဆိုတာ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ပိုပြီးဦးစားပေးရ တတ်ပါတယ်၊ အဲဒါကို ကံကြမ္မာလို့ ပြောလို့လည်းရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တို့နှလုံးသားကို အကွဲခံပြီး လူတစ်ယောက် ကောင်းမွန်စွာ အသက်ရှင်သန်နိုင်ဖို့ တို့ဆုံးဖြတ်လိုက်ရတာပါ သဒ္ဒါ၊ လွယ်လွန်းလှတာတော့ မဟုတ်ဘူး၊ သေလုနီးပါး တို့ ခံစားရပါတယ်”

ညပြောသောစကားရဲ့အဓိပ္ပာယ်ကို မိုးသဒ္ဒါ နားမလည်ပါ။ ကြည့်ရတာ ရုပ်ရှင်တွေထဲကလို သူ့အမေက မေသဲအိမ်နှင့် မယူလျှင် သေရပါလိမ့်မည်ဟု ဖြစ်ပြတာလားမသိ။ ဒါမျိုးတွေက ဒိတ်အောက်နေပြီ။

လမ်းခွဲသွားတာတောင် သူ့ကို မုန်းမသွားအောင် လုပ်ကြံပြောတာရော မဖြစ်နိုင်ဘူးလား။ ဒါပေမဲ့လည်း ညဆိုသည့် လူသားသည် ဘယ်တုန်းကမှ မညာတတ်သည့်သူမို့ သူပြောတာတွေ တကယ်ဖြစ်မည်ဟု သူမ ယုံကြည်မိပြန်သည်။

“သဒ္ဒါပေးထားတဲ့ စာတွေ၊ ကဗျာတွေ၊ လက်ဆောင်တွေကိုတော့ တို့ ပြန်မပေးတော့ပါဘူး၊ သဒ္ဒါက ပေးပြီးသား ပစ္စည်းကို ပြန်မယူတတ်ဘူးလေ၊ သဒ္ဒါပေးထားတာတွေကို တို့ မီးနဲ့လည်း မရှို့ပစ်ပါဘူး၊ ရေထဲလည်းမမျှောပစ်ဘူး။ အမှိုက်ပုံးထဲလည်း သွားစွန့်မှာ မဟုတ်ဘူး။ တို့အတွက် တန်ဖိုးကြီးလွန်းတဲ့ အရာတွေမို့လို့ တစ်သက်လုံး သိမ်း





ထားမှာပါ။ အတိတ်မှာ တို့ကို သိပ်ချစ်ခဲ့တဲ့ချစ်သူ ရှိခဲ့တယ်ဆိုတဲ့ သက်သေတစ်ခုအဖြစ်နဲ့ပေါ့”

သူ့ စကားကြောင့် မိုးသဒ္ဒါ မျက်ရည်ကျမိသည်။ ကျွန်မ ရှင့်ကို သိပ်ချစ်မုန်းသိရင် ရှင်ဘာလို့ ကျွန်မကိုအပြီးအပိုင် ခွဲသွားမှာလဲ ည။ သူမ ရင်ထဲက ကျယ်လောင်စွာ အော်ဟစ်မိသည်။ ညမျက်ဝန်းထဲမှာလည်း မျက်ရည်ကအပြည့်၊ ပေါက်ခနဲ ကျလာသော ညမျက်ဝန်းက မျက်ရည်ကို သူမ ဆက်ကြည့်ဖို့ ခံနိုင်ရည်မရှိပါ။

“သဒ္ဒါ ... တို့တွေ ချစ်သူစ,ဖြစ်တဲ့နေ့က မင်းရွတ်ခဲ့တဲ့ ကဗျာလေးကို မှတ်မိသေးလား၊ ကံတရားဆိုတဲ့ တရုံးသူကြီးရဲ့ ခွင့်ပြုချက်မရခဲ့ရင်တော့ တို့တွေ တစ်နေ့ဝေးသွားမှာပဲ ဆိုတာလေ”

“တော်ပါတော့ မပြောပါနဲ့တော့ ညရယ်”

မိုးသဒ္ဒါသည် ဆောင်း၏ပခုံးထက်တွင် ခေါင်းမှီထားလိုက်သည်။ ဒါ ၁၀တွင် ညပခုံးကိုမှီခဲ့တာ နောက်ဆုံးပဲ ဖြစ်မည်ထင်သည်။

မိုးသဒ္ဒါသည် ဆောင်းညပခုံးကို မှီထားရင်း ကဗျာတစ်ပုဒ်ကို တီးတိုးရွတ်ဆိုနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မြစ်ထဲမှာ

အသည်းကွဲလူသားတစ်ဦး

အလှမ်းရှက်လှေကိုလွှင့်လို့

ခရီးသွားနေတယ် ...

သူစားတာက နာကျင်မှု

သူသောက်တာက တမ်းတမှုပေါ့

သူလိုက်ရှာနေတာက

နှလုံးသားအကွဲကို ပြန်ဆက်နိုင်မယ့်

အချိန်ဆိုတဲ့သမားတော်ပဲ၊

ဒါပေမဲ့ ကံဆိုးစွာနဲ့ပဲ သမားတော်နဲ့တွေ့တဲ့အခိုက်မှာ

သူ့နှလုံးသားက ကျောက်သားအတိပြီးသွားခဲ့ပြီလေ။

"သဒ္ဒါရယ်"

ကဗျာဆုံးသွားတော့ ဆောင်းည သဒ္ဒါကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သည်။ သူတို့နှစ်ယောက် အချိန်အတော်ကြာ ငိုခဲ့ကြပါသည်။ တစ်ယောက်ကိုတစ်ယောက် မငိုဖို့မတားခဲ့ကြပါ။ ဒီနေ့သည် သူတို့နှစ်ယောက် တွေ့ဆုံခြင်း၏နောက်ဆုံးနေ့တစ်နေ့ဖြစ်သည် မဟုတ်လား။

○ ❤ ○





## အပိုင်း(၆)

စွဲလမ်းမှုတွေ ပြင်းထန်တဲ့

တွယ်ငြိတတ်တဲ့ အချစ်ကြီးဟာ

ဖြတ်မရအောင် သန်မာခဲ့တယ်

ကမ္ဘာဆုံးတဲ့ အထိပဲ ။

www.burmeseclassic.com

www.burmeseclassic.com



# ၂၇

မမပိုး တစ်ယောက် မျက်နှာပျက်ပျက်နှင့် မိုးသဒ္ဒါ အခန်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်လာသည်။ မျက်လုံးတွေကလည်း ငိုထားသည်ထင့် နီရဲမို့အစ်နေသည်။

"အငယ်မ ... မေမေ ညက ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံတင်ထားရတယ်၊ အန်တီသိမ့်သိမ့်ခင် ဖုန်းလှမ်း





ဆက်တာ၊ နင် လိုက်မှာလား မလိုက်ဘူးလား၊ ငါကတော့ သွားမယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အမေက အမေပဲ"

မိုးနဲ့သာက သူမသဘောထားကို အတိအလင်း ကြေညာလိုက်သည်။ မိုးသဒ္ဒါက တွေဝေနေဆဲ။ ရင်ထဲမှာတော့ မေမေ့ကို တအားစိုးရိမ်မိသည်။ စကားမပြန်ဘဲ မတုန်မလှုပ် ထိုင်နေသော ညီမဖြစ်သူကို ပိုးနဲ့သာ မကျေမနပ် ကြည့်လိုက်သည်။

"ငါ နင်တို့ မေမေတို့ နှလုံးသားကိုတော့ တကယ်ကြောက်မိတယ်။ မေမေ ဒီလိုဖြစ်လို့ မျက်တောင်တစ်ချက်မခတ်တာ သူစိမ်းမို့လို့ဆိုပြီး ငါ နားလည်ပေးနိုင်လို့ ရပေမယ့် နင်က ဘာလို့ ဒီလောက်အေးစက်ရတာလဲ မိုး၊ နင် မေမေ့ကို သိပ်ချစ်တဲ့သမီး မဟုတ်လား၊ တကယ် ဘယ်သူ့ဘက်မှမလိုက်ဘဲ ပြောကြေးဆို ဖေဖေ ငါတို့ဘဝထဲက ပျောက်သွားရတာ မေမေ့ကြောင့်ပဲ၊ မေမေ့ရဲ့အတ္တကြီးမှုကြောင့်ပဲ၊ နေ့စဉ်ရက်ဆက်ဆိုသလို အတိတ်ကအကြောင်းတွေကို ပြန်ပြောသမုတ်ပြီး ဖေဖေ့ကို ကျာရှင်းခွင့်တောင်းခဲ့တာလဲ နင် အကြားသားပဲ၊ တော်ပြီ လေကုန်တယ်၊ အချိန်ကုန်တယ်၊ ငါသွားတော့မယ်"

www.burmeseclassic.com



သူမအခန်းထဲမှ မမပိုး ပြေးထွက်သွားသည်။ မိုးသဒ္ဒါ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေမိသည်။ မိုးသဒ္ဒါ နေရာမှချက်ချင်းထ,ရပ်လိုက်ကာ အောက်ထပ်ကို ပြေးဆင်းခဲ့သည်။

"တော်တော် အမေကိုချစ်တဲ့ သမီးတွေပဲ"

မေမေ့ရဲ့ငေါ်တော့တော့အသံကို ကြားလိုက်ရသည်။ မိုးသဒ္ဒါ ဂရုမစိုက်ဘဲ အိမ်ထဲမှ ပြေးထွက်ခဲ့သည်။ မမပိုးနှင့် ကိုကြီးကြည်သော်က သူမလိုက်လာမည်ကို သိသည်ထင့် သူတို့ကားလေးထဲက စောင့်နေကြသည်။

"မမပိုး ဖေဖေ ဘယ်ဆေးရုံမှာလဲ"

"SSC မှာတဲ့"

"ဖေဖေ့အခြေအနေ အရမ်းဆိုးရွားလား မမပိုး"

"ဟိုရောက်မှ သိမှာပဲ မိုး"

သူမတို့တွေ နှုတ်ဆိတ်သွားကြတယ်။ ခရီးတစ်လျှောက်လုံး ဖေဖေ့ကိုလှမ်း၍ မေတ္တာပို့ပေးနေမိသည်။ ဖေဖေ ဘာမှမဖြစ်ပါစေနှင့်။ ဖေဖေ သူမကခွင့်လွှတ်တယ်ဆိုသည့် အသံလေး မပါသွားဘဲ သူမကို ထားမသွားပါစေနှင့်။ မိုးသဒ္ဒါ ကျိတ်၍ ဆုတောင်းနေမိသည်။ ဖေဖေနှင့် တစ်ခါတွေ့တုန်းက ဖေဖေ့





ကို နာကျင်အောင် ပြောခဲ့ဖူးသော စကားများအတွက်လည်း နောင်တရနေမိသည်။

ဖေဖေလည်း မျက်လှည့်ပြတတ်တဲ့ ကံကြမ္မာရဲ့ လှည့်စားမှုကိုခံရတဲ့ သနားစရာလူသားတစ်ဦးပဲ မဟုတ်လား။

သန့်ပြန့်သော ခုတင်ထက်မှာ ခေါင်းတွင်ပတ်တီး ဖြူဖြူတွေနှင့် မှိန်းနေသော ဖေဖေ့ကိုအတွေ့တွင် သူမတို့ညီအစ်မ နှစ်ယောက်စလုံး ဖေဖေ့အနား ပြေးသွားကာ ငိုမိကြသည်။ ဒေါ်သိမ့်သိမ့်ခင်က ကိုထွန်းသမီး နှစ်ယောက်ကို ကြင်နာနားလည်ဟန်ဖြင့် ကြည့်နေသည်။

"သိပ်လည်းမစိုးရိမ်ကြပါနဲ့ သမီးတို့ရယ်၊ ခေါင်းကိုဓာတ်မှန်ရိုက်ကြည့်ပြီးသွားပြီ၊ အထဲမှာ ဘာထိခိုက်မှုမှ မရှိပါဘူး၊ နောက်နှစ်ပတ်လောက်နေရင် ကောင်းသွားမှာလို့ ဆရာဝန်ကြီးကပြောတယ်၊ ညာဘက်လက်လည်း ကျောက်ပတ်တီးကိုင်လိုက်ရတယ်လေ"

မိုးသဒ္ဒါတို့ ညီအစ်မနှစ်ယောက်စလုံး ဖေဖေ့လက်ဆီ အကြည့်ရောက်သွားမိပြန်သည်။ တော်သေးသည် သေလောက်အောင် မဆိုးရွားခဲ့လို့။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့လာတာသိရင် သူ သိပ်ဝမ်းသာသွားမှာ၊ အနာသက်သာအောင် ခုနင်ကလေးကမှလာပြီး ဆေးထိုးပေးသွားတာ"

ဒေါ်သိမ့်သိမ့်ခင်က တတွတ်တွတ် ပြောနေသည်။ မိုးသဒ္ဒါသည် ထိုအမျိုးသမီးကို မမှိတ်မသုန် ကြည့်လိုက်မိသည်။ ဒီမိန်းမကို တစ်ခါမှ နီးနီးကပ်ကပ် မမြင်ဘူးခဲ့ပါ။ သေချာကြည့်လိုက်တော့မှ မေသဲအိမ်နှင့် တူနေတာကို တွေ့ရသည်။ ပြီးတော့ ရွှေနန်းတော်ဝင်ပိုးထည်ဆိုင်မှာ မေသဲအိမ်နားတွင် ရပ်နေသော အမျိုးသမီးမှန်း ပြန်ပုံဖော်၍ ရခဲ့သည်။ ဖေဖေကျမယ်ဆိုလည်း ကျလောက်ပါသည်။

"သမီးက မိုးသဒ္ဒါနော်၊ အန်တီ သမီးနဲ့စကားပြောချင်လို့ ရမလား သမီး"

ယဉ်ကျေးစွာတောင်းဆိုလာသော ထိုအမျိုးသမီး၏ စကားကို မိုးသဒ္ဒါ မငြင်းဆန်မိပါ။ မမပိုးကလည်း သူမကို တိုက်တွန်းသည့်အကြည့်နှင့် ကြည့်နေသည်။

"လိုက်သွားလိုက်လေ မိုး၊ ဒီမှာ ငါနဲ့ကြည်သော် ရှိနေမယ်"

"ခဏနေရင် စပါယ်ရှယ်နာ့စ်တစ်ယောက် ရောက်လာလိမ့်





မယ် သမီး၊ သမီးအဖေနိုးတဲ့အထိစောင့်လည်း ရတယ်၊ အန်တီ မိုးကို ခဏခေါ်သွားလိုက်မယ်၊ လာ ... သမီး"

မိုးသဒ္ဒါသည် အန်တီသိမ့်သိမ့်ခင် နောက်ကလိုက်သွားလေသည်။

"ကားက ဘော်ဒီရုံပို့ထားရတယ် သမီး၊ လောလောဆယ်တော့ တက္ကစီပဲ စီးနေရတာပေါ့၊ မမသန္တာတို့က ဆေးရုံအသွားအပြန် ကားအကြီးအပို့ လုပ်ပေးမယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ ဒီထက်ပိုပြီး သူတို့ကို ဒုက္ခမပေးချင်တော့ဘူး"

ဒေါ်သိမ့်သိမ့်ခင်က တက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။

ဖေဖေတို့တိုက်ခန်းထဲ ဝင်လိုက်သည်နှင့် အခန်းတွင်းအပြင်အဆင်က ဆွဲဆောင်မှုရှိကာ လှပနေသည်ကို တွေ့ရသည်။ ပရိဘောဂပစ္စည်း အထားအသိုကလည်း စနစ်ကျလှသည်။ ကျွန်းပါကေးခင်းထားပြီး တစ်အိမ်လုံး ပြောင်လက်သန့်ရှင်းနေပြီး နေချင့်စဖွယ်ရှိသည်။ အခန်းရဲ့ထောင့်တိုင်းတွင် အလှပန်းအိုးရှည်ရှည်တွေရှိကြပြီး အရောင်စုံသော ခရစ်စတယ်ပန်းတွေဖြင့် စိတ်ချမ်းမြေ့ဖွယ် လှပနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ထိုင်လေ၊ ဒီအထိ ဘာလို့သမီးကို ခေါ်လာရလဲဆိုတာ သမီး သိချင်လိမ့်မယ်"

ဒေါ်သိမ့်သိမ့်ခင်သည် စကားကို ခဏရပ်ထားလိုက်ပြီး မိုးသဒ္ဒါကို အကဲခတ်ကြည့်ဖြင့် ကြည့်လိုက်သည်။ မိုးသဒ္ဒါကလည်း သူမအနှစ်နှစ်အလလက မုန်းခဲ့သော ဒေါ်သိမ့်သိမ့်ခင်ကို ခပ်စူးစူးလေး ပြန်ကြည့်နေသည်။

"ပထမဆုံးအနေနဲ့ သမီးအဖေအပေါ်ထားတဲ့ သမီးရဲ့အထင်လွဲမှုတွေကို ဖြေပျောက်စေချင်တယ်။ သမီးအဖေက အိမ်ထောင်ရေးဖောက်ပြန်ခဲ့သူတစ်ယောက် မဟုတ်ခဲ့ဘူး၊ သမီးနှစ်ယောက်ကို သိပ်ချစ်တဲ့ဖခင်တစ်ယောက်ပါ"

"အန်တီ ဘာနဲ့သက်သေပြနိုင်မလဲ"

"ဒီတိုက်ခန်းကို ဘယ်သူ့နာမည်နဲ့ ဝယ်ထားတယ်ထင်လို့လဲ၊ မိုးနာမည်နဲ့လေ"

ဒေါ်သိမ့်သိမ့်ခင်က ပြုံး၍ပြောလိုက်သည်။

"ရှင်"

မမျှော်လင့်သောစကားကြောင့် မိုးသဒ္ဒါ မျက်လုံးအဝိုင်းသားနှင့် ဒေါ်သိမ့်သိမ့်ခင်ကို ကြည့်နေသည်။





"သမီးအဖေနဲ့ သဉ္ဇာ ကွာရှင်းပြီးနောက်ပိုင်း သမီးအဖေရဲ့ စီးပွားရေးအခြေအနေတွေ ပိုကောင်းလာခဲ့တယ်။ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ အဆက်အသွယ်ရပြီး လုပ်ငန်းတွေပိုတွင်ကျယ်လာခဲ့တယ်၊ သမီးတို့ကို သူ တစ်နေ့မှမမေ့ခဲ့ပါဘူး၊ အန်တီလည်း မိဘတစ်ယောက်အနေနဲ့ သူ့ကို ကိုယ်ချင်းစာပါတယ်၊ အန်တီလည်း အရုပ်လေးကို သတိရလွမ်းဆွတ်နေတာပဲလေ"

"အန်တီ ဖေဖေ မိုးနာမည်နဲ့ တိုက်ခန်းဝယ်တာကို စိတ်မဆိုးဘူးလား"

"ဟင့်အင်း ... တိုက်ခန်းပဲဝယ်တာမှ မဟုတ်တာ၊ မိုးတို့အတွက် မိုးတို့မင်္ဂလာဆောင်ရင် လက်ဖွဲ့ဖို့အတွက် လက်ဝတ်လက်စားတွေတောင် ဝယ်ထားခဲ့တာ၊ ပိုးကိုလည်း လက်ဖွဲ့ပေးခဲ့တယ်လေ၊ အန်တီ့အတွက် ဒါတွေမလိုအပ်ပါဘူး၊ အန်တီ့အပေါ်မှာ ကြင်နာတဲ့၊ အန်တီသိပ်ချစ်ခဲ့ရတဲ့သူ အန်တီ့အနားမှာရှိခဲ့ရင် တော်ပါပြီ၊ အရုပ်လေးအတွက် သူ့အဖေပေးခဲ့တဲ့ အမွေတွေလည်း နည်းမှမနည်းခဲ့ဘဲ၊ အန်တီ့အတွက် မလိုအပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါသည် ဖေဖေ့ကို ရှိုင်းပျစွာ ဆက်ဆံခဲ့တာကို တွေးရင်းမျက်ရည်ကျမိသည်။ ခွင့်လွှတ်ပါ ဖေဖေ၊ မိုးသိပ်မှားခဲ့တယ်။

"သမီး ခဏ အန်တီနဲ့လိုက်ခဲ့"

မိုးသဒ္ဒါသည် အန်တီသိမ့်သိမ့်ခင် နောက်က လိုက်သွားမိသည်။ အခန်းတစ်ခု၏ တံခါးကို အန်တီက ဖွင့်လိုက်သည်။ အခန်းထဲမှာ နှစ်ယောက်အိပ်ခုတင်တစ်လုံးရှိသည်။ ပန်းချီကားချပ်တွေ ချိတ်ဆွဲထားပြီး မတ်ရပ်ဗီရိုတစ်လုံးရှိသည်။ ပြီးတော့ စာအုပ်စင်တစ်ခု။

"ဒီမှာလေ မိုး၊ သမီးဝတ္ထုပါတဲ့ မဂ္ဂဇင်းတွေ၊ သမီးရဲ့လစဉ်ထုတ်ဝတ္ထုတွေ"

မိုးသဒ္ဒါသည် အံ့ဩစိတ်နှင့် သူမဝတ္ထုတွေကို ငေးကြည့်နေမိသည်။ တောင်းပန်ပါတယ် ဖေဖေ။ မိုးကို ဖေဖေ ဒီလောက် စိတ်ထဲမှာရှိခဲ့မယ်လို့ မိုး မထင်ထားခဲ့လို့ပါ။

"ဆောင်းညကလည်း မိုးကို အရမ်းချစ်ပါတယ်။ ဒါပေမဲ့ နှလုံးရောဂါ အပြင်းစားအဆင့်အထိ ရောက်နေတဲ့ သမီးအရုပ်လေးကို ငဲ့ညှာပြီး မိုးကို သိပ်ချစ်လျက်နဲ့ လက်တွဲဖြုတ်ခဲ့ရတာပါ"

"ရှင်"





မိုးသဒ္ဒါသည် ဒေါ်သိမ့်သိမ့်ခင် စကားကြောင့် နာကျင်စွာ ခံစားလိုက်ရသည်၊ ညနဲ့ နောက်ဆုံးတွေ့သည့်နေ့က ညစကားတွေကို ကြားယောင်နေမိသည်။

"မိုးအပေါ်မှာ အန်တီမတရားသလို ခံစားနေရတယ် သမီး၊ သမီးရဲ့ဖေဖေကို အန်တီ သမီးတို့ဘဝထဲက မရည်ရွယ်ဘဲ ဆွဲထုတ်သလို ဖြစ်သွားရသလို သမီးနှလုံးသားကိုလည်း အန်တီ့သမီး အရုပ်လေးက ခွဲလိုက်သလိုပဲ၊ သမီး ... အန်တီ သမီးကို အလေးအနက် တောင်းပန်ပါတယ် သမီးရယ်"

ဒေါ်သိမ့်သိမ့်ခင်သည် တသိမ့်သိမ့် ငိုရှိုက်ရင်းပြောလိုက်လေသည်။

မိုးသဒ္ဒါ မျက်ဝန်းထဲမှာလည်း မျက်ရည်တို့က အဆက်မပြတ် စီးဆင်းနေဆဲ။ ဘယ်သူ့ကိုသွားပြီး အပြစ်တင်ရမှာလဲ။ နှလုံးရောဂါဖြစ်နေတဲ့ မေသဲအိမ်ကိုလား။ လူတစ်ယောက်ရဲ့ ရှင်သန်ရေးကို အလေးပေးတဲ့ ညကိုလား။ ညတစ်ယောက်တည်းကိုပဲ စူးစူးနစ်နစ် ချစ်ခဲ့သည့် သူမကိုယ်တိုင်ကိုလား ... မိုးသဒ္ဒါ အဖြေရှာမရခဲ့ပါ။

"မငိုပါနဲ့တော့ အန်တီ၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေမှ မဖြစ်တတ်ဘဲ၊ အန်တီ့အပေါ် အရင်က သမီးလည်း



www.burmeseclassic.com

www.burmeseclassic.com



တူးတူးခါးခါး မုန်းခဲ့ဖူးပါတယ်။ အန်တီ့သမီးအပေါ်လည်း သမီး မုန်းခဲ့တယ်။ အခုတော့ အဲဒီအမုန်းတရားတွေ သမီး ဆီမှာ မြူမှုန်တစ်မှုန်တောင် ရှိမနေခဲ့ဘူး။ တကယ်ဆိုတော့ လည်း လူတွေဟာ သူတို့ရှင်သန်နေရတဲ့ အချိန်လေးမှာပဲ ကိုယ်နဲ့ကံစပ်တဲ့လူတွေနဲ့ ပတ်သက်ခွင့်ရကြတာပါ။ အဲဒီ အချိန်ခဏတာလေးမှာ တစ်ယောက်နဲ့တစ်ယောက် အမုန်း ဆိုတာမရှိခဲ့ရင် စိတ်ပင်ပန်းမှုတွေ၊ နာကျင်မှုတွေလည်း ရှိတော့မှာ မဟုတ်ဘူး"

"သမီး မိုးရယ်"

ဒေါ်သိမ့်သိမ့်ခင်သည် မိုးသဒ္ဒါ၏လက်လေးတွေကို ဆုပ်ကိုင်ထားသည်။ ချစ်သူကိုချစ်လျက်နှင့် ခွဲခွာရတဲ့အခါ နာကျင် သောခံစားမှုတို့ကို ခံစားခဲ့ဖူးသော သူမအနေနှင့် မိုးသဒ္ဒါကို ကိုယ်ချင်းစာကြည့်၍ ရပါသည်။ ရွှေနန်းတော်ဝင်မှာ ဒီကောင်မ လေးကိုတွေ့ခဲ့သည့်နေ့က ဆောင်းညအပေါ်တွင် ရှိနေသော သူမ၏အချစ်အတိမ်အနက်နှင့် ဟန်ဆောင်မှုကင်းသော သူမ၏ သဘာဝလေးကိုလည်း မြင်တွေ့လိုက်ရသည်။ ဒါပေမဲ့ သူမလည်း ဘာမှမတတ်နိုင်ခဲ့ပါ။

○❤○





၂၈

"ဒါက ဘာသဘောလဲ ဆောင်း"

မေသဲအိမ်သည် ဆောင်းညဗီရိုအောက်ထပ်ကို ဖွင့် ထားပြီး အထဲမှာမြင်နေရသော စာဘူးလေး၊ အရုပ်လေးတွေနှင့် လက်ဆောင်ပစ္စည်း ပစ်ကွစတို့ကို မျက်စပစ်ကာ အခန်းထဲသို့ ဝင်လာသော ဆောင်းညကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမပေးထားတဲ့ဟာတွေကို အခုထက်ထိ သိမ်းထားရတာ ဘာသဘောလဲ၊ မနက်ဖြန်သန်ဘက်ခါပဲ မင်္ဂလာဆောင်ကြတော့မှာ ဒီလိုလုပ်တာတော့ ဆောင်း သိပ် foul နေပြီ"

"အဲဒီသော့ကို နင် ဘယ်လိုရလဲ အရုပ်လေး"

"ဒါအရေးမကြီးဘူး ဆောင်း၊ နင် ငါမေးတာပဲဖြေပါ"

"ဖြေစရာမလိုဘူး အရုပ်လေး၊ ငါ့ကို အတင်းအကျပ်လာပြီး မဖြေခိုင်းနဲ့၊ ငါဖြေမိရင် နင့်ရောဂါ ပြန်ဖောက်လိမ့်မယ်၊ ကိုယ့်ဘာသာကိုယ် အဖြေရှာကြည့်"

"ဘာ"

မေသဲအိမ်သည် စူးရှသောအသံဖြင့် အော်ဟစ်လိုက်သည်။

"နင် တရားလွန်နေပြီနော် ဆောင်း၊ နင် ငါ့ကိုမျက်လုံးထဲထည့်ရောထည့်ရဲ့လား"

"လာမရစ်နဲ့ အရုပ်လေး၊ ငါ ရန်မဖြစ်ချင်ဘူး"

"ငါလည်း မဖြစ်ချင်ပါဘူး၊ အဲဒီဟာတွေကို ငါမမြင်ချင်ဘူး၊ မြင်လည်းမမြင်နိုင်ဘူး"





"နင်မမြင်အောင် ငါထားထားတာပဲ အရုပ်လေး"

"ဟင့်အင်း ... အဲဒါတွေကို အခုချက်ချင်း ဖျက်ဆီးပစ်ပါ၊ ငါ့မျက်စိရှေ့မှာပဲ ဖျက်ဆီးပစ်"

ဆောင်းညသည် အရုပ်လေးကို သည်းခံနိုင်သည့်အတိုင်းအတာ လွန်သွားပါသည်။ သူမကို နှလုံးရောဂါသည်လေးမို့ သူမနိုင်စားသမျှကို သူ သည်းခံခဲ့ပါသည်။ အသည်းပေါက်အောင်ချစ်ရသည့် သဒ္ဒါကိုတောင် သူမကြောင့် စွန့်လွှတ်ခဲ့သည်။ ဒီလောက်ဆို တော်ပြီပေါ့။

ဆောင်းညသည် အောက်ထပ်အဆင့်ကို ပိတ်ပစ်လိုက်ပြီး အရုပ်လေးလက်ထဲမှ သော့ခလောက်အသေးလေးကို ဆတ်ခနဲဆွဲယူပြီး သော့ဖော်လိုက်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

"ဆောင်းည"

သူ့နောက်မှ မေသဲအိမ် အသံကုန် ဟစ်အော်လိုက်သည်။ ဆောင်းညက သူမကို တစ်ချက်မှ လှည့်မကြည့်သွားပါလေ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာချထားသော စံရဲရင့် ဖိတ်ထားသော ကုမ္ပဏီနှစ်ပတ်လည် ညစာစားပွဲ ဖိတ်စာကိုကြည့်ပြီး မိုးသဒ္ဒါ သက်ပြင်းချလိုက်သည်။ လူက စိတ်တွေညစ်ရသည့်ကြားထဲ ဒီလူကတစ်မျိုး။

"မိုးသဒ္ဒါ လာဖြစ်အောင် လာပါနော်၊ ကျွန်တော် ကားအကြိုလွှတ်လိုက်မယ်"

အိမ်လာတဲ့ညေ့်သည်မို့ ယဉ်ကျေးမှုရှိစွာ ဧည့်ခံနေရပေမင့် စိတ်ကတော့ တော်တော်တိုနေပါသည်။ လူကြီးလူကောင်း





တစ်ယောက်မို့ သူ့ကို အရှက်မကွဲစေချင်သော်လည်း သူ့လုပ်ရပ်တွေ ရပ်တန်းက ရပ်သင့်ပြီထင်သည်။

"စိတ်တော့ မကောင်းပါဘူး ကိုစံရဲရင့်၊ ကျွန်မ လာမှာမဟုတ်ဘူး"

"ဗျာ ... ဘာဖြစ်လို့လဲ မိုးသဒ္ဒါ၊ ဘာအခက်အခဲတွေရှိနေလို့လဲ၊ ကျွန်တော့်ကို မိတ်ဆွေရင်းလို သဘောထားပြီးပြောပါ၊ ကျွန်တော် ကူညီသင့်တာ ကူညီလို့ရတာပေါ့၊ ဒီအိမ်မှာက ယောကျ်ားသားကလည်းမရှိတော့ လိုအပ်တာရှိရင် ချက်ချင်းပြောလိုက်ပါ၊ မိုးသဒ္ဒါ ဖြစ်စေချင်တာအကုန်ဖြစ်ရစေ့မယ်"

"ရှင် တကယ်ပြောတာလား ကိုစံရဲရင့်၊ ဒါဆို ကျွန်မအားမနာတော့ဘူး ပြောပြီနော်၊ ရှင် ကျွန်မနဲ့ ဝေးဝေးနေပေးပါ"

"ဗျာ"

စံရဲရင့်သည် မိုးသဒ္ဒါ၏ မမျှော်လင့်သော စကားကြောင့် အံ့ဩသွားသလို ဒေါသလည်း ထွက်သွားမိသည်။ ရှက်လွန်း၍ မျက်နှာလည်းမထားတတ်အောင် ဖြစ်ရသည်။ သူ့လိုလူမျိုးကို ငြင်းနိုင်တဲ့မိန်းမ မရှိဟု သူ ထင်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကနေဒါမှာ အလုပ်သွားလုပ်ရင်း သူ့လိုပဲ ကုမ္ပဏီမှာအလုပ်လုပ်သည့် မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ နှစ်နှစ်သာပေါင်းခဲ့ပြီး စိတ်သဘောထားမတိုက်ဆိုင်၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီး သူ မြန်မာနိုင်ငံက ဦးလေးတစ်ယောက်၏ကုမ္ပဏီထဲ ရှယ်ယာထည့်ဝင်ခဲ့သည်။

စမတ်ကျ၍ ငွေဖောဖောသီသီ သုံးနိုင်သော သူ့ဘေးနားမှာ မိန်းကလေးတွေက ဝိုင်းဝိုင်းလည်လို့ပေါ့။ ဒီတော့လုပ်ထားသည့် တရားဝင်အသိပေးတာတောင် ခွင့်လွှတ်ပြီး သူ့ကို ကြွင်နာချင်သော မိန်းကလေးတို့က ဒုနှင့်ဒေးပင်။

ကြာတော့ အလိုက်ခံရတာထက် တစ်ယောက်ယောက်ကို လိုက်ကြည့်ချင်ခဲ့သည်။ ပထမဆုံး ဂျာနယ်တစ်ခု၏ ခပ်တိုတိုအင်တာဗျူးထဲမှ ဆံပင်စင်းစင်း မျက်လုံးတောက်တောက်နှင့် မာနကြီးဟန်ပေါက်သော စာရေးဆရာမ မိုးသဒ္ဒါကို တွေ့လိုက်ရသည်။ ကုမ္ပဏီဝန်ထမ်းထဲက ကိုကြည်သော်၏ ခယ်မလောင်းဖြစ်သည်ဟု သိရတော့ သူ လမ်းစ,ရသွားခဲ့သည်။

ဒီလိုနှင့် တဖြည်းဖြည်း သူမ သူ့ကို အာရုံစိုက်လာပြီး သူမအနားသို့ သူရောက်အောင် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်။ သူမ၏ တုံ့ပြန်မှုကတော့ အေးစက်လွန်းသည်။





အဖိုးတန်အဝတ်အစား အသုံးအဆောင်များ လက်ဆောင်ပေးတုန်းကလည်း ကိုကြည်သော်ကနေတစ်ဆင့် ပြန်ပေးခိုင်းလိုက်ရင်း သူ့ကို ဖုန်းနဲ့ကက်ကက်လန်အောင် ရန်တွေ့ခဲ့သည်လေ။ အခုလည်း သူမကို သူ့ရဲ့အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားတာတောင် မညှာမတာနှင့် ပြောပစ်ခဲ့သည်။

"မိတ်ဆွေတစ်ယောက်အနေနဲ့ မိုးသဒ္ဒါ ကိုယ့်ကိုသဘောထားခဲ့ရင် ဒီလိုစကားမျိုး ပြောထွက်မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုစံရဲရင့် လုပ်နေတာတွေဟာ မိတ်ဆွေတစ်ယောက်ကို ခင်မင်မှုမျိုးမဟုတ်ဘဲ တစ်ဖက်ဘက်ကို ဦးတည်နေတယ်။ ကိုစံရဲရင့် ပင်ပန်းပါတယ်။ ကျွန်မ အားနာပါးနာနဲ့ လိုက်လျောတတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ခဲ့ဘူး။ ကိုယ်သိပ်ချစ်တဲ့သူကို သိပ်ချစ်တဲ့အကြောင်း ရင်ကိုခွဲပြတတ်သလို မချစ်နိုင်တဲ့သူကိုလည်း မျက်နှာမထောက်ဘဲ ပြတ်ပြတ်သားသား ငြင်းပစ်ဖို့ မတုံ့နှေးတတ်ဘူး။ အမှန်အတိုင်း ပြောရမယ်ဆို အချစ်တို့ အိမ်ထောင်ရေးတို့မှာ ဈေးတွက်,တွက်တတ်တဲ့ မိန်းကလေးအုပ်စုထဲ ကျွန်မ,မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာမမို့လို့လား မသိဘူး၊ မိုးသဒ္ဒါ စကားတွေက ပြောင်မြောက်လွန်းပါတယ်၊ ဒါပေမဲ့ မိုးသဒ္ဒါကို ကျွန်တော် ပရိုပို့စ်လည်း မလုပ်ဖူးပါဘူးနော်"

"ဟုတ်ပါတယ်၊ လုပ်ခဲ့မယ်ဆိုရင် နောင်တရနေမှာစိုးလို့ ကြိုအသိပေးထားတာပါ"

"ဒါဆိုလည်း ကျွန်တော် ပြန်ဦးမယ် မိုးသဒ္ဒါ၊ ခင်မင်မှုကို တလွဲအထင်ခံရတာတော့ စိတ်မကောင်းဘူးဗျာ"

"ကျွန်မလည်း စိတ်မကောင်းပါဘူး"

စံရဲရင့်သည် ရှေ့မှာချထားသော ဖိတ်စာကတ်လေးကို ကောက်ကိုင်လိုက်ပြီး ထ,ထွက်သွားသည်။ ဒီနေ့ အပ်ထည် ပြတ်သွားသဖြင့် စက်ချုပ်နားထားသည်။ မေမေကတော့ စံရဲရင့်ကို အအေးနှင့်မုန့် လာချပေးပြီး အိမ်ပေါ်ထပ် တက်သွားသည်။ မေမေက မိုးကို ယုံသည်လေ။ မိုး ဒီနေ့ စံရဲရင့်ကို အပြတ်ပြောမည်ကိုလည်း မေမေကသိ၍ အပေါ်ထပ်တက်သွားတာလည်း ဖြစ်မည်။

စံရဲရင့်ကတော့ သူမ မတက်နိုင်သည့် ညစာစားပွဲကို ဘယ်သူ့ကိုအစားထိုး၍ ဖိတ်နေမည်လဲ မသိပါ။ လောကကြီး





မှာ အချစ်ကို တန်ဖိုးထားတဲ့သူတွေ ရှိသလို အချစ်ကို ခုတုံးလုပ်ချင်သည့်လူတွေလည်း အများကြီးရှိသည်ပဲ။

ဘာလိုလို့နှင့် ညတို့ဆောင် လက်ထပ်ကြတော့မှာပဲ။ ညကိုချစ်၍ ညရဲ့ပါရမီဖြည့်ဖက်ဖြစ်အောင် သူမ ကြိုးစားနေပါသည်။ မေသဲအိမ်ကို မုန်းတီးစိတ်ရှိမနေတော့ဘဲ လူတစ်ယောက် စိတ်ချမ်းသာစွာ အသက်ရှင်နေနိုင်ရေးအတွက် သူမနှလုံးသားကို ကြည်ဖြူစွာ ပေးဆပ်လိုက်ပါသည်။

နာကျင်မှုတွေက သိသာစွာ လျော့ပါးသွားပါသည်။ ညတို့အတွက် မင်္ဂလာလက်ဖွဲ့လေးကို သူမကိုယ်တိုင် တက်ရောက်လက်ဖွဲ့ဖြစ်ပါမည်။ သူမ ကောင်းမွန်စွာ ရပ်တည်နေနိုင်တယ်ဆိုတာ ညသိပြီး သူမအတွက် နောက်ဆံမတင်းအောင် သက်သေပြရမည်လေ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၂၉

"အဲဒီလောက်အထိ မလိုဘူးလေ အရုပ်လေး၊ နှင် ငါတို့နှစ်ယောက်ကို ဒီလောက် အနိုင်ယူရရင် ကျေနပ်ပါတော့ဟာ"

မင်္ဂလာဆောင်ဖိတ်စာလေးကို ကိုင်ထားသော မေသဲအိမ်ကို ဆောင်းညှ စိတ်ပျက်စွာ ပြောလိုက်သည်။





"ဟင့်အင်း ... မရဘူး ဆောင်း၊ ငါ သူ့လက်ထဲကို ဒီဖိတ်စာ အရောက်ပို့ရမှ ကျေနပ်မယ်၊ ငါ့လက်နဲ့ ဖိတ်ရမှ ကျေနပ်နိုင်မယ်"

"နှင် ဒီလိုအငြိုးကြီး မုန်းတီးမှုတွေရှိလို့ ဒီရောဂါဖြစ်ရတာ"

"အဲဒါ ဘာဖြစ်လဲ၊ ဒီရောဂါရခဲ့လို့လည်း နှင့်နားမှာနေခွင့်ရခဲ့တာလေ"

ဆောင်းညှသည် ခေါင်းခါနေမိသည်။ အရုပ်လေးမိုးသဒ္ဒါကို မုန်းလွန်း၍ ရူးသွားပုံရသည်။

"ငါတော့ ခွင့်မပြုနိုင်ဘူး အရုပ်လေး၊ နှင်စိတ်ချမ်းသာဖို့ ငါတို့နှစ်ယောက် နှလုံးသားတွေ ပေးဆပ်ပြီးပြီပဲ၊ နှင်ကျေနပ်တော့ပေါ့၊ တကယ်ဆို သေချာစဉ်းစားကြည့်ရင် နှင် သဒ္ဒါကို အနိုင်ရလိုက်တယ်ဆိုတာ တကယ့်အနိုင်မှ မဟုတ်ဘဲ၊ ပြောရမယ်ဆို အရှုံးကြီးပဲ အရုပ်လေး ...

နှင့်အပေါ်မှာ ငါ တာဝန်ကျေစွာ၊ သစ္စာရှိစွာ နှင်အသက်ရှင်လျက်ရှိသရွေ့ ငါ ယောက်ျားကောင်းပီသစွာ စောင့်ရှောက်ပေးနိုင်မှာပါ၊ ဒါပေမဲ့ ငါ့နှလုံးသားထဲမှာချစ်ရတဲ့ သဒ္ဒါကို နှင် ဆွဲထုတ်ပစ်လို့ မရဘူး၊ နှင်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ သဒ္ဒါနဲ့ ငါ့ရဲ့အချစ်သက်သေတွေကို ဖျောက်ဖျက်လို့ ရကောင်းရနိုင်ပေမယ့် အဲဒီအဖြစ်အပျက်ကိုတော့ နင်ပြောင်းလဲနိုင်မှာ မဟုတ်ဘူး”

ဆောင်းည အရုပ်လေး လုပ်ရပ်တွေကို သည်းမခံနိုင်တော့သဖြင့် ရှည်လျားစွာ ပြောလိုက်သည်။

မေသဲအိမ်သည် ဆောင်းည သွားမည့်လမ်းတွင်ပိတ်ရပ်လိုက်သည်။

“ဒီမှာ ငါ့ကိုကြည့်စမ်း ဆောင်း၊ ငါ့ရုပ်က နင့် စိတ်ဝင်စားအောင် မဆွဲဆောင်နိုင်လို့လား၊ နင်နဲ့ ငါနဲ့ ရှည်ကြာတဲ့ သံယောဇဉ်ကရော အချစ်တစ်ခုအဖြစ် ပြောင်းလို့မရနိုင်ဘူးလား၊ ငါ့ကို သေချာကြည့်စမ်း ဆောင်း၊ ငါ့ကိုကြည့်ပါ”

“အရုပ်လေး နင်မောနေပြီ၊ စိတ်ကို ငြိမ်အောင်ထိန်းထားပါ၊ နင့်စားပွဲပေါ်မှာ နင်သောက်ရမယ့်ဆေး ငါတင်ထားခဲ့တယ်”

“အရူး ... နင် အရူးပဲ ဆောင်းည၊ မိုးသဒ္ဒါလည်း အရူးပဲ၊ နင်တို့နှစ်ယောက်ပဲ ချစ်တတ်တာလား ဆောင်းည၊ ငါလည်း နင့်ကို ချစ်ခဲ့တာပဲ၊ ဘာလို့ နင်တို့နှစ်ယောက်ရဲ့အချစ်တွေ





ကိုကျတော့ ဂန္ထဝင်မြောက်ရအောင် အမွှန်းတင်ကြပြီး ငါ့ရဲ့အချစ်ကိုကျတော့ စာရင်းမသွင်းကြတာလဲဟင်၊ ပြော ... နင်ပြောလေ ဆောင်း၊ ငါ့ကို ချစ်ကြကြိုက်ကြတဲ့ ပိုင်းဝိုင်းလည်နေတဲ့ ယောကျ်ားလေးတွေထဲက နင့်တစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်ခဲ့တဲ့ ငါ့အချစ်ကျတော့ ဘာလို့အဖိုးမတန်ရတာလဲ”

မေသဲအိမ်သည် ပြောရင်နှင့် အသံတွေတိမ်ဝင်ကာ အရုပ်ကြိုးပြတ် လဲကျသွားသည်။

“အရုပ်လေး ... နင် အရမ်းပင်ပန်းနေပြီ၊ နင်မောနေပြီ အရုပ်လေး”

ဆောင်းညသည် မေသဲအိမ်ကို ပြေးပွေ့ထားရင်း ပြောလိုက်သည်။ ဆေးပြေးယူသည့်လူကယူ၊ ရေပြေးခပ်သည့်လူကခပ်နှင့် အိမ်ဖော်မလေးတွေ အလုပ်ရှုပ်နေကြသည်။ အခန်းတံခါးဝတွင် မာမီက သူ့ကိုလှမ်းကြည့်နေသည်။ မာမို့မျက်ဝန်းထဲက ကရုဏာရိပ်ကို သူ လှမ်းတွေ့လိုက်သည်။ ကြည့်ရတာ အရုပ်လေးနှင့် သူ စကားအခြေအတင် ပြောကြသည်ကို မာမီကြားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဘယ်တော့မှ ခွဲမသွားပါနဲ့ ဆောင်းရယ်၊ ငါကသာ နင့်ကို ခွဲသွားချင်တာ၊ နင်ထားခဲ့လို့ ကျန်ခဲ့မယ့် ခံစားမှုမျိုး ငါခံစားလို့ရမှာ မဟုတ်ဘူး ဆောင်း"

"အေးပါ အရုပ်လေးရယ်၊ နင် ငါ့အနားမှာပဲ အမြဲနေရမှာပေါ့၊ နင် ကျေနပ်တော့နော်"

"သား ... ဆောင်း၊ ဆရာဝန်ခေါ်ဖို့ လိုမလား"

"ရတယ် မာမီ၊ သူ့ကိုနှလုံးငြိမ်ဆေး တိုက်ထားတယ်"

အရုပ်လေးအခန်းထဲဝင်၍ အရုပ်လေးကိုချော့မော့အိပ်စေပြီးမှ သူ အရုပ်လေးအခန်းထဲက ထွက်လာခဲ့သည်။ ဝရန်တာလက်ရန်းကိုကိုင်ပြီး ကောင်းကင်ကို အဓိပ္ပာယ်မရှိ သူ ငေးကြည့်နေမိသည်။ လရောင်ကမရှိ ကြယ်လေးတွေကတော့ တလက်လက် တောက်ပနေပါသည်။

"သားကို သနားလိုက်တာ ဆောင်းရယ်"

မာမီက ဘေးနားလာပြီး မျက်ရည်ကျကာပြောသည်။

"ဘယ်တတ်နိုင်မလဲ မာမီ၊ ကံစီမံရာပေါ့၊ သူ့ကို အတတ်နိုင်ဆုံး သားဖြည့်ဆည်းပေးနေတာပဲ၊ တစ်ခါတစ်ခါ သူ့အပြောအဆိုတွေ အပြုအမူတွေကြောင့် ဒေါသကိုမထိန်း





နိုင်တဲ့အခါ သူ့နှလုံးရောဂါလည်း ဒီလိုပဲထ,တတ်တယ်။ အခုဖြစ်တာလည်း သားနဲ့သူ နှစ်ယောက်သွားပြီး သဒ္ဒါ့ကို မင်္ဂလာဆောင်သွားဖိတ်မယ့်တဲ့၊ ဒါ ဖြစ်သင့်သလား မာမီ"

"ဟင်း ... မာမီလည်း မပြောတတ်တော့ပါဘူး၊ သားတို့ သုံးယောက်ရဲ့ ရေးရေစက်ပဲ ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သားရယ် မထူးပါဘူး၊ သူ့စိတ်တိုင်းကျ ဟိုကောင်မလေးကို သွားဖိတ်လိုက်ပါ၊ သားတို့မင်္ဂလာဆောင်ကြမှာ သူလည်း သိနေတာပဲ"

"ဒါပေမဲ့ သဒ္ဒါ့မျက်နှာကို သား ဘယ်လိုမျက်နှာနဲ့ ကြည့်ရမလဲ မာမီ၊ ပြီးတော့ သူ့မျက်နှာလေးကိုမြင်ရင် သူ့ကို စွန့်လွှတ်လိုက်ဖို့ သား ခက်ခဲသွားလိမ့်မယ်"

ဒေါ်စောသန္တာသည် အသံတုန်တုန်နှင့် ပြောနေသောသားဆောင်း လက်မောင်းလေးကို ကြင်နာစွာ ကိုင်ထားလိုက်သည်။ သူမ ထပ်အကြံပေးစရာလည်း မရှိတော့ပါ။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



## ၃၀

ပါဂျဲရိုးအနက်လေးတစ်စီး အိမ်ရှေ့မှာလာရပ်သည်။ မိုးသဒ္ဒါသည် စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းထားလိုက်သည်။ မနေ့ကတည်းက ညက ဒီနေ့မင်္ဂလာဆောင်ဖိတ်ဖို့ မေသဲအိမ်နှင့်အတူ လာမည်ဟု ဖုန်းဆက်ထားသည်။ မေသဲအိမ်ပေါ် အမုန်းဟူသမျှ သူမဆီမှာ ရှိမနေခဲ့တော့ပါ။ ညလိုပဲ မေသဲအိမ်ကို သူမ စိတ်ချမ်းသာစေချင်သည်။





“ဩော် .. လာလေ ဆောင်းည၊ မေသဲအိမ် လာထိုင်”

မိုးသဒ္ဒါသည် သူတို့နှစ်ယောက်ကို နွေးနွေးထွေးထွေး ကြိုဆိုလိုက်သည်။ မေသဲအိမ်ကတော့ သူမထင်ထားသည်နှင့် ဆန့်ကျင်ဖွာမြင်ရသော မိုးသဒ္ဒါ၏တည်ငြိမ်မှုကြောင့် စိတ်ထဲ၌ မယုံနိုင်အောင် အံ့သြမိနေသည်။

“မင်္ဂလာဆောင်လာဖိတ်တာလေ မိုးသဒ္ဒါ၊ နင့်ကို ဖိတ်စာရရချင်း ပထမဦးဆုံးဖိတ်တာ၊ မင်္ဂလာဆောင်က နောက်အပတ် တနင်္ဂနွေမှဆိုတော့ စောတော့ စောပါသေးတယ်”

အရင်တုန်းကလို စိတ်မျိုးနှင့်ဆိုလျှင် အံမြင်ကတ်စရာကောင်းသော သူမကို အိမ်ထဲမှ မောင်းထုတ်ပစ်လိုက်မည်ဖြစ်သည်။ အခုတော့ မေသဲအိမ်ကို သူမ သနားမိသည်။ အနိုင်ရခဲ့တာတောင် သူ အခုအချိန်အထိ မတင်းတိမ်နိုင်သေးဘူးမဟုတ်လား။ ကျစရာမျက်ရည် မရှိလောက်အောင် ကျခဲ့ပြီးပြီ၊ အဆုံးအထိ နာကျင်မှုကို ခံစားပြီးပြီမို့ ဒီထက်နာကျင်ကြေကွဲစရာ ရှိမနေတော့ပါ။

“ဝမ်းသာပါတယ် မေသဲအိမ်၊ ဆောင်းညလို သဘောထားပြည့်ဝပြီး အရမ်းတော်တဲ့လူမျိုးနဲ့ လက်ထပ်ရလို့ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မိုးသဒ္ဒါ တကယ်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလိုက်ပါသည်။ ဟုတ်တယ်လေ ဘယ်လိုပဲဖြစ်ဖြစ် ဘာ အကြောင်းနဲ့ပဲဖြစ်ဖြစ် ဆောင်းညကို မေသဲအိမ် ရယူနိုင်ခဲ့တာ သူတို့နှစ်ယောက်ရဲ့ ရှေးရေစက်ပဲ ဖြစ်မှာပါ။

"ပြန်ရအောင် အရုပ်လေး"

သဒ္ဒါကို ထပ်ပြီးစိတ်အနှောင့်အယှက် မဖြစ်စေချင်တော့၍ အရုပ်လေးကို သူ လောလိုက်သည်။ သဒ္ဒါကိုလည်း သနားလှသည်။ သူလည်း ရင်ထဲမချိအောင် ခံစားရသည်။ ဒီတစ်ခါ အရုပ်လေး၏ဆန္ဒကို သူ ဖြည့်ဆည်းပေးခဲ့တာ မာမီရဲ့ တောင်းဆိုမှုကြောင့်ပင်။ သဒ္ဒါ ဒီလောက် တည်ငြိမ်စွာ အေးဆေးစွာ တုံ့ပြန်နိုင်လိမ့်မည်ဟု သူ ထင်မှတ်မထားမိပါ။

"စိတ်ချပါ၊ နင်တို့မင်္ဂလာပွဲကို ငါဆက်ဆက်ရောက်အောင် လာခဲ့မှာပါ"

မေသဲအိမ်သည် မိုးသဒ္ဒါကို သိပ်စိတ်မရှည်ချင်တော့ပါ။ သူမက မိုးသဒ္ဒါ၏ပျက်ယွင်းခံစားသွားရသော မျက်နှာကို တစိမ့်စိမ့်ကြည့်ဖို့ လာခဲ့တာဖြစ်သည်။ နောက်ဆုံးတော့ သူမ ကြိုးဝါးခဲ့သလို ဆောင်းကို သူ မရနိုင်ဘူးဆိုတာလည်း ကောင်းကောင်း သိစေချင်၍ဖြစ်သည်။





"မိုးသဒ္ဒါ … စာရေးဆရာမ ဖြစ်သွားပြီးမှ နင် ဟန်ဆောင်ကောင်းလာသလိုပဲ"

"နင် နေကောင်းအောင်နေပါ မေသဲအိမ်"

မိုးသဒ္ဒါက သူမကို စကားလွှဲပြောလိုက်သည်။

သူမကို ကြင်နာရိပ်သမ်းနေသော မျက်ဝန်းများနှင့် စိုက်ကြည့်ကာ ပြောလိုက်သော မိုးသဒ္ဒါစကားက သူမ၏ရောဂါ အကြောင်း သိနေပါသည်ဟု ပြောလိုက်သလိုပင်။

"ဘာလဲ … နင်က ငါ့ကိုသနားနေတာလား မိုးသဒ္ဒါ"

မေသဲအသိမ်၏ အပြုအမူ အပြောအဆိုကို ဆောင်းည ဆက်ခံစားနိုင်စွမ်း မရှိတော့ပါ။

"တော်သင့်ပြီ အရုပ်လေး၊ ငါတို့ သွားသင့်ပြီ"

အရုပ်လေးလက်ကို သူ ဆွဲခေါ်လာခဲ့သည်။ ရင်ထဲမှာ ဒေါသတွေကပြည့်လျှက်၊ သူတို့နှစ်ယောက်ကတော့ သင်းကို ငဲ့ညှာလိုက်ရတာ ရင်ဘွေအကွဲခံပြီးတော့။ သူမ စိတ်ချမ်းသာသာနဲ့ ကျန်ရှိတဲ့သက်တမ်းမှာ နေနိုင်ပါစေဆိုသည့် ဆန္ဒလေးနှင့်။ သဒ္ဒါ့ရှေ့မှာ သူမ၏လုပ်ရပ်ကြောင့် သူ တော်တော်မျက်နှာပူမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို သည်းခံနိုင်တဲ့အတိုင်းအတာ ကုန်သွားပြီ အရုပ်လေး၊ ငါတို့နှလုံးသားတွေ အကွဲခံရတာ မတန်ဘူးလို့ ငါ ခံစားနေရတယ်၊ ဒီနေ့ နင့်အပြုအမူအပြောအဆိုတွေဟာ သဒ္ဒါရှေ့မှာ နင့်ရဲ့စိတ်ဓာတ်အဆင့်အတန်းကို ဖော်ပြလိုက်တာ၊ ဒီနေ့ သဒ္ဒါဆီ ငါ ဘာလို့များ နင့်ကို ပို့ခဲ့မိတာလဲ"

"နင် မသိဘူးလား၊ နင်သိအောင် ငါပြောပြမယ် ဆောင်း၊ ဒီနေ့ သဒ္ဒါဆီ နင် ငါ့ကို လိုက်ပို့ခဲ့တာဟာ သဒ္ဒါမျက်နှာကို နင်မြင်ချင်လို့ပဲပေါ့၊ သဘောထားကြီးချင်ယောင်ဆောင်တဲ့ သူ့ကို ငါသိပ်မုန်းတယ်"

"ပါးစပ်ပိတ်ထားလိုက်တော့ အရုပ်လေး၊ နင် ငါတို့မေတ္တာတွေကို မစော်ကားနဲ့တော့"

"မပိတ်နိုင်ဘူး ... မပိတ်နိုင်ဘူး၊ ငါ့ကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်တဲ့အကြည့်တွေကို ငါမလိုချင်ဘူး"

"ဒါဆို နင်က ဘာကိုလိုချင်တာလဲ အရုပ်လေး၊ နောက်ပိုင်း နေ့ရက်တွေမှာ နင့်အနားမှာ ငါအမြဲရှိနေတော့မှာ၊ နင်က ဘာထပ်လိုချင်သေးလို့လဲ၊ သေချာတွေးကြည့်ရင်





နင် ရှက်သင့်ပါတယ်၊ သဒ္ဒါ့ကို နင် နည်းနည်းတော့ အားနာဖို့ကောင်းတယ်"

"ဒီမှာ ဆောင်း၊ နင့်ကိုယ်နင် ဘာယ်တင်ရှင်ကြီး သိပ်မလုပ်ပြပါနဲ့၊ နင့်ကို ငါ မိုးသဒ္ဒါတို့အိမ်မရောက်ခင် အချိန်ထိတော့ အသည်းပေါက်မတတ် ချစ်ခဲ့ပြီး နင်မရှိရင် ငါ့ဘဝ အဓိပ္ပာယ်မရှိတော့သလို ခံစားရသေးတယ်၊ အခုအချိန်မှာတော့ ငါ နင့်ကို သိပ်မုန်းသွားပြီ ဆောင်းည၊ ဒါပေမဲ့ ငါ နင်နဲ့ပဲ လက်ထပ်မှာ ...

ငါ့ရောဂါဆိုတာကလည်း နင် သိတဲ့အတိုင်း အချိန်မှန်မှန် ဆေးအစစ်ခံ၊ ဆေးအစားမှန်ရင် သက်တမ်းကြာကြာ နေလို့ရတဲ့ ရောဂါပဲ၊ နင့်နှလုံးသားကို မိုးသဒ္ဒါဆီမှာ ထားခဲ့လည်း ကိစ္စမရှိတော့ဘူး၊ ငါ့မှာလည်း နင်နဲ့ပတ်သက်တဲ့ခံစားချက် ရှိမနေခဲ့ဘူး ...

ငါတို့နှစ်ယောက် အဓိပ္ပာယ်မရှိတဲ့ အိမ်ထောင်တစ်ခုကို တည်ထောင်ကြတာပေါ့ ဆောင်းည ... ဟင်း ဟင်း ဟင်း ဟင်း"

"နင် ရူးနေလား အရုပ်လေး၊ နင် ရူးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းည အကြီးအကျယ် နှောင်တရသွားမိသည်။ ချစ်တဲ့ သဒ္ဒါဆီသာ အပြေးလေး ထွက်သွားလိုက်ချင်သည်။ ဒီမိန်းမနဲ့သာ အတူနေရမည်ဆိုလျှင် သူပါစိတ်ဆင်းရဲလွန်းလို့ နလုံးရောဂါ ရသွားနိုင်သည်။

"မာမီ ... သား သူ့ကိုမယူနိုင်တော့ဘူး"

မေသဲအိမ်သည် ဆောင်းညကို အံတင်းတင်းကြိတ်ကာ ကြည့်လိုက်သည်။

"ဟာ ... ဒီလိုမလုပ်နဲ့လေ ဆောင်း၊ ဖိတ်စာတွေရိုက်ပြီးမှ သား၊ မိကောင်းဖခင်သားသမီး ပီသစမ်းပါ"

"သား သူ့ကိုဆက်ပြီး သည်းမခံနိုင်တော့ဘူး မာမီ၊ သူ့ကို စိတ်ချမ်းသာအောင်ထားဖို့ သားမပြောနဲ့ သိကြားမင်းတောင် လုပ်နိုင်မှာမဟုတ်ဘူး၊ သိပ်ကို သဘောထားသေးသိမ်လွန်းတယ်"

"ဆောင်းည ... သား ကလေးမဟုတ်တော့ဘူး၊ ပြီးတော့ သား ဆရာဝန်တစ်ယောက် ဖြစ်တော့မှာ၊ ဖြစ်သင့်တာကိုပဲ စဉ်းစားပါ"





ဒယ်ဒီ့စကားကြောင့် သူ ခေါင်းမော့ကာ ရယ်ပစ်လိုက်သည်။

"ဖြစ်သင့်တာတွေ စဉ်းစားရလွန်းလို့ ဟော့ဒီရင်ဘတ်ကြီးလည်း ပေါက်ကွဲမတတ် ခံစားနေရတယ်၊ နာကျင်မှုတွေကို မျိုသိပ်ရလွန်းလို့ သေမလောက် ကြေကွဲနေတယ်၊ ဒါတွေကို ဘယ်သူ သိနိုင်မလဲ"

မေသဲအိမ် စကားတစ်ခွန်းမှ မပြောပါ။ ဆောင်းည မျက်နှာနှင့် ဆောင်းညစကားတွေ၊ ဆောင်းညအပြုအမူတွေကိုသာ မျက်ရည်ပြည့်လျှံနေသော မျက်ဝန်းတို့ဖြင့် လိုက်ကြည့်နေ၏။

ဆောင်းညသည် ကျောပိုးအိတ်ထဲသို့ အင်္ကျီနှစ်စုံ သုံးစုံနှင့် သုံးစရာပိုက်ဆံတို့ကိုထည့်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

"ဘယ်သွားမလို့လဲ ဆောင်း၊ ဟော့ကောင် ... မင်း ဒီလို ထွက်သွားလို့ ရမလားကွ၊ မင်းရဲ့အနစ်နာခံတတ်တဲ့စိတ်တွေ ဘယ်မှာလဲ၊ စိတ်ထားပြည့်ဝမှုတွေရော ဘယ်ရောက်သွားလဲ"

"သူဖျက်ဆီးလို့ ကုန်ပြီ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းညသည် မေသဲအိမ်ကို လက်ညှိုးထိုးကာ ပြောလိုက်သည်။ မေသဲအိမ်က ရှိုက်ကာ ရှိုက်ကာ ငိုနေသည်။ သူမငိုသံက သူ့ကို မတုန်လှုပ်စေတော့ပါ။

"ဆောင်း"

မာမီက အော်ခေါ်နေသည်။ သို့သော် လှည့်ကြည့်ဖို့ ဆန္ဒမရှိပါ။ အရုပ်လေးနှင့်ဝေးသောအရပ်တွင် သူ နေလိုက်မှ သူ့ဒေါသတွေကို ပြေလျော့နိုင်မည်ဖြစ်သည်။

"ဟင် ... အရုပ်လေး ... အရုပ်လေး၊ သမီး သတိထားဦး လေ၊ မူမူရေ ... မြန်မြန် ဒေါက်တာသက်ဝင်းဆီ ဖုန်း ဆက်ပါဦးဟဲ့"

မာမီရဲ့အော်သံကို ကြားရသည်။ သူ လုံးဝပြန်လှည့် မကြည့်တော့ပါ။ အသွက်လက်ဆုံး ခြေလှမ်းတွေနှင့် အိမ်ထဲမှ ထွက်ခွာခဲ့သည်။ လောလောဆယ်တော့ သူငယ်ချင်းတစ်ယောက် နေသောအဆောင်သို့ သွားရမည်။

○❤○





## ၃၁

"မင်း မှားတယ်လို့ ငါထင်တယ် ဆောင်းည"

သူငယ်ချင်း ခန့်အောင်ရဲ့စကားကြောင့် သူနာနာ ကျင်ကျင် ပြုံးလိုက်သည်။

"ဟုတ်မှာပါ၊ မင်းတင်မဟုတ်ဘူး တစ်လောကလုံးကလည်း ငါ့ကို မှားတယ်လို့ပဲ ပြောကြမှာပဲ၊ ဒါပေမဲ့ ငါ့စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမွန်းကျပ်လွန်းနေတယ်၊ တစ်ခါတလေဆို ဖိအားတွေ များလွန်းလို့ အသက်ရှူလို့တောင် မဝခဲ့ဘူး"

"မင်း ဆုံးဖြတ်ချက် ချပြီးသွားပြီပဲ ဆောင်းည၊ ဖိတ်စာ ရိုက်ပြီးမှ မင်းထွက်သွားတာ သူ့ရောဂါကို ပိုဆိုးစေလိမ့် မယ်၊ အခန့်မသင့်ရင် သေတောင်သေနိုင်တယ်၊ ဒါလူတစ် ယောက်ရဲ့အသက်နဲ့ ဆိုင်နေတယ်နော် ကိုယ့်လူ"

"ငါသိတယ် ခန့်အောင်၊ သူက သူ့အခြေအနေကိုသဘော မပေါက်ဘူး ဖြစ်နေတာ၊ ငါ့ကို နည်းမျိုးစုံနဲ့ စိတ်အနှောင့် အယှက်ဖြစ်အောင်လုပ်၊ သဒ္ဒါကိုပါ သွားလုပ်လိုက်သေး တယ်၊ တော်ပြီပေါ့ကွာ၊ ဒီလောက် သူနိုင်ရရင် ကျေနပ် တော့ပေါ့၊ ငါ ဒီကို စိတ်ပြေလက်ပျောက် ထွက်လာတာပါ ကွာ၊ နောက်တစ်ရက် နှစ်ရက်လောက်ဆို ငါ ပြန်မှာပါ၊ ငါထွက်လာတော့ သူ လဲကျန်ခဲ့တယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်း သည်းခံလိုက်ပါ၊ ဒီနေ့မှ ကြာသပတေးပဲ ရှိသေးတာ၊ နောက်တစ်ရက် နှစ်ရက်လည်း မနေနဲ့တော့၊ ဖိတ်စာတွေကို မြန်မြန်ကမ်းပြီး သူ့အနားကို သွားပါတော့ကွာ"





ခန့်အောင်က သူ့ပခုံးကို အသာပုတ်ကာ ပြောလိုက် သည်။

ဒေါသနဲ့သာ ထွက်လာခဲ့သော်လည်း အရုပ်လေးကို သူ စိုးရိမ်မိသည်။ ဟိုနေ့က သူမ ဆေးရုံပဲရောက်သွားလား သူ ပူပန်မိလေသည်။

ဖုန်းမြည်သံကြောင့် ခန့်အောင်က ဖုန်းကိုင်လိုက် သည်။ ပြီးတော့ သူ့ကို လှမ်းပေးလိုက်သည်။

"ဟယ်လို ... ဆောင်း ... ဆောင်းလား၊ မာမီပါ၊ ဆောင်း ... အရုပ်လေး ဆုံးရှာပြီ ဆောင်း"

"ဗျာ ... ဗျာ ... မာမီ သားကို မနောက်ပါနဲ့၊ သားခဏ လေးပဲ ထွက်သွားတာပါ၊ သား ပြန်လာမလို့ လုပ်နေတာ"

"အချိန်နှောင်းသွားပြီလေ ဆောင်း၊ မင်း ဖုန်းမယူသွားလို့ မင်း ဖုန်းထဲက ခန့်အောင် ဖုန်းနံပါတ်ကို လှမ်းဆက်လိုက် တာ၊ သူ ညကပဲ ဆုံးသွားတယ်"

"ဆောင်းည ... ဟော့ကောင် ဆောင်းည၊ ဘာဖြစ်တာလဲ"

သူ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်ယှက်မိပါ။ အရုပ် လေး ... နင်သေရတာ ငါ့ကြောင့်ပဲ၊ နင့်ကို ငါ အသက်ရှင်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်စွာနေနိုင်ဖို့ ကြိုးစားရင်းက နင် ဒီလောကကြီးထဲက စောစော စီးစီးထွက်သွားရအောင် ငါလုပ်ခဲ့မိပြီပေါ့၊ ငါ ဘယ်လိုဖြေရမလဲ အရုပ်လေးရယ်၊ ငါလေ ... ငါ နင့်ရဲ့ အသက်ကင်းမဲ့နေတဲ့ မျက်နှာလေးကို ဘယ်လိုနှလုံးသားနဲ့ ကြည့်ရမှာလဲ။

"ခန့်အောင် ... သူ အရုပ်လေး ဆုံးသွားပြီ"

"ဟာကွာ ... မင်းကွာ ... ဆောင်းည"

ခန့်အောင် ဆောင်းညရဲ့ယောကျ်ားတန်မဲ့ ရှိုက်ကြီး တငင် ငိုကြွေးနေသော ပုံစံကြောင့် အပြစ်တင်စကားတွေကို သူ မဆိုရက်တော့ပါ။ ဆေးတက္ကသိုလ်ပထမနှစ်ကတည်းက တွဲခဲ့တဲ့ သူငယ်ချင်းမို့ အရုပ်လေး၊ မိုးသဉ္ဇါနှင့် ဆောင်းညတို့၏ သုံးပွင့် ဆိုင်ဇာတ်လေးကို အစ,အဆုံး သိရှိခဲ့သူဖြစ်သည်။

"ဆောင်းည ... မင်း စိတ်ထိန်းထားပါ၊ သေတဲ့သူက သေ ခဲ့ပြီးပြီပဲ၊ မင်းအိမ်ကို ငါ ပြန်လိုက်ပို့ပေးမယ်"

"ရတယ် ခန့်အောင်၊ ကျေးဇူးတင်ပါတယ် ငါ့ဘာသာငါ ပဲ ပြန်တော့မယ်"

ခန့်အောင်သည် ဆောင်းညကို စိတ်မချသဖြင့် သူ ကိုယ်တိုင် တက္ကစီငှားပေးလိုက်လေသည်။





အိမ်ရှေ့လူခေါ်ဘဲလ်ကို သူ နှိပ်လိုက်သည်။ ငါပြန် လာပြီလေ အရုပ်လေး။ နင့်ဝိညာဉ်သာ ဒီမှာရှိခဲ့ရင် ငါ ပြန်လာ တာကို နင်တွေ့မှာပါ၊ နင် ငါ့ကို ရန်တွေ့နေမလား အရုပ်လေး၊ ငါတို့နှစ်ယောက် အတူထိုင်ခဲ့တဲ့ ဒန်းလေးပေါ်မှာ နင်ထိုင်နေ သလား။ ငါဝင်လာတဲ့ တံခါးရဲ့နားမှာပဲ နင် ရပ်နေမှာလား အရုပ်လေး။

"ဟော့ကောင် ... မင်း ဘာပြန်လုပ်တာလဲ၊ မင်း ထွက်သွား စမ်း ဟော့ကောင်"

ဒယ်ဒီရဲ့ဒေါသစကားကို သူ အမှတ်မထားပါ။ အရုပ်လေးကို သမီးလေးတစ်ယောက်လိုချစ်သော ဒယ်ဒီရင်ထဲက ဝမ်းနည်းကြေကွဲမှုကို သူ နားလည်ပါသည်။

"ဆောင်း ... သား လာ"

မာမီက သူ့အခန်းထဲကို ဆွဲခေါ်သွားသည်။ မာမီ့ မျက်နှာမှာလည်း သောကရိပ်တွေကအပြည့်။ သူ ခုတင်ပေါ်မှာ ဝမ်းနည်းကြေကွဲစွာ ထိုင်နေသည်။ အရုပ်လေး၏အရိပ်တွေသာ မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဆောင်း၊ အရုပ်လေး မင်းအတွက်ပေးသွားခဲ့တာ၊ သူ့နောက်ဆုံးထွက်သက်အထိ မာမီတို့တွေ သူ့အနားမှာ ရှိနေခဲ့ကြတယ်။ သူက မာမီ့ကို အနားနားခေါ်ပြီး တိုးတိုးလေးပြောတယ် ဆောင်း၊ စာကြည့်စားပွဲအံဆွဲထဲက ဒိုင်ယာရီစာအုပ်ထဲမှာပဲ သူ ပြောနိုင်ခဲ့တယ်၊ သူ ..."

"မာမီ ဆက်မပြောပါနဲ့တော့ သား တောင်းပန်ပါတယ်၊ သား မကြားရက်တော့လို့ပါ"

ဆောင်းည မာမီကမ်းပေးသော စာအိတ်လေးကို လှမ်းယူလိုက်သည်။ မာမီက သူ့ကို ကြင်နာဟန်တစ်ချက်ကြည့်ကာ အခန်းထဲမှ ထွက်သွားသည်။ သူ အပြာရောင်စာအိတ်လေးကို ဖွင့်ဖတ်မိသည်။

"ဆောင်း ...

နှင် ဒီစာကိုဖတ်နေရတဲ့အချိန်မှာ ငါအသက်ရှင်လျက်ရှိနေတော့မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ငါ အသက်ရှင်နေသေးရင် ဒီစာကို နှင့်လက်ထဲထည့်မှာ မဟုတ်လို့လေ။ မင်္ဂလာဆောင်ဖိတ်စာတွေကို နာနာကျင်ကျင်ကြည့်နေတဲ့ နှင့်အကြည့်တွေကို ငါ မခံစားနိုင်ဘူး ...





နှင့်ဗီရိုအောက်ထပ်မှာ သိမ်းထားတဲ့ မိုးသဒ္ဒါရဲ့ အမှတ်တရတွေကလည်း ငါ့ကိုခြောက်လှန့်နေတယ်၊ နှင့်ရဲ့ ပြင်းထန်တဲ့စကားလုံးတွေက ငါ့ရင်ကို ခွဲနေသလိုပဲ ဆောင်း၊ တကယ်တော့ မိုးသဒ္ဒါဆီ သွားဖိတ်မယ်လို့ ငါတမင်ပြောခဲ့တာပါ ...

နှင်က မိုးသဒ္ဒါကို နည်းနည်းလေးတောင် အထိမခံနိုင်ဘူးနော်၊ နှင့်ရင်ထဲမှာ မှိုသိပ်ထားတဲ့ ငါ့ကို နှလုံးရောဂါသည်ပဲလေဆိုပြီး သိမ်းထားတဲ့ လက်ကျန်စကားလေးတွေကို ငါ ကြားချင်တယ် ဆောင်း ...

နှင် စကားမာမာပြောရင်တောင် နှလုံးတွေမခံနိုင်အောင်တုန်တတ်တဲ့ ငါဟာ နှင့်ရင်တွင်းစကားတွေကို ခံနိုင်ရည်ရှိမလားလို့ သိချင်နေတယ်။ မိုးသဒ္ဒါကို အထိမခံတတ်တဲ့နှင်ဟာ နှင့်ရှေ့မှာ မိုးသဒ္ဒါ ခံစားရအောင်လုပ်ခဲ့ရင် ပေါက်ကွဲနိုင်မလား၊ နှင့်ရင်ထဲမှာ ကျန်သေးတဲ့စကားတွေ ပွင့်အန်ကျနိုင်မလား ငါသိချင်တယ် ဆောင်း ...

အဲဒီအခါ ငါ ခံနိုင်ရည်ရှိမလားလည်း သိချင်တယ်။ ဘယ်အတိုင်းအတာထိ ပြင်းထန်မှန်းမသိတဲ့ နှင့်တုံ့ပြန်မှုတွေကို ငါ့နှလုံးက မခံနိုင်ခဲ့လို့ သေသွားခဲ့ရင်လည်း နှင်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမနည်းပါနဲ့ ဆောင်း၊ ဒါ ငါ့အတွက် အန္တရာယ်များတဲ့ လုပ်ရပ်မှန်း သိပေမယ့် ငါတို့ အိမ်ထောင်ကျပြီးသွားတာ တောင် ငါ နင့်ကို မိုးသဒ္ဒါနဲ့ ပတ်သက်ပြီး စကားနာထိုး မိဦးမှာမို့ နင့်ရဲ့ငါ့အပေါ်သည်းခံနိုင်မှု အတိုင်းအတာကို ငါ သိရမှဖြစ်မယ် ...

ငါမခံနိုင်လို့ သေဆုံးသွားခဲ့ရင်တောင် နင်နဲ့ပတ်သက်တဲ့ ခံစားမှုကြောင့် ဖြစ်ရတာမို့ ငါ သပျော်ပါတယ် ...

မိုးသဒ္ဒါကို ပြောပြပေးပါ။ "ငါအသက်ရှင်နေသရွေ့ ဆောင်းကို နင်မရနိုင်ဘူး" လို့ ပြောခဲ့ဖူးတဲ့ ငါ့စကားတည်ခဲ့ပါတယ်လို့ ...

အရုပ်လေး"

"အား ... ဟား ဟား ... အရုပ်လေး ... အရူးမ"

ဆောင်းညသည် အော်ဟစ်ငိုကြွေးလိုက်သည်။ မာမီက သူ့အသံကြောင့် အခန်းထဲ ပြေးဝင်လာသည်။

"ဆောင်း ... သားလေး သတိထားပါ သားရယ်"

ဆောင်းညသည် မာမီ့ရင်ခွင်တွင်း ခေါင်းအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ အရုပ်လေး၏ မျက်ရည်အပြည့်





ဖြင့် စကားတစ်လုံးမှ မဆိုဘဲ သူ့ကိုလိုက်ကြည့်နေသော အသံတိတ် မျက်ဝန်းတို့ကို မြင်ယောင်နေမိသည်။

"သားရယ် ... သားလည်း သိပါတယ်၊ သူ စိတ်ချမ်းသာအောင် လုပ်နေရပေမယ့် သူ့ရောဂါက ကျွမ်းနေပြီဆိုတာ၊ သားကြောင့် မဟုတ်လည်း သူ သေရမှာပဲလေ သား၊ ဥပါဒါန်ကြောင့် ဥပါဒ်မရောက်စေနဲ့ ဆောင်း"

ဒေါ်စောသန္တာသည် စာရွက်လေးကို တစ်ချက်ကြည့်ရင်း ပြောလိုက်သည်။

"အား ဟား ဟား ... အရုပ်လေး ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ အသက်အန္တရာယ်ရှိနိုင်တယ်ဆိုတာ သူသိသိနဲ့၊ သားရဲ့ကျန်တဲ့သက်တမ်းတစ်လျှောက်လုံး ဘယ်လိုနေရမလဲ မာမီ၊ ဒီအရိပ်က သားကို အမြဲခြောက်လှန့်နေတော့မှာ"

ဒေါ်စောသန္တာသည် သားပခုံးလေးကို ဖက်ထားလိုက်သည်။ အခုအချိန်မှာတော့ သူမ ဘယ်လိုတရားချချ ဆောင်းနားဝင်မည်မဟုတ်ပါ။ ကံဆိုးလှသော အရုပ်လေး ကောင်းရာမွန်ရာ ဘုံဘဝ ရောက်ပါစေလို့ သူမ ဆုတောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



❀ ၃၂ ❀

"အရုပ်လေးကို ဆေးတိုက်ပြီးပြီလား သဒ္ဒါ"

သမီးလေးရင်ဘတ်ပေါ်သို့ ငွမ်းအပါးစစောင်လေးကိုခေါက်ပြီး မိုးသဒ္ဒါ တင်နေတုန်း ဆောင်းညက အနားလာကာ ပြောလိုက်သည်။

"တိုက်ပြီးပြီလေ ည၊ ကိုယ့်ဘာသာကိုယ် စိတ်ဖြောင့်ဖြောင့်နဲ့ ဆေးရုံသွားပါ၊ သဒ္ဒါက အချိန်ပြည့် အရုပ်လေးနားမှာ ရှိနေမှာပါ"





ဆောင်းညသည် အရုပ်လေး၏နဖူးလေးကို ခပ်ဖွဖွလေး နမ်းလိုက်သည်။

"ဒါဆို ကိုသွားပြီး သဒ္ဒါ"

သူ ခပ်တိုးတိုးပြောပြီး သဒ္ဒါ့ပါးပြင်လေးကို ခပ်ဖွဖွနမ်းရင်း နှုတ်ဆက်လိုက်သည်။ မိုးသဒ္ဒါသည် သူမကိုလက်ပြပြီး ကားမောင်းထွက်သွားသော ညကိုကြည့်ကာ ကျန်ခဲ့သည်။

မိုးသဒ္ဒါသည် cradle ထဲမှ သမီးလေးကို ငုံ့ကြည့်နေမိသည်။ လောကကြီးက ဆန်းကြယ်သည်။ မေသဲအိမ် ဆုံးသွားပြီး တစ်နှစ်အကြာမှာ သူမနှင့်ည လက်ထပ်ဖြစ်ကြသည်။ သမီးလေးကို အိမ်ထောင်သက် တစ်နှစ်နဲ့ခြောက်လမှာ မွေးဖွားခဲ့သည်။

သမီးလေးကို ကိုယ်ဝန်ဆောင်တုန်းက သူမရော ညပါ မေသဲအိမ်ကို အိပ်မက်မက်ကြသည်။ "ဆောင်းနဲ့လာနေချင်လို့ နေပါရစေ"လို့ အိပ်မက်ထဲမှာ မေသဲအိမ်က ငိုပြီးပြောသည်။ ညက သမီးလေးမွေးလာတော့ မေသဲအိမ်နဲ့ မျက်နှာချင်း တော်တော်ဆင်တာမို့ အိပ်မက်မှန်သည်ဟု ယူဆကာ "အရုပ်လေး"လို့ နာမည်ပေးထားသည်။

သမီးလေးက မွေးရာပါ နှလုံးအားနည်းတဲ့ရောဂါ ပါလာတာမို့ သူမတို့ယုံကြည်မှု ပိုခိုင်မာလာပါသည်။ သမီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေမျက်နှာကို မြင်လိုက်တာနှင့် ခိုးခိုးခစ်ခစ်ရယ်သည်။ တစ်ခါတလေ သူ့လက်ကလေးနှင့် အဖေ့မျက်နှာကို ကိုင်ကိုင်ကြည့်တတ်သေးသည်။

သနားစရာကောင်းလှသော မေသဲအိမ် ဝင်စားသည်ယူဆရသော သမီးလေး ချစ်သဲအိမ်ကို သူမတို့လင်မယား၏ နွေးထွေးမှု၊ ချစ်ခင်ယုယမှု၊ ဂရုစိုက်မှုတွေ အပြည့်အဝကြီးပုံပေးနေပါသည်။ ချစ်သမီးလေးအတွက် တောင်းဆုခြွေကဗျာလေး ရွတ်ဆိုရင်းနဲ့ပေါ့ ...။

မေတ္တာတွေနဲ့လွှမ်းခြုံ
သံယောဇဉ်နဲ့ အုပ်မိုး
ကရုဏာတွေနဲ့ ဖွဲ့စည်းထားတဲ့
နွေးထွေးတဲ့ကမ္ဘာသစ်မှာ
ချစ်သမီးလေး အမောတွေပြေလို့
ပျော်ရွှင်မှုတွေကို ပွေ့ပိုက်ရင်း
ဖေဖေမေမေတို့နဲ့
အတူလျှောက်လှမ်းနိုင်ပါစေ ...။

အသင်

၂၂-၆-၂၀၁၁

BURMESE CLASSIC .com

www.burmeseclassic.com